မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၂၅၀)

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။

**ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့**

ဖိလစ်ပိုင်သမ္မတထံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို(၃) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရုရှားသမ္မတထံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမီယာ၊ ဗွီ၊ ပူတင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရုရှားဝန်ကြီးချုပ်ထံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ၊ အေ၊ မက်ဒ်ဗီဒက်ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်းနှစ်နိုင်ငံ ရေတပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၁၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ် Admiral Surasak Rounroengrom ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ ရေတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံရေတပ်မတော်နှစ်ရပ်အကြား Navy to Navy Talk ပြုလုပ်ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ အပြန်အလှန် အကြံဉာဏ်များဖလှယ်ပြီး လေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံရေပိုင်နက်အတွင်း လုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်ရေတပ်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး(ရေ)တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီးယူမှ ငွေကြေးဖြင့် ရန်ကုန်မြို့တော်အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်အမှိုက်များစီမံမှုပြုလုပ်မည်

ရန်ကုန်မြို့ကို နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိစေရန် နယ်ပယ်ကဏ္ဍစုံ၌ ကြိုးစားပြုပြင်တည်ဆောက်မှုများ၊ စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် တဖြည်းဖြည်းနှင့် လူနေထိုင်မှု များပြားလာပြီး လူဦးရေ ထူထပ်လာမှုကြောင့် စွန့်ပစ်အမှိုက်များလည်း တိုးမြင့်ထွက်ရှိလာရာ ယင်းစွန့်ပစ်အမှိုက်များကို စနစ်တကျစီမံမှုပြုလုပ်ရန်လည်း လိုအပ်သည်။

**သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းစဉ်စတင်ခြင်း အခမ်းအနားတစ်ရပ်ကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးသန်းလွင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ရန်ကုန်မြို့တော်အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် အဲဒီစီမံကိန်းဟာ အီးယူက ထောက်ပံ့မယ့်ငွေကြေးနဲ့ အီတလီနိုင်ငံ တူရင်နိုမြို့တော် မြူနီစီပယ်၊ အီတလီနိုင်ငံ Ithaca တက္ကသိုလ်၊ မြန်မာနိုင်ငံ အခြေစိုက် CESV၊ WORLD AID အဖွဲ့အစည်းနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲမှုဆိုင်ရာ အဆိုပြု တင်ပြလွှာအကျဉ်းချုပ်အပေါ် ဥရောပသမဂ္ဂကက သဘောတူလက်ခံခဲ့သဖြင့် အသေးစိတ်လုပ်ငန်းစဉ် အဆိုပြုလွှာကို ဆက်လက်တင်ပြခဲ့ရာမှ ယခုကဲ့သို့ အကောင်အထည်ဖော်ရန် စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ဖို့လုပ်ငန်းစဉ် ***စာမျက်နှာ ၃ ကော်လံ ၄*** ▲

ယနေ့ မာတိကာ

အီးယူနဲ့ ရုရှားဆက်ဆံရေး အရှိန်မြှင့်တင် စာ - ၅

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အများပြည်သူဝန်ဆောင်မှုမီဒီယာ(၁) (ဆောင်းပါး) စာ - ၆

ကွန်ဒိုမီနီယံမြေအောက်ခန်း ရေဝင်၍ ကားရေမြုပ် စာ - ၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ထာဝရငြိမ်းချမ်းရေးသမိုင်းမှတ်တိုင် စိုက်ထူမည်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်သည့်အချိန်မှစပြီး နိုင်ငံငြိမ်းချမ်းရေးရရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး နယ်စပ်ဒေသတွင် နှစ်ပေါင်းများစွာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရန်အတွက် လက်နက်ကိုင်အဖွဲ့အသီးသီးနှင့် ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ပေသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့်အတူ အပစ်အခတ်ရပ်စဲရေးနှင့် ရှေ့ဆက်နိုင်ငံရေးညှိနှိုင်းဆွေးနွေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အောင်မြင်မှု ရလဒ်များလည်း ရရှိနေပြီဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးသည် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ရှိ ဦးယွက်စစ်နှင့် အဖွဲ့ဝင်များကို ဇွန် ၁၀ ရက်နေ့က နေပြည်တော်ရှိ တောင်သူပညာပေး ဧက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတကြီးက "နှစ်ပေါင်းကြာရှည်ခဲ့ပြီဖြစ်သည့် တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခကို မိမိတို့လက်ထက်တွင် အဆုံးသတ်ပြီး မိမိတို့သားသမီးများလက်သို့ ငြိမ်းချမ်းသော အမွေကိုသာ လွှဲပြောင်းပေးခဲ့လိုပါကြောင်း၊ ယခုအခါ တစ်ပြည်လုံးငြိမ်းချမ်းရေးသည် လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း...." ပြောကြားခဲ့သည်။

တိုင်းပြည်မှ ခွဲမထွက်ရန် ရာသက်ပန် ဥမကွဲ သိုက်မပျက် အတူနေထိုင်လိုသည့်စိတ်တို့ဖြင့် တူညီသည်များကို လက်တွဲပူးပေါင်းဆောင်ရွက်ပြီး မတူညီသည်များကို စိတ်ရှည်သည်းခံသွား၍ အချိန်ယူ ဆွေးနွေးအဖြေရှာကြခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ အနိုင်အရှုံး အဆုံးအဖြတ်ရယူခြင်းထက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံအတွက်အကျိုးအမြတ်ရရှိစေပြီး တိုင်းရင်းသားပြည်သူအားလုံး မျှတစွာ အကျိုးခံစားကြရမည် ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံစဉ် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ရှိ ဦးယွက်စစ်က "သမ္မတကြီး၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုများ အောင်မြင်စေရန်အတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်လိုပါကြောင်း၊ သမ္မတကြီး၏ပြောကြားချက်များကြောင့် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များ ရှင်သန်လာပါကြောင်း၊ မိမိတို့အနေဖြင့် လက်နက်ကိုင်တိုက်ပွဲများဆင်နွှဲနေရခြင်းသည် ပြည်ထောင်စုကြီးမှ ခွဲထွက်ရန်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်သောပြည်ထောင်စု တည်ဆောက်ရန် တိုင်းရင်းသားများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရန်၊ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရန်နှင့် ပြည်သူ အားလုံး လက်တွဲပါဝင်ဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း" ပြောကြားခဲ့သည်။

တိုင်းပြည်ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တနေသည့် ထာဝရတည်ငြိမ်အေးချမ်းသာယာရေးအတွက် ယုံကြည်မှု၊ နားလည်မှု၊ သံသယစိတ်များဖြေဖျောက်၍ ငြိမ်းချမ်းရေးကို မေတ္တာတရားနှင့် အခြေခံပြီး တည်ဆောက်ကြ မည်ဆိုပါက လက်တစ်ကမ်းအကွာကို ရောက်ရှိနေပြီဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးကို လက်လွှတ်မခံဘဲ အမိအရဆုပ်ကိုင်ပြီး ထာဝရငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးသမိုင်းမှတ်တိုင်တစ်ခုကို တည်ဆောက်နိုင်တော့မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်၍ ပြည်တွင်း ပြည်ပ ရောင်းချမည်

ရန်ကုန် ဇွန် ၁၁

The Signing Ceremony of The Joint Venture Agreement For The Establishment of Prime Metal Co.,Ltd. အခမ်းအနားကို ဇွန် ၈ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပရာ Asia Metal Company Limited Managing Director ဦးရန်ဟော်နှင့် Myanmar Hyosung Co.,Ltd. Managing Director Mr. Yoon Hun Sup တို့က ဖက်စပ် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကာ လဲလှယ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက Prime Metal Co.,Ltd. သည် အရှေ့တောင်အာရှ၌ ပထမဆုံး High Frequency Electric Resistance Welding နည်းပညာဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး Steel Structure များဖြစ်သော H-Beam နှင့် Pipe များထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပနိုင်ငံများကိုပါ ဖြန့်ဖြူးရောင်းချသွားမည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့စက်ရုံ ပေါ်ပေါက်လာသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မည့် သံထည်ပစ္စည်းများသည် ပြည်ပမှ ဝယ်ယူတင်သွင်း သုံးစွဲနေရသောကြောင့် မိမိတို့၏ နိုင်ငံခြားသုံးငွေ သက်သာစေသည့် သွင်းကုန်အစားထိုးလုပ်ငန်းတစ်ရပ်လည်း ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဝင်ရောက်လုပ်ကိုင်သော Prime Metal Co.,Ltd.၏ စက်ရုံကြီး ဖြစ်ထွန်းမှုကို ဝမ်းမြောက်ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

ဖြန့်ဖြူးရောင်းချ

Prime Metal Co.,Ltd. စက်ရုံသည် မင်္ဂလာဒုံစက်မှုဇုန်အပိုင်း ၁ တွင်တည်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံးဆိုင်ရာ Welded H-Beam, I-Beam, Welded Pipe ပစ္စည်းများထုတ်လုပ်၍ ပြည်တွင်း ပြည်ပသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၉ ရက် နံနက် ၉ နာရီက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ကျင်းပသည့် World Class Urban Lifestyle Occasion of the Signing & Launching Ceremony for the Kabar Aye Executive Residence အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

Kabar Aye Executive Residence ကို ကမ္ဘာအေးစေတီလမ်း၌ Living Square Co., Ltd. က ဆောက်လုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းဖြင့် မြို့ကို အရုပ်ဆိုးအကျည်းတန်စေ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့သည် မြန်မာနိုင်ငံ၏ အနောက်မြောက်မြို့တော်ဖြစ်သကဲ့သို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်း အသီးသီးတို့၏ရုံးစိုက်ရာ မြို့တော်လည်းဖြစ်သည်။ မြို့တော်အင်္ဂါရပ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးစည်ကားလှသောရောင်းသူ၊ ဝယ်သူများ၊ နိုင်ငံခြားခရီးသွားများဖြင့် အဆက်မပြတ် သက်ဝင်လှုပ်ရှားနေသော မြို့တော်ဖြစ်ပါသည်။

အများအမြင်လည်း မတင့်တယ်၊ နိုင်ငံခြားသားခရီးသွားများ မြင်တွေ့သွားပါက အထင်သေး၊ အမြင်သေးနှင့် မြို့တော်၏ဂုဏ်သိက္ခာကို ထိခိုက်စေသော ဖြစ်ရပ်တစ်ခု ရှိနေပါသည်။ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းမှ စက်လှေဖြင့်ကူးသော ကူးတို့ဆိပ်၏ ထိပ်အတက်အဆင်းလမ်း၏ ဝဲဘက်၊ ယာဘက်တွင် အမှိုက်ပုံကြီးများသည် ချင်းတွင်းမြစ်ရေတက်အလာကို စောင့်ကြိုနေသယောင်ပင် ဖြစ်နေပါသည်။

ယင်းအမှိုက်များ ချင်းတွင်းမြစ်ရေနှင့်အတူ မျောပါသွားသည့်တိုင် ချင်းတွင်းမြစ်ရေကို အားကိုး၍ သောက်သုံးနေကြရသည့် ချင်းတွင်းမြစ်ကမ်းနားတစ်လျှောက်တွင် နေထိုင်ကြသော လူပေါင်းများစွာအတွက် ညစ်ညမ်း၍ မသန့်ရှင်းသောကြောင့် အလွန်ပင် အန္တရာယ်များလှသည်ဟု စာရေးသူယုံကြည်မိပါသည်။ အခြားသောအကျိုးဆက်များလည်း ရှိနေပြန်ပါသည်။

ယင်းအမှိုက်များကြောင့် ရေကြောင်း ပြောင်းလဲသွားနိုင်ပြီး သောင်ထွန်းခြင်းများ ဖြစ်စေသကဲ့သို့ ရေသတ္တဝါများအတွက်လည်း အဆိပ်သင့်ရေများ ဖြစ်စေနိုင်ပါသည်။

ထိုနည်းတူစွာ ညောင်ပင်ကြီး ဘက်ကမ်းအတက်တွင်လည်း အမှိုက်ပုံများသည် လူမြင်မကောင်းသကဲ့သို့ အနံ့အသက်များကို ရှူရှိုက်ကာ သွားလာနေကြရသည်။

မုံရွာဘက်သို့ အမြဲတမ်းသွားလာနေသော ခရီးသည်တစ်ဦးက "အမှိုက်တွေ မြစ်အတွင်း မပစ်ကြဖို့ သက်ဆိုင်ရာ လူကြီးတွေက ပြောဆိုထားပေမယ့်လည်း လိုက်နာခြင်းမရှိပါဘူး။ အမိန့်ရ အမှိုက်ကျင်းလိုသဘောထားလေသလား မသိပါဘူးဗျာ" ဟု စာရေးသူကို ပြောပြသည်။

ထင်သာမြင်သာ ပြုပြင်စရာ

"သက်ဆိုင်ရာ တာဝန်ရှိသူတွေ အနေနဲ့ အခုလို မြစ်ကမ်းနဖူးမှာ စည်းကမ်းမဲ့စွာ အမှိုက်တွေစွန့်ပစ်နေတာတွေကို ထိရောက်စွာ အရေးယူဆောင်ရွက်ပေးနိုင်ရင် သွားလာနေကြတဲ့ ရဟန်းရှင်လူ ပြည်သူအများ မျက်စိအမြင်တင့်တယ်ပြီး မကောင်းတဲ့ အနံ့အသက်တွေ ရှူရှိုက်မိလို့ရမယ့် ရောဂါတွေကနေ ကင်းဝေးစေမှာ ဖြစ်ပါတယ်" ဟု ထိုခရီးသွား ပြည်သူတစ်ဦးကပင် ထပ်မံပြောကြားခဲ့သည်။

ယင်းအမှိုက်ပုံများကို ရှင်းလင်းပေးခြင်းဖြင့် မြို့တော်၏ ဂုဏ်ကျက်သရေတိုးတက်နိုင်ပါစေကြောင်း တစေ့တစောင်း တင်ပြရေးသားလိုက်ရပါသည်။

ဦးငယ်(ဆားလင်းကြီး)

အသက်ကယ်ဝတ်စုံ ဆောင်ထားကြရန် နှိုးဆော်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်၍ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်/ချောင်းကမ်းဘေးများတွင်နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီး ရေလျှံမှုကြောင့် ရေနစ်မြုပ်မှုဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်/ချောင်းများတွင် သွားလာနေသောရေယာဉ်များလည်း ရေယာဉ်နစ်မြုပ်မှု ကြုံတွေ့နိုင်သဖြင့် အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) လုံလောက်စွာဆောင်ထားကြပါရန်နှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

အမြို့မြို့အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပဋိပက္ခဒေသများတွင် တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ဆွေးနွေး

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ဗြိတိန်အစိုးရ၏ Stabilisation Unit မှ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အကြီးတန်းအရာရှိ Mr. Roy Fleming OBE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တရားဥပဒေစိုးမိုးရေးအတွက် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၏တာဝန်ရှိမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ အခြေခံမူများနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်၏ ရပ်တည်လုပ်ဆောင်မှုများနှင့် ပဋိပက္ခဒေသများတွင် တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Admiral Surasak Rounroengrom အား လက်ခံတွေ့ဆုံသည်။

အပြန်အလှန်ပေးအပ်

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ ရေတပ်ပူးပေါင်းရေး ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၁၁

မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် မဟာသီဟသူရသည် **(ယာပုံ)** နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အစီအစဉ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ဇွန် ၆ ရက် ညနေ ၃ နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် ကျောက်ဖြူမြို့မှ စတင်ထွက်ခွာခဲ့ရာ ဇွန် ၁၀ ရက် နံနက် ၈ နာရီ မိနစ် ၃၀ တွင် ပြန်လည်ရောက်ရှိခဲ့သည်။

စစ်ရေယာဉ်- မဟာသီဟသူရမှ အရာရှိ စစ်သည်များသည် ဇွန် ၇ ရက်မှ ၉ ရက်အတွင်း စစ်တကောင်းရေတပ်စခန်းဌာနချုပ်နှင့် ဘင်္ဂလားဒေ့ရှ်ရေတပ်စစ်တက္ကသိုလ်၊ ရေတပ်လေ့ကျင့်ရေးကျောင်းများသို့ သွားရောက်လေ့လာခြင်း၊ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်ရေတပ် စစ်တကောင်း ရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့်အရာရှိကြီးများ၊ အရာရှိစစ်သည်များ၊ ဘင်္ဂလားဒေ့ရှ်ရေတပ် စစ်တက္ကသိုလ်မှ ဗိုလ်လောင်းများ၊ ဘင်္ဂလားဒေ့ရှ် (ကြည်း) တပ်မှအရာရှိများ၊ ပုဂ္ဂလိကကျောင်းနှင့် ကောလိပ်မှကျောင်းသား ကျောင်းသူများက စစ်ရေယာဉ် မဟာသီဟသူရသို့ လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ရှေ့ဖုံးမှ*

သုံးရပ်နဲ့ဆောင်ရွက်သွားမယ်။ ပထမလုပ်ငန်းစဉ်အနေနဲ့ ဥပဒေ၊ နည်းဥပဒေ ရေးဆွဲရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနဲ့ အီတလီနိုင်ငံ တိုရီနိုမြို့တော် မြူနီစီပယ်တို့ အမှိုက်သိမ်းဆည်းခြင်းဆိုင်ရာ လေ့လာရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ရန်၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအပေါ် JICA မှ စစ်တမ်းရယူပြုစုထားတဲ့ ကိန်းဂဏန်းတွေကို အခြေခံပြီး ရေတိုစီမံချက်တွေ ရေးဆွဲဖို့ဖြစ်ပါတယ်” ဟု ဌာနမှူး ဦးသန်းလွင်ဦးက ပြောကြားသည်။

ဆက်လက်ပြီး ဒုတိယလုပ်ငန်းစဉ်အဖြစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲမှုဆိုင်ရာ ကိန်းဂဏန်းများ စနစ်တကျဖြစ်စေရေးနှင့် စွမ်းဆောင်ရည်မြင့်မားစေရန် ပူးပေါင်းဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံးချုပ်မှ မြေပြင်ရှိ မြို့နယ်အသီးသီးသို့ တိုက်ရိုက်စီမံခန့်ခွဲနိုင်ရေးအတွက် စီစဉ်ရန်၊ ကိန်းဂဏန်းများရရှိရေးအတွက် ဂျီပီအက်စ်များသုံးပြီး စစ်တမ်းကောက်ယူရန်နှင့် ပြည်တွင်းသင်တန်းများအတွက် အီတလီနိုင်ငံ lthaca တက္ကသိုလ်မှ ပညာရှင်များ လာရောက်သင်တန်းပေးရန်တို့ဖြစ်သည်။

“တတိယ လုပ်ငန်းစဉ်အနေနဲ့ကတော့ ပြည်သူနဲ့ ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် မြှင့်တင်ဖို့နဲ့ စက်မှုဇုန်ထွက်အမှိုက်တွေကို အသေးစိတ်လေ့လာပြီး ခွဲခြားစိတ်ဖြာတဲ့ လုပ်ငန်းစောင့်ကြည့်ရေး လေ့လာမှုဆောင်ရွက်ရန်၊ Reuse၊ Reduce၊ Recycle လုပ်ငန်းစဉ် တစ်ခုလုံး တိုးချဲ့မြှင့်တင်ဆောင်ရွက်ဖို့ ပြည်သူအခြေပြုလုပ်ငန်းတွေနဲ့ စာသင်ကျောင်းတွေကို အခြေခံပြီး စည်းရုံးပညာပေးဆွေးနွေးခြင်း လုပ်ငန်းတွေ မြှင့်တင်ပြန့်ပွားစေဖို့နဲ့ အမှိုက်က ထွက်ရှိလာတဲ့ သဘာဝမြေဆွေးတွေကို တွင်ကျယ်အသုံးပြုရောင်းချနိုင်ရေးစတဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်”ဟု ဌာနမှူး ဦးသန်းလွင်ဦးက ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း လောလောဆယ်တွင် လှိုင်သာယာ၊ သဃ်န်းကျွန်းနှင့် တာမွေမြို့နယ်တို့၌ အဆိုပါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲမှုလုပ်ငန်းများကို လက်တွေ့ကွင်းဆင်းလုပ်ကိုင်တော့မည် ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့တော်ကြီးအား သန့်ရှင်းသပ်ရပ်ကာ စွန့်ပစ်အမှိုက်များကို စနစ်တကျစီမံခန့်ခွဲမှုဖြင့် နိုင်ငံတကာအဆင့်မီ မြို့ကြီးအဖြစ် ရောက်ရှိအောင် ကြိုးစားနေပြီ ဖြစ်ပါသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ်ဒယ်လ် ရိုစာရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်များကိုစိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးအောင်တင်ပါ ၁၆ ဦးတို့က လျှောက်ထားသည့် ကယားလူမျိုးစုဒီမိုကရေစီပါတီ တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၃ ခုနှစ် ဇွန် ၁၁ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိတ်မြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ လွှင့်စက်ချွတ်ယွင်းမှု အခြေအနေအသိပေး

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် 250 Wလွှင့်အားဖြင့် ထုတ်လွှင့်ပေးနေသော လွှင့်စက်မှာ (၁၀- ၆- ၂၀၁၃)ရက်နေ့ နံနက် ၀၈း၀၀ နာရီ အချိန်မှစ၍ လွှင့်စက်ချွတ်ယွင်းမှုကြောင့် လွှင့်အားအပြည့်မထွက်ရှိတော့ပါကြောင်းနှင့် ယခုအခါလွှင့်အား (10W)ဖြင့်သာ ထုတ်လွှင့်လျက်ရှိပါသည်။ ယင်းသို့လွှင့်အားလျော့နည်း ထုတ်လွှင့်ထားသည့်ကာလအတွင်း ယခင်က ဖမ်းယူရရှိနေသော စက်ရုံနှင့် ဝေးကွာသည့်နေရာများမှ ရုပ်/သံ ကြည်လင်ပြတ်သားမှုရှိတော့မည်မဟုတ်ပါကြောင်းနှင့်လွှင့်အား အပြည့်ပြန်လည်ထုတ်လွှင့်နိုင်ရေးအတွက် လွှင့်စက်ကိုအမြန်ဆုံး ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း မိဘပြည်သူများအား အသိပေးတင်ပြအပ်ပါသည်။

(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

နိုင်ငံတကာသတင်း

ကန်ထောက်လှမ်းရေးသတင်းများ ပေါက်ကြားစေသူ ဟောင်ကောင်တွင် ပျောက်ဆုံးနေဟုဆို

ဟောင်ကောင် ဇွန် ၁၁

အမေရိကန်ထိပ်တန်းလျှို့ဝှက်သတင်းများ ဖုန်းနှင့် အင်တာနက်တို့မှတစ်ဆင့် အသေးစိတ်ပေါက်ကြားခဲ့သူ အမေရိကန်စီအိုင်အေ ထောက်လှမ်းရေးဝန်ထမ်းဟောင်း မစ္စတာ အက်ဒဝပ်ရှိုးဒန်းသည် ဟောင်ကောင်ရှိ ၎င်း၏ဟိုတယ်အခန်းမှ ပျောက်နေကြောင်း ဇွန် ၁၁ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက် ၂၉ နှစ်ရှိ မစ္စတာ အက်ဒဝပ်ရှိုးဒန်းသည် ဇွန် ၁၀ ရက်က ၎င်း၏ဟိုတယ်မှ စာရင်းရှင်း



ထွက်ခွာသွားကြောင်း၊ သို့သော် ၎င်းသည် ဟောင်ကောင်တွင်ရှိနေဆဲ ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ မည်သည့်နေရာတွင်ရှိမည်ကို မသိရကြောင်း သတင်းတွင် ဖော်ပြသည်။ ပြည်သူများအား ဖိနှိပ်ခြင်းမှ လွတ်မြောက်အောင် ကူညီပေးရန်သူ့တွင် တာဝန်ရှိကြောင်း စောစောပိုင်းတွင် ၎င်းပုဂ္ဂိုလ်က ပြောသည်။

ပြောကြား

အမေရိကန် အေဂျင်စီများ အနေဖြင့် သန်းနှင့်ချီသော ဖုန်းမှတ်တမ်းများနှင့် အင်တာနက်အချက်အလက်များကို စုဆောင်းနိုင်ခဲ့ကြောင်း လွန်ခဲ့သော သီတင်းပတ်က သတင်းများထွက်ပေါ်ခဲ့သည်။ ယင်းကိစ္စသည် မှုခင်းရေးရာကိစ္စတစ်ရပ်အဖြစ် တရားရေးဦးစီးဌာနသို့ ရည်ညွှန်းပြောဆိုခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အမျိုးသားထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(ဘီဘီစီ)**

မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုလုံးဝလက်မခံနိုင် အမေရိကန်သံရုံးယာယီတာဝန်ခံကို ဆင့်ခေါ်သတိပေး

အစ္စလာမ္မာဘတ် ဇွန် ၁၁

အမေရိကန်တို့အနေဖြင့် ပါကစ္စတန်နိုင်ငံအတွင်း မောင်းသူမဲ့လေယာဉ်များသုံးပြီး တိုက်ခိုက်နေခြင်းသည် နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖောက်ရာရောက်၍ စိုးရိမ်ပူပန်မိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်နာဝပ်ရှရစ်က ပြောကြားလိုက်သည်။

မိမိအစိုးရသစ်ကို တာဝန်ယူစဉ်အတွင်း မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကို မည်သို့မျှလက်မခံနိုင်ကြောင်း၊ ယင်းအတွက် စိုးရိမ်ပူပန်နေမိကြောင်း ၎င်းက ပထမဆုံး အစိုးရသစ်ဝန်ကြီး အစည်းအဝေး ပြုလုပ်စဉ် ဇွန် ၁၀ ရက်က ပြောကြားလိုက်သည်။ ၎င်း၏အစိုးရအနေဖြင့် အဆိုပါမောင်းသူမဲ့ လေယာဉ်များ တိုက်ခိုက်မှုကို တုံ့ပြန်သွားရန် အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ရှရစ်က ပြောသည်။

အမေရိကန်မောင်းသူမဲ့ လေယာဉ်များသည် ပါကစ္စတန်မြောက်ဝါဇီရစ္စတန်လူမျိုးစုဒေသတွင် ဇွန် ၇ ရက်ညက တိုက်ခိုက်ခဲ့ပြီးနောက် အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုသည် မစ္စတာရှရစ်ဝန်ကြီးချုပ်ဖြစ်လာပြီး နှစ်ရက်အကြာတွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

မစ္စတာ နာဝပ်ရှရစ်အစိုးရက မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှုကို ဆန့်ကျင်သည့်အနေဖြင့် အမေရိကန်သံရုံး ယာယီတာဝန်ခံကို ဇွန် ၈ ရက်တွင် ဆင့်ခေါ်သတိပေးလိုက်သည်။ အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကို ချက်ချင်းရပ်တန့်ရန် ပါကစ္စတန်ဝန်ကြီးချုပ်က ဇွန် ၅ ရက် အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်များသည် အာဖဂန်နစ္စတန်နှင့် အိမ်နီးချင်းနိုင်ငံများတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့များအား ခြိမ်းခြောက်နေသော တာလီဘန်တို့ကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း အမေရိကန်က ပြောသည်။

သို့သော်လည်း ယင်းတိုက်ခိုက်မှုကြောင့် ပါကစ္စတန်အရပ်သားအများစုသာ သေဆုံးနေရသည်ဟုဆိုသည်။ ပါကစ္စတန်တွင် အမေရိကန်တို့၏မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကြောင့် ၂၀၀၄ ခုနှစ် နောက်ပိုင်း လူပေါင်း ၃၆၀၃ ဦး သေဆုံးသွားပြီဖြစ်ကြောင်း လန်ဒန်အခြေစိုက်သတင်းထောက်အခြေပြု စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စာရင်းဇယားများတွင် ဖော်ပြသည်။ သေဆုံးသည့်အရပ်သားများတွင် အမျိုးသမီးများနှင့်ကလေးများ ပါဝင်သည်။ အမေရိကန်က ယင်းကဲ့သို့ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်နှင့်အမေရိကန်တို့အကြား ဆက်ဆံရေးသည်လည်း တင်းမာလာပြီး ပါကစ္စတန်တာဝန်ရှိသူများအနေဖြင့် အမေရိကန်အစိုးရသို့ မကြာခဏအပြစ်ပြောဆိုလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

တစ်ရက်အတွင်းတိုက်ခိုက်မှု အီရတ် ၇၀ သေ

ဘဂ္ဂဒက် ဇွန် ၁၁

အနည်းဆုံး လူဦးရေ ၇၀ သေဆုံးပြီး ၁၉၁ ဦး ဒဏ်ရာရရှိခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများ အီရတ်နိုင်ငံတစ်ဝန်း ဇွန် ၁၀ ရက်က ဖြစ်ပွားခဲ့ကြောင်း အီရတ်နိုင်ငံရဲတပ်ဖွဲ့ဝင်များက ပြောကြားလိုက်သည်။

မြို့တော် ဘဂ္ဂဒက်၏အနောက်တောင်ဘက် ကီလိုမီတာ ၄၀၀ အကွာ၌ ၎င်းနေ့ ညနေပိုင်းကကားဗုံးဖောက်ခွဲမှုလေးကြိမ် ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၅ ဦး သေဆုံးပြီး ၈၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့ဝင်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကားဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် အီရတ်နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများအကြားပဋိပက္ခတိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်ဟု သိရသည်။ အီရတ်နိုင်ငံတွင် ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲများကြောင့် သတ်ဖြတ်မှုများ လွှမ်းမိုးနေချိန် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်၌ အကြမ်းဖက်မှုများ အများဆုံးဖြစ်ပြီး ယခုအခါ ထူးထူးခြားခြား လျော့နည်းနေသည်ဟုဆိုရသော်လည်း အီရတ်နိုင်ငံ မြို့ကြီးများ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။ **(ဆင်ဟွာ)**

စပျစ်သီးမှချက်သောအရက် သောက်မိရာမှ နှစ်ဦးသေဆုံးပြီး နှစ်ဦးစိုးရိမ်ဖွယ်ရာဖြစ်

ဝါရှင်တန် ဇွန် ၁၁

အိမ်တွင်ချက်သောအရက်ကို သောက်သုံးမိရာမှ လူနှစ်ဦးသေဆုံးခဲ့ ပြီး နှစ်ဦးမှာ စိုးရိမ်ရသောအခြေအနေဖြင့် ဆေးရုံတင်ထားရသော ဖြစ်ရပ်တစ်ခု ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ ဖြစ်ပွားခဲ့ကြောင်း ဇွန် ၁၁ ရက်က ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

သောက်သုံးခဲ့

ဒေသခံများ၏ ပြောကြားချက်အရ အဆိုပါအုပ်စုသည် စပျစ်သီးဖြင့် ချက်ထားသောအရက်ကို ကွင်းစလန်းပြည်နယ်အရှေ့တောင်ပိုင်းရှိ နေအိမ်တစ်အိမ်တွင် သောက်သုံးခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းဖြစ်စဉ်တွင် အသက် (၂၂) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးမှာ နေရာ၌ပင်ပွဲချင်းပြီး သေဆုံးကာ အသက် (၃၀) အရွယ်ရှိ အမျိုးသားတစ်ဦးမှာ ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ အသက် (၂၁) နှစ် နှင့် (၂၆) နှစ်ရှိ အခြားနှစ်ဦးမှာ ဆေးရုံတွင် စိုးရိမ်ရသော အခြေအနေရှိနေသည်ဟု သိရသည်။

အဆိုပါသေဆုံးမှုသည် ၎င်းအရက်တစ်ခုတည်းကြောင့် ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ရဲတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

အီဂျစ်အာဏာရှင်ဟောင်း မူဘာရက်အား ကိုင်ရိုမြို့ တရားရုံးတွင် ပြန်လည်ရုံးထုတ်စစ်ဆေး

ကိုင်ရို ဇွန် ၁၁

အီဂျစ်အာဏာရှင်ဟောင်း ဟော့စ်နီမူဘာရက်နှင့် ၎င်း၏သားများအား ၂၀၁၁ ခုနှစ်အတွင်းက လွတ်မြောက်ရေးလှုပ်ရှားမှုများတွင် ဆန့်ကျင်ဆန္ဒပြသူများအား အကြမ်းဖက်ဖြိုခွင်းမှုတွင် ပါဝင်ခဲ့မှုဖြင့် ဖမ်းဆီးထားစဉ် ကိုင်ရိုမြို့ရှိ တရားရုံးတစ်ရုံးက ပြန်လည်ရုံးထုတ်စစ်ဆေးနေပြီဖြစ်သည်။

တရားရင်ဆိုင်နေ

အဆိုပါအာဏာရှင်ဟောင်းအား တိုရာအကျဉ်းစခန်းဆေးရုံမှ စစ်ဘက်ရဟတ်ယာဉ်ဖြင့် ဇွန် ၁၁ ရက်တွင် ကိုင်ရိုမြို့တရားရုံးတစ်ရုံးသို့ ပြန်လည်ခေါ်ဆောင်လာခဲ့သည်။ မူဘာရက်၏ သားများဖြစ်သော ဂါမယ်နှင့် အလားတို့သည် ပြည်ထဲရေးဝန်ကြီးဟောင်း ဟာဘစ်အယ်လ်အက်ဒလေနှင့် အတူ တရားရင်ဆိုင်နေကြရသည်။

မူဘာရက်နှင့်ထိပ်တန်းတာဝန်ရှိသူများသည် ၂၀၁၁ ခုနှစ် အီဂျစ်တော်လှန်ရေးဆန္ဒပြစဉ်အတွင်း ရာနှင့်ချီသောဆန္ဒပြသူများအား သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲခံနေရသည်။ အာဏာရှင်ဟောင်းနှင့်သားနှစ်ဦးသည်လည်း အကျင့်ပျက်လာဘ်စားမှုများဖြင့် တရားစွဲဆိုခံနေရသည်။

၎င်းအာဏာရှင်ဟောင်းသည် ၂၀၁၂ ခုနှစ် ဇွန်လက ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ သို့သော်လည်း ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်အယူခံဝင်ခဲ့သဖြင့် ပြန်လည်စစ်ဆေးလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

ဖခင်အမည်မှန်

မနေစန်း ၁၂/ကခက(နိုင်) ဝ၆၃၂၅၇ ၏ ဖခင်အမည်မှန်မှာ ဦးကျော်အေး(ခ) ဦးကျော်ဟိုး ၁၂/ကခက(နိုင်)ဝ၂ဝ၂၅၃ ဖြစ်ပါသည်။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြင်းခြံ- စကားဝါမှ ဦးစိုးနိုင်-ဒေါ်မွေးမွေးတို့၏သမီး **မပိုးသီရိနိုင်** (မခ-၇၁၆)သည် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးနှင့် အောင်မြင်ပါသဖြင့် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးလွင်မင်းဇော်-ဒေါ်နှင်းနှင်းလွင်
သား-မောင်ဝေယံဟိန်းဦး
ပဲခူး-စကားဝါ

အီးယူနဲ့ ရုရှားဆက်ဆံရေး အရှိန်မြှင့်တင်

မောင်မဟာ

ရုရှားနဲ့အီးယူတို့ရဲ့ နယ်ပယ်ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေးအတွက် (၃၁)ကြိမ်မြောက် ရုရှား-အီးယူထိပ်သီးအစည်းအဝေးကို ရုရှားနိုင်ငံ ယီကာတာရင်ဘတ်မြို့မှာ မကြာမီက ကျင်းပတဲ့အခါ ရုရှားနဲ့အီးယူ ခေါင်းဆောင်တွေဟာ နယ်ပယ်ကဏ္ဍအချို့မှာ ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်ဖို့ သဘောတူညီခဲ့ကြပါတယ်။

အဲဒီဆွေးနွေးပွဲကို ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ဥရောပကောင်စီ ဥက္ကဋ္ဌ ဟာနန်ဗင်ရွမ်ပွိုင်နဲ့ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျို့စ်မန်နူရက်ဘာရိုဆိုတို့ တက်ရောက်ခဲ့ကြပြီး ဒေသတွင်းကိစ္စတွေရော ကမ္ဘာ့ရေးရာကိစ္စတွေပါ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါတယ်။

ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးနေမှုနဲ့ အချို့ဒေသတွေမှာ စီးပွားရေးကျဆင်းလာမှုတွေကို ရပ်တန့်နိုင်အောင်ကြိုးစားပြီး စီးပွားရေးပြန်လည်တိုးတက်စေမယ့် နည်းလမ်းတွေရှာဖွေဆောင်ရွက်ကြဖို့ သမ္မတပူတင်က တိုက်တွန်းဆော်ဩခဲ့ပါတယ်။

ဒါ့အပြင် ရုရှားနဲ့အီးယူတို့အနေနဲ့ ၂၀၁၂ ခုနှစ်က ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေတိုးတက်ခဲ့တာကို အခြေခံပြီး ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တွေမှာလည်း အရှိန်အဟုန်နဲ့ စဉ်ဆက်မပြတ်တိုးမြှင့်လုပ်ဆောင်သွားကြဖို့လည်း နီးနီးကပ်ကပ်နဲ့ ဆောင်ရွက်ကြဖို့ ဥရောပ ကောင်စီဥက္ကဋ္ဌ ဟာနန်ဗင်ရွမ်ပွိုင်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

နောက်ပြီး ရုရှား-အီးယူအကြား ဗီဇာကင်းလွတ်စွာ သွားလာနိုင်ရေးနဲ့ စွမ်းအင်ကဏ္ဍပူးပေါင်းလုပ်ဆောင်ရေးတွေအတွက်ပါ တက်တက်ကြွကြွနဲ့ လုပ်ကိုင်ကြဖို့အပြင် အဲဒီလိုလုပ်ကိုင်တဲ့အခါ စည်းကမ်းတကျနဲ့ လွတ်လွတ်လပ်လပ်လုပ်ဆောင်ဖို့ လိုအပ်တယ်လို့လည်း ဆိုနေပါတယ်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျို့စ်မန်နူရယ်ဘာရိုဆိုနဲ့ ရုရှားဝန်ကြီးချုပ် မက်ဗီဒက်ဗ်တို့ ပြီးခဲ့တဲ့ မတ်လကတွေ့ဆုံတဲ့အခါ လာမယ့်၂၀၅၀ ပြည့်နှစ်မတိုင်မီ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအတွက် ရုရှား- အီးယူ လမ်းပြမြေပုံဖော်ဆောင်ရေးအတွက် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။

ရုရှား-အီးယူအကြား ဗီဇာကင်းလွတ်စွာ သွားလာနိုင်ရေးအတွက် အချိန်ကာလတစ်ခုကို စောင့်ပြီး အကောင်အထည်ဖော်သွားဖို့အတွက်လည်း နှစ်ဖက်ကိုယ်စားလှယ်တွေ သဘောတူညီခဲ့ကြပြီး ဖြစ်ပါတယ်။ နည်းပညာဆိုင်ရာကိစ္စရပ်တွေ ပြုလုပ်ဖို့လည်း အချိန်ကာလတစ်ခုလိုအပ်နေတာတော့ အမှန်ပါပဲ။

ဒါ့အပြင် ဆီးရီးယားနိုင်ငံမှာ ဖြစ်ပွားနေတဲ့ မငြိမ်မသက်မှုတွေကို နိုင်ငံရေးအရ ဆွေးနွေးပွဲတွေ ပြုလုပ်ပြီး ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးကို ဦးတည်ဆောင်ရွက်ကြမှ ရပါလိမ့်မယ်ဆိုတဲ့ တူညီတဲ့ဆန္ဒကိုလည်း အတည်ပြုထုတ်ပြန်နိုင်ခဲ့ကြပါတယ်။

အမေရိကန်တို့အနေနဲ့ ဆီးရီးယားအကျပ်အတည်းကို ဖြေရှင်းရာမှာ ဝိုင်းဝန်းကူညီဆောင်ရွက်သင့်တယ်လို့ ဆိုထားတာမို့ ဆီးရီးယားကိစ္စကို ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ဆီးရီးယားအကျပ်အတည်းကိစ္စကို ရုရှား၊ ကုလသမဂ္ဂနဲ့ အခြားအဖွဲ့အစည်းတွေ၊ ကိုယ်စားလှယ်တွေက ဝိုင်းဝန်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အီးယူနဲ့ရုရှားတို့ကို သဘောထား ရပ်တည်ချက်ပေးဖို့ ခက်ခဲနေတာတော့ အမှန်ပါပဲ။

ငယ်ရွယ်စဉ် ငါးစားသုံးသည့်ကလေးများ အရွယ်ရောက်သည့်အခါ ယားနာဖြစ်ပွားမှုနည်း

ငယ်စဉ်ကာလက ငါးပုံမှန်စားသုံးရသော ကလေးငယ်သည် အသက် ၁၂ နှစ်အရွယ် ရောက်သည်အထိ ယားနာများဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်စွမ်းရှိသည်ဟု လေ့လာမှုတစ်ရပ်တွင် ဖော်ပြထားသည်။ ငယ်ရွယ်စဉ်က ငါးစားသုံးခဲ့ရမှုကြောင့် ကလေးများတွင် ဖြစ်တတ်လေ့ရှိသော နှင်းခူနာဖြစ်ပေါ်မှုကို ၂၂ ရာခိုင်နှုန်း လျော့နည်းစေပြီး ပန်းဝတ်မှုန်များနှင့်ဓာတ်မတည့်မှုကို ၂၀ ရာခိုင်နှုန်း လျော့ကျစေသည်ဟု ဆိုထားသည်။

ယူနိုက်တက်ကင်းဒမ်းတွင် ကလေးရှစ်ဦးလျှင် တစ်ဦး နှင်းခူနာရောဂါဖြစ်နိုင်ခြေရှိနေပြီး ကလေးငါးဦးတွင် တစ်ဦးသည် ဓာတ်မတည့်မှု ခံစားနေရသည်ဟု ဆိုသည်။ အဆိုပါနှစ်မျိုးကြောင့်ပင် ကလေးငယ်ကို ပန်းနာရင်ကျပ်ကဲ့သို့ နာတာရှည်ရောဂါအထိပါ ဆက်နွယ်သွားစေတတ်သည်။

ထို့ကြောင့် ဆွီဒင်နိုင်ငံရှိ ကာရိုလင်းစ်ကာသိပ္ပံကျောင်းမှ ကျွမ်းကျင်ပညာရှင်များသည် အသက် တစ်နှစ်၊ နှစ်နှစ်၊ လေးနှစ်၊ ရှစ်နှစ်နှင့် ၁၂ နှစ်အရွယ်ရှိ ကလေးငယ် ၃၂၈၅ ဦးတို့၏ နေ့စဉ်အစားအသောက်တို့နှင့် ပတ်သက်၍ သုတေသနပြုလေ့လာခဲ့ကြသည်။

အဆိုပါကလေးများတွင် ငါးစားသုံးမှုရှိသူ ကလေးများသည် လုံးဝမစားရသူ ကလေးငယ်များထက် ဓာတ်မတည့်ခြင်းဖြစ်ပေါ်မှု လျော့နည်းနေကြောင်း သိသိသာသာတွေ့ရှိရသည်ဟုဆိုသည်။ သို့သော် ယင်းလေ့လာမှုက မည်သည့်ငါးအမျိုးအစားကြောင့် အာနိသင်ရရှိသည်ကိုမူ တိတိကျကျ ရှင်းပြမထားချေ။

မည်သို့ပင်ဆိုစေကာမူ ၎င်းသုတေသီတို့၏ အဆိုအရ ကလေးငယ်အရွယ်၌ ငါးဟင်းကို တစ်လလျှင် အနည်းဆုံး နှစ်ကြိမ်ကျွေးပါက ယားနာဖြစ်ပွားခြင်းကို လျော့ကျစေနိုင်စွမ်းမှာ ၁၂ နှစ်သားအရွယ်အထိ အကျိုးဖြစ်စေကြောင်း သိရသည်။

နေခြည်-ရေးသားသည်

နိုင်ငံတကာသတင်း

နှစ်ပတ်ကြာသိမ်းပိုက်ထားသောရင်ပြင် တူရကီရဲဖြိုခွင်း

တူရကီအဓိကရဲဏ်းရဲတပ်ဖွဲ့က အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများ နှစ်ပတ်ကြာသိမ်းပိုက်ထားသည့် အစ္စတန်ဘူလ်မြို့ တက်ခ်ဆမ်ရင်ပြင်အတွင်း ဝင်ရောက်ဖြိုခွင်းလိုက်ပြီဖြစ်ကြောင်း ဇွန် ၁၁ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ရဲအရာရှိများက မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များနှင့်ပစ်ခတ်ခဲ့ရာ ဆန္ဒပြလူအုပ်ကြီးသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ အချို့သော တက်ကြွလှုပ်ရှားသူများက ရဲတပ်ဖွဲ့ဝင်များကို မီးကျည်များ၊ မီးဗုံးများနှင့် ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ ယင်းအဓိကရုဏ်းသည် ဂေးဇီဥယျာဉ် ဖျက်ဆီးမှုအပေါ် မကျေနပ်၍ ဆန္ဒပြရာမှ ရဲကဖြိုခွင်းစဉ် စတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ရဲတပ်ဖွဲ့က ဝင်ရောက်ဖြိုခွင်းနေစဉ်အတွင်း ဝန်ကြီးချုပ်အာဒိုဂန်အနေဖြင့် ဆန္ဒပြသူများနှင့် တွေ့ဆုံဆွေးနွေးရန် သဘောတူခဲ့သည်။

ကာတာဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်ရန် ပြင်ဆင်နေ

ပါရှန်ပင်လယ်ကွေ့နိုင်ငံ ကာတာတွင် အစိုးရအဖွဲ့ အဓိကခေါင်းဆောင်မှုပုံစံကို ပြောင်းလဲရန်ပြင်ဆင်နေကြောင်း အာရပ်နှင့် အနောက်နိုင်ငံသံတမန်များက ပြောကြားသည်ဟု ဇွန် ၁၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ကာတာဝန်ကြီးချုပ် ရှိတ်ဟာမက်ဘင်ဂျက်ဆင်အယ်လ်တာနီသည် ရာထူးမှဆင်းပေးရန် ပြင်ဆင်နေကြောင်း ဇွန် ၈ ရက်က ထိပ်တန်းအစိုးရတာဝန်ရှိသူများက ပြောကြားသည်။ ၎င်းသည် ကာတာနိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ကာတာဝန်ကြီးချုပ်၏ နုတ်ထွက်မှုသည် ကြီးမားသောအပြောင်းအလဲဖြစ်လိမ့်မည်ဟု ဆိုသည်။ ဘုရင် ရှိတ်ဟာမက်ဘင်ခါလီဖာအယ်လ်တာနီသည်လည်း ၎င်း၏အာဏာကို အိမ်ရှေ့မင်းသား ရှိတ်တာမင်ထံ လွှဲပြောင်းပေးနိုင်ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ ဘုရင် ခါလီဖာသည် ၁၉၉၅ ခုနှစ်က ၎င်း၏ဖခင်ထံမှ သွေးမထွက်ဘဲ အာဏာသိမ်းခဲ့ပြီးနောက် ကျန်းမာရေးချူချာလျက် ရှန်းကန်ကြိုးစားနေရသည်။

မူဘာရက်သားများကို လွှတ်ပေးရန် အမိန့်ချ

ရာထူးမှဖြုတ်ချခံရသော အီဂျစ်အာဏာရှင်ဟောင်း ဟော့စ်နီမူဘာရက်၏ သားနှစ်ယောက်ကို ကိုင်ရိုမြို့ မှုခင်းတရားရုံးက လွှတ်မိန့်ထုတ်ပြန်လိုက်သည်။ ၎င်းတို့ညီအစ်ကိုသည် အကျင့်ပျက် လာဘ်စားမှုများဖြင့် တရားစွဲဆိုခံထားရသည်။ အလားနှင့် ဂါမဲလ်မူဘာရက်တို့ကို နှစ်နှစ်ကြာချုပ်ထားပြီးနောက် ဇွန် ၁၀ ရက်က ကြားနာစစ်ဆေးခဲ့သည်ဟု ဆိုသည်။ မူဘာရက်နှင့် ၎င်း၏သားနှစ်ယောက်တို့သည် ၂၀၁၁ ခုနှစ်ကတည်းက အဖမ်းခံထားရပြီး ဆန္ဒပြသူများကို အကြမ်းဖက်ဖြိုခွင်းမှုဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းတို့ ညီအစ်ကိုနှစ်ဦးသည် အကျင့်ပျက်ခြစားမှုများဖြင့် စွပ်စွဲခံနေရသော်လည်း ကိုင်ရိုတရားရုံးက လွှတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။

မြင့်မောင်စိုး-စုစည်းသည်

ထရပ်ကားအရွယ်အစားရှိသော ဥက္ကာခဲ ကမ္ဘာဂြိုဟ်အနီး ဖြတ်သန်းသွားခဲ့

ကမ္ဘာအနီးသို့ ထရပ်ကားတစ်စီး၏ အရွယ်အစားမျှရှိသော ဥက္ကာခဲတစ်ခု လွန်ခဲ့သည့် သုံးရက်ခန့်က ဖြတ်သန်းသွားခဲ့ကြောင်း၊ ကမ္ဘာဂြိုဟ်အား တစ်စုံတစ်ရာမျှ ထိခိုက်သွားမှု မရှိကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

ယခုဥက္ကာခဲသည် ကမ္ဘာဂြိုဟ်အနီး ဖြတ်သန်းသွားခဲ့သော ဥက္ကာခဲများအနက် နောက်ဆုံးဖြတ်သန်းသွားခဲ့သော ဥက္ကာခဲတစ်ခုဖြစ်သည်။ ယင်းဥက္ကာခဲကို နာဆာက ၂၀၁၃ LR6 ဟု အမည်ပေးထားပြီး ကမ္ဘာဂြိုဟ်အနီး မဖြတ်သန်းမီ တစ်ရက်ကြိုတင်၍ ရှာဖွေတွေ့ရှိခဲ့သည်ဟု နာဆာ အာကာသသုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါဥက္ကာခဲသည် ဩစတြေးလျနိုင်ငံ တက်စ်မေးနီးယားတောင်ပိုင်း တောင်သမုဒ္ဒရာအပေါ် မိုင်ပေါင်း ၆၅၀၀၀ ခန့်မှ ဖြတ်သန်းသွားခဲ့ခြင်း ဖြစ်သည်။ ယင်းဥက္ကာခဲသည် လုံးပတ်အရွယ်အစား ပေ ၃၀ ခန့်ရှိကြောင်း နာဆာအာကာသသုတေသနပညာရှင်များက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းတစ်ပတ်ကလည်း QE-2 ဟု အမည်ပေးထားသည့် အရွယ်အစား ၂ ဒသမ ၇ ကီလိုမီတာခန့်ရှိသော ဥက္ကာခဲတစ်ခု ကမ္ဘာဂြိုဟ်မှ မိုင် ၃ ဒသမ ၆ သန်းအကွာမှ ဖြတ်သန်းသွားခဲ့သေးသည်။ တစ်ဖန် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၅ ရက်ကလည်း အရွယ်အစားသေးငယ်သည့် ဥက္ကာခဲတစ်ခု ကမ္ဘာဂြိုဟ်မှ မိုင် ၁၇၂၀၀ ခန့်မှ ဖြတ်သန်းသွားခဲ့သည်။ အာကာသအတွင်း အချင်း ဝ ဒသမ ၆၅ မိုင် သို့မဟုတ် ယင်းထက် အရွယ်အစားကြီးမားသော ဥက္ကာခဲများသည် ကမ္ဘာဂြိုဟ်အနီး ဖြတ်သန်းလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

အာကာဟိန်း-ရေးသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အများပြည်သူဝန်ဆောင်မှုမီဒီယာ(၁)

ဗညားအောင်

အများပြည်သူဝန်ဆောင်မှုမီဒီယာ (Public Service Media) ဆိုသည်မှာ

အများပြည်သူဝန်ဆောင်မှုမီဒီယာသည် အများပြည်သူက ထောက်ပံ့သည့် ရန်ပုံငွေဖြင့်ရပ်တည်ပြီး အများပြည်သူကို တာဝန်ခံသော မီဒီယာဖြစ်သည်။ အများပြည်သူဝန်ဆောင်မှု မီဒီယာအယူအဆကို ၁၉၂၆ ခုနှစ် ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း (BBC)ကို ဖွဲ့စည်းချိန်တွင် စတင်ဖော်ထုတ်ခဲ့ပြီး နောင်တွင် အနောက်ဥရောပနိုင်ငံအများစု၌ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးလာခဲ့သည်ကို တွေ့ရပါသည်။

စစ်အေးတိုက်ပွဲပြီးဆုံးခဲ့ပြီးနောက် ဒီမိုကရေစီတတိယလှိုင်းကာလတွင် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြား၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆောင်ရွက်ခဲ့ကြသည်။ ထိုကဲ့သို့ အသွင်ကူးပြောင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံသားများ၏ အသိပညာဗဟုသုတ ကြွယ်ဝရေးနှင့် သတင်းအချက်အလက်များ စုံလင်စွာရရှိရေးအတွက် အများပြည်သူဝန်ဆောင်မှုမီဒီယာကို အဓိကနည်းလမ်းအဖြစ် သုံးစွဲလာခဲ့ကြသည်ကို တွေ့ရပါသည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Waheed Khan က အများပြည်သူဝန်ဆောင်မှုမီဒီယာသည် ပြည်သူများ၏ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ခွင့်ကို မြှင့်တင်ရန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ အများပြည်သူ ဝန်ဆောင်မှုမီဒီယာကသာ နိုင်ငံသားအားလုံး၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များ၊ စိုးရိမ်မှုများအားလုံးကို ထင်ဟပ်ပေးနိုင်ပြီး ဗဟုမီဒီယာပတ်ဝန်းကျင်၊ လူမှုရေးညီမျှမှုနှင့် လူထုအခြေပြုအဖွဲ့အစည်းများ အားကောင်းမှုကို ဖော်ဆောင်ပေးနိုင်သည်။ အများပြည်သူဝန်ဆောင်မှု မီဒီယာသည် နိုင်ငံသားတိုင်းက မိမိတို့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်နိုင်အောင် လိုအပ်သည့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းကြောင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမဏ္ဍိုင်ဖြစ်သည်ဟု ဖွင့်ဆိုခဲ့သည်။

နိုင်ငံများ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို တိုင်းတာသည့် ယူနက်စကိုအဖွဲ့ကြီး၏ မီဒီယာဖွံ့ဖြိုးမှုအညွှန်းကိန်း(Media Development Indicator)တွင် **အများပြည်သူဝန်ဆောင်မှုမီဒီယာသည် အများပြည်သူက ထောက်ပံ့သော ရန်ပုံငွေဖြင့်ရပ်တည်ပြီး အများပြည်သူက ထိန်းချုပ်ထားသောမီဒီယာဖြစ်သည်။ ယင်းသည် အစိုးရပိုင်မဟုတ်သကဲ့သို့ စီးပွားရေးလုပ်ငန်းလည်းမဟုတ်ပေ၊ ထို့ကြောင့် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမှ ကင်းရှင်းသကဲ့သို့ စီးပွားရေးဖိအားများမှလည်း ကင်းလွတ်သည်။ ဗဟိုမီဒီယာကို အာမခံခြင်း၊ ကွဲပြားခြားနားသော အစီအစဉ်အမျိုးမျိုးကို တင်ဆက်ခြင်း၊ အယ်ဒီတာ လွတ်လပ်ခွင့်ရှိခြင်း၊ စီးပွားရေးအကျိုးအမြတ်ကို ထည့်သွင်းစဉ်းစားရန်မလိုအပ်သည့် လွတ်လပ်သော ဘဏ္ဍာရေးထောက်ပံ့မှုစနစ်ရှိခြင်း၊ ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှုရှိခြင်းတို့ကြောင့် အများပြည်သူဝန်ဆောင်မှု မီဒီယာသည် ဒီမိုကရေစီစနစ်၏ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည်**ဟု ဖွင့်ဆိုထားသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

အများပြည်သူဝန်ဆောင်မှုမီဒီယာသည် လူ့အခွင့်အရေးကို ဖော်ဆောင်ရာတွင်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှာ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သာမက လူတစ်ဦးချင်းအနေဖြင့် သတင်းအကြောင်းအရာနှင့် သဘောတရားများကို လွတ်လပ်စွာရှာဖွေဆည်းပူးနိုင်ခွင့်၊ လက်ခံရရှိနိုင်ခွင့်များကိုပါ လူ့အခွင့်အရေးအဖြစ်သတ်မှတ်ထားသည်။ ထို့ကြောင့်လည်း ယူနက်စကိုအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက လွတ်လပ်စွာပြောဆိုခွင့်အပြင် ပြည်သူများအနေဖြင့် မတူကွဲပြားသည့် သတင်းဌာနများမှ သတင်းအချက်အလက်များကို အလွယ်တကူရယူနိုင်ခွင့်၊ ၎င်းတို့၏ အမြင်သဘောထားများကို မတူကွဲပြားသည့် မီဒီယာများပေါ်မှ ထုတ်ဖော်ပြောဆိုနိုင်ခွင့်များ ပါဝင်သည့် ဗဟုမီဒီယာဝါဒ (Media Pluralism) ကိုမြှင့်တင်ဆောင်ရွက်နေပြီး ၁၉၉၀ ပြည့်နှစ် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် ၄၅/၇၆ တွင် နိုင်ငံတိုင်းက သတင်းအချက်အလက်များကို လူမှုအဖွဲ့အစည်းအတွင်းသို့ တစ်ပြေးညီပျံ့နှံ့စေရန်အတွက် ဗဟုမီဒီယာဝါဒကို အကောင်အထည်ဖော်ရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အများပြည်သူဝန်ဆောင်မှုမီဒီယာသည် အထက်ပါ ဗဟုမီဒီယာများ ထွန်းကားစေရန်အတွက် လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်သည်။ မီဒီယာဥပဒေပညာရှင် Eric Barendt က အများပြည်သူဝန်ဆောင်မှုမီဒီယာတစ်ခုသည် အင်္ဂါခြောက်ရပ်နှင့် ပြည့်စုံရမည်ဟု ဆိုသည်-

(က) နိုင်ငံတစ်ဝန်းလုံးနီးပါးသို့ ရောက်ရှိပျံ့နှံ့ခြင်း။
(ခ) အမျိုးသားစရိုက်လက္ခဏာနှင့်ယဉ်ကျေးမှုများကို ထိန်းသိမ်းခြင်း။
(ဂ) အစိုးရ၏ ထိန်းချုပ်မှုမှလည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ၏ ထိန်းချုပ်မှုမှလည်းကောင်း ကင်းလွတ်ပြီး အယ်ဒီတာလွတ်လပ်ခွင့်နှင့် ဘဏ္ဍာရေးလွတ်လပ်မှုရှိခြင်း။
(ဃ) ဘက်လိုက်မှုမရှိခြင်း။
(င) ကွဲပြားခြားနားသော အစီအစဉ်များပါဝင်ခြင်း။
(စ) ပြည်သူ့ရန်ပုံငွေဖြင့် မတည်ဆောင်ရွက်ခြင်း။

အထက်ပါအခြေခံမှုများကို လေ့လာပါက အများပြည်သူဝန်ဆောင်မှုမီဒီယာများ ထူထောင်ခြင်းသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို ထင်ရှားစွာတွေ့နိုင်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်အရ ပေါ်ပေါက်လာသည့် ပုဂ္ဂလိကမီဒီယာများက ဈေးကွက်မှ တောင်းဆိုသည့်အကြောင်းအရာများကို ဦးစားပေးဖော်ပြလေ့ရှိရာ စီးပွားရေးအကျိုးအမြတ်မရှိသည့်တိုင် ပြည်သူများသိသင့်သိထိုက်သည့် သတင်းအချက်အလက်များ၊ လူအများအာရုံစိုက်မှုကိုမခံရသည့် အင်အားနည်းအုပ်စုများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖော်ပြမည့် မီဒီယာတစ်ခုလိုအပ်ပြီး ထိုလိုအပ်ချက်ကို အများပြည်သူဝန်ဆောင်မှုမီဒီယာက ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ရှိပြီး ဘာသာစကား၊ ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးရှိသည့် လူ့အဖွဲ့အစည်းတွင် နိုင်ငံတစ်ဝန်းလုံးသို့ သတင်းအချက်အလက်များ ဖြန့်ချိပေးခြင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ အကျိုးစီးပွားများကို ထင်ဟပ်ဖော်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် အများပြည်သူဝန်ဆောင်မှုမီဒီယာတစ်ခု ပေါ်ပေါက်ရေးသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အတွက် လိုအပ်ချက်ဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၁

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း(၃၁/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးသန့်ကျော်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်း၌ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာလူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများရေးသားခြင်းနှင့် ဆက်သွယ်ပြောဆိုမှုပညာတို့ကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းမှာ ရက်သတ္တ ၁၂ ပတ် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ်လှေလှော်အသင်း အသင်းသားဟောင်းများ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၁

ရန်ကုန် တက္ကသိုလ်များ လှေလှော်အသင်းထူထောင်ခြင်း နှစ် (၉၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို စည်ကားစွာကျင်းပနိုင်ရန် အသင်းသားဟောင်းများ အစည်းအဝေးကို ဇွန် ၁၆ ရက် နံနက် ၈ နာရီတွင် အင်းလျားကန်ရှိ အသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကျင်းပမည့် နှစ် ၉၀ ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် လှေပြိုင်ပွဲကို အထောက်အကူပြုနိုင်စေရေးအတွက် အသင်းသားဟောင်းများအနေဖြင့် ကူညီပံ့ပိုးခြင်း ဆက်စပ်ဆောင်ရွက်ခြင်းများပြုလုပ်ရန် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရေး အသင်းသားဟောင်းများ စုံညီစွာတက်ရောက်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပျက်စီးသွားသောထရန်စဖော်မာအတွက် အသစ်လဲလှယ်တပ်ဆင်

ဒလ ဇွန် ၁၁

ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအရှေ့ ဗလကျော်ထင်လမ်းတစ်ဖက်ရှိ 300 KVA Transfomer တစ်လုံး ဇွန်၈ ရက် နံနက်က ပေါက်ကွဲလောင်ကျွမ်းမှုဖြစ်၍ ရပ်ကွက်၊ ပြည်သူများ လျှပ်စစ်မီးပြတ်တောက်ခဲ့ရပြီး ညနေ ၄ နာရီခွဲတွင် ရပ်ကွက်ပြည်သူအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်ဇော်၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးခင်မောင်ညိုနှင့် ဝန်ထမ်းများက အချိန်မဆိုင်းဘဲ မြန်မာ့အကြီးစား စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော စံချိန်မီ 6.6KV/0.4KV,300 KVA Transfomer ဖြင့် လဲလှယ်တပ်ဆင်ပေးကာ လျှပ်စစ်မီး ပြန်လည်ရရှိအောင် ဆောင်ရွက်ခဲ့သည်။ **(အောက်ဝဲပုံ)**

ပြောကြား

မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးခင်မောင်ညိုက "ထရန်စဖော်မာက နှစ်ကြာနေပြီ၊ မိုးကလည်း သည်းသည်း ထန်ထန်စွာ ရွာသွန်းတယ်။ Insu lation ကျတဲ့သဘော ဖြစ်တဲ့အတွက် ပျက်စီးသွားတာပါ။ အလုံမြို့နယ်မှာရှိတဲ့ ရုံးချုပ်က ကရိန်းယာဉ်ကြီးနဲ့ (က. စ. လ)ထုတ် စံချိန်မီ 300 KVA Transfomer ကို သယ်ယူပြီး အဲဒီပျက်စီးသွားတဲ့ ထရန်စဖော်မာနဲ့ ချက်ချင်းအစားထိုး လဲလှယ်ခဲ့ပါတယ်။ အဲဒီထရန်စဖော်မာကိုလည်း ပြန်လည်စစ်ဆေးပြီး ပြုပြင်နိုင်အောင် ရုံးချုပ်ကို သယ်သွားပါတယ်"ဟု ပြောကြားခဲ့သည်။

လျှပ်စစ်ဌာနတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ယခုလို "ရပ်ကွက်ပြည်သူအတွက် ကြိုးစားဆောင်ရွက်" ပေးသည့်အတွက် ရပ်ကွက်ပြည်သူများကလည်း ဝမ်းသာမဆုံး အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **သန်းငွေး(ဒလ)**

MRTV-4

၁၂-၆-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅:၀၀ MRTV-4 အဖွင့် Logo
၅:၁၀ ပဋ္ဌာန်းပါဠိတော် ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၄၀ လမ်းမှန်ကိုသာ ရွေးချယ်ပါ တရားတော် **(ဆရာတော်အရှင်အဂ္ဂသီရိ)**
၉:၄၀ စာအုပ်ပြခန်း **[ဘဝအောင်မြင်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရွေးချယ်မှုလင်းသိုက်ညွှန့်(မြန်မာ့မြေ)]**
၁၀:၀၀ ခေတ်သစ်ပျိုမေ
၁၂:၀၀ ပန်းကြာဝတ်မှုန် Talk Show
၂:၂၀ World of Knowledge (A BOB BALLARD EXPEDIRION;GHOSTS OF THE BLACK SEA)
၃:၁၀ MRTV-4 ဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၈၉)
၅:၁၀ Minute to Win It
၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့ မဖြစ်** (အပိုင်း-၉၀)
၇:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိဖုရားနှင့်ကျွန်တော်** (အပိုင်း-၉)
၇:၄၅ ရပါတယ်ကွာ
၈:၀၀ MRTV-4 သတင်း
၈:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညှင်းလေးရဲ့ ပျော်ရွှင်မှု** (အပိုင်း-၁၃၄)
၉:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံစည်းချက်** (အပိုင်း-၂၄)
၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညှင်းလေးရဲ့ ပျော်ရွှင်မှု** (အပိုင်း-၁၃၄)
၁:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံစည်းချက်** (အပိုင်း-၂၄)
၂:၀၀ Let's Talk It
၂:၄၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၄၀ အလှဆင်စရာပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ)

Desktop နှင့် Laptop Computer ပိုင်ဆိုင်ထားလျှင် မဖြစ်မနေဖတ်သင့်တဲ့စာအုပ်
သန်းထိုက်(ရွှေရိပ်)

Desktop နှင့် Laptop များအတွက် အခြေခံသိသင့်စရာများ
4500 Ks

ထူးချွန်ကျောင်းသားကျောင်းသူများအတွက်
မူလတန်းအဆင့် အင်္ဂလိပ်စာ မေးခွန်းများပေါင်းချုပ်
(၅၀၀/-ကျပ်) Grade (1,2,3,4,5) ထိုးဝလုံး
အလယ်တန်းအဆင့် အင်္ဂလိပ်စာ မေးခွန်းများပေါင်းချုပ်
(၁၀၀၀/-ကျပ်) Grade (6, 7, 8, 9)
စာအုပ်ဆိုင်တိုင်းတွင်မေးမြန်းဝယ်ယူပါ။ ထိုးဝလုံး

ပြည်တွင်းသတင်း

လက်ရှိအချိန်သည် မြန်မာနိုင်ငံကိုစီးပွားရေးအရဝင်ရောက်ရန် အကောင်းဆုံးဖြစ်

နေပြည်တော် ဇွန် ၁၁

ပြည်တွင်းသို့ဆယ်စုနှစ်တစ်ခုအကြာ လာရောက်ရင်းနှီးမြှုပ်နှံသူ Huawei နှင့် တွေ့ဆုံခြင်း-

မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလာချိန်ဝယ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများလည်း မြေစမ်းခရမ်းပျိုးဝင်ရောက်လာကြခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းများကို တွေ့မြင်လာရသည်။ ထို့အပြင် ဇွန် ၅ ရက်မှ ၇ ရက် အထိ နေပြည်တော် အမ်အိုင်စီစီခန်းမ၌ ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၁၃ အတွင်း မြန်မာနိုင်ငံ ပိုမိုတိုးတက်လာစေရန်ရည်သန်ကာ ကမ္ဘာ့နိုင်ငံ အသီးသီးမှ ရှေ့ဆောင်ဦးရွက်ပြု နေသူများက ကမ္ဘာလုံးဆိုင်ရာနှင့် အထူးသဖြင့် မြန်မာနိုင်ငံအတွင်း ကဏ္ဍအသီးသီးတိုးတက်မှုများ ရရှိလာစေရန် ကြိုးပမ်းအား ထုတ် ဆွေးနွေးခဲ့ကြသည်ကို မြင်တွေ့ရသည်။ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံသူ ကမ္ဘာကျော်လုပ်ငန်းများ ပိုမိုများပြားလာခဲ့ပြီးနောက်ပိုင်း တစ်ဟုန်ထိုးဖွံ့ဖြိုး လာနေသည့် ဒီဂျစ်တယ်ခေတ်အတွင်း မိုဘိုင်းယဉ်ကျေးမှု၊ အင်တာနက်သုံးစွဲမှု မြင့်မားလာခြင်းနှင့်အပြိုင် လူထုအသိအမှတ်ပြု ကုန်အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Huawei မှ Managing Director ဖြစ်သူ Mr. Ren Geng (Huawei Technologies, Yangon, Co. ,Ltd) နှင့် ဖိုရမ်ကျင်းပနေစဉ် ကာလအတွင်း တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

မေး။ ။ Huawei က မြန်မာနိုင်ငံမှာ စတင်ရင်းနှီးမြှုပ်နှံမှုဖြစ်ခဲ့ပုံကို ပြောပြပေးပါဦး။

ဖြေ။ ။ ကျွန်တော်တို့က ၂၀၁၃ ခုနှစ်မှာ မြန်မာ့ဈေးကွက်ကို စတင်ဝင်ရောက်ဖြစ်ခဲ့ပါတယ်။ ဝင်ရောက်ပြီး မကြာခင်မှာဘဲ မြန်မာ့ဆက်သွယ်ရေး ကဏ္ဍမှာ တစ်ဝက်နီးပါးကို နေရာယူနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံး အတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင်လည်း သုံးစွဲသူအများစုကို ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း မြန်မာ့အိုင်စီတီကဏ္ဍမှာ ပိုမိုပြီးနေရာရရှိနိုင်ဖို့နဲ့ ဈေးကွက်ခိုင်မာဖို့ စဉ်ဆက်မပြတ် ကြိုးစားလျက်ရှိပါတယ်။

Mr. Ren Geng၊ MD(Huawei Technologies, Yangon, Co. ,Ltd)

မေး။ ။ ဈေးကွက်ဖြန့်ချိမှု အပိုင်းနဲ့ မြန်မာ့ဆက်သွယ်ရေးကဏ္ဍမှာ Huawei အနေနဲ့ ဘယ်လောက်အကျိုးပြုနိုင်ခဲ့ပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ရန်ကုန်နဲ့ နေပြည်တော်မှာရုံးတွေ ဖွင့်လှစ်ထားပြီး အဲဒီရုံးတွေကနေ customer တွေရဲ့ လိုအပ်ချက်တွေ၊ ဈေးကွက်ရဲ့ လိုအပ်ချက်တွေကို ဆောင်ရွက်ပေးနေပြီး နောက်ထပ်ပိုပြီးတော့လည်း ဆားဗစ်စင်တာတွေ၊ သင်တန်းကျောင်းတွေဖွင့်လှစ်ဖို့ လျာထားပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာတစ်ဝန်းလုံးကို စစ်မှန်တဲ့အရည်အသွေးပိုင်းအာမခံနိုင်မှုနဲ့ နည်းပညာ မြင့်အသုံးအဆောင်တွေ ထုတ်လုပ်ပေးနေတဲ့ World Wide လက်ခံထားတဲ့ Brand တစ်ခုလည်းဖြစ်ပါတယ်။ အဲဒီလိုပါပဲ မြန်မာနိုင်ငံမှာလည်း ရုံးချုပ်နဲ့ ရုံးခွဲတွေမှာ ဝန်ထမ်းအင်အား ၂၀၀ ကျော်ခန့်အပ်ထားပြီး ဝန်ထမ်းအင်အားရဲ့ ၇၀ ရာခိုင်နှုန်းကိုလည်း ပြည်တွင်းက ပညာရှင်တွေနဲ့ စုစည်းထားတာဖြစ်ပါတယ်။ Huawei အနေနဲ့ ကာလရှည်ရင်းနှီးမြှုပ်နှံမှုတွေကို မြန်မာနိုင်ငံအတွင်းမှာ ဖော်ဆောင်သွားဖို့ရှိပါတယ်။

မြန်မာ့ဆက်သွယ်ရေးကဏ္ဍကို ၂၀၁၃ ခုနှစ်မှာ ဝင်ရောက်ခဲ့ပြီး မြန်မာလူထု အနေနဲ့ Huawei CDMA 450 ကို အများဆုံးစတင်လက်ခံ သုံးစွဲခဲ့ကြပါတယ်။ အဲဒီအချိန်မှာ Huawei အနေနဲ့ ဒေသတွင်းဈေးကွက်နေရာအများဆုံး စတင်ရရှိခဲ့ပါတယ်။ အခုနောက်ပိုင်းမှာတော့ စီဒီအမ်အေ ၈၀၀ အပါအဝင် ဂျီအက်စ်အမ်နဲ့ သရီးဂျီစမတ်သ်ဖုန်းတွေအထိပါ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ သုံးစွဲနေကြပြီဖြစ်ပါတယ်။ Huawei အနေနဲ့ မြန်မာ့ဆက်သွယ်ရေးနဲ့ ချိတ်ဆက်ပြီး Fixed Line Service၊ Mobile Service နဲ့ Broadband နဲ့ နိုင်ငံတကာ Gateway တွေကိုလည်း လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

မေး။ ။ လက်ရှိပြည်တွင်းဈေးကွက်မှာ Huawei ရဲ့ အနေအထားနဲ့ ဈေးကွက်ယှဉ်ပြိုင်မှု၊ ဝန်ဆောင်မှုအပိုင်းတွေကိုလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ Huawei အနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးအတိုင်းအတာနဲ့ ဈေးကွက်ဝေစုရရှိထားတဲ့အပိုင်းမှာ ၅၀ ရာခိုင်နှုန်းနီးပါးရရှိထားပါတယ်။ လက်ရှိရန်ကုန်မှာ အရောင်းစင်တာတစ်ခုဖွင့်လှစ်နိုင်ခဲ့ပြီး အရောင်းစင်တာနဲ့ ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုပေါင်း ၆၀ကျော်ကို တစ်နိုင်ငံလုံးမှာ ဖွင့်လှစ်ဖို့လျာထားပါတယ်။ ကျွန်တော်တို့ရဲ့ ရောင်းချတဲ့ Product တိုင်းကို တစ်နှစ်အာမခံပေးထားပြီး ဈေးနှုန်းပိုင်းနဲ့ ပစ္စည်းအရည်အသွေးပိုင်းကိုလည်း အကောင်းဆုံးဆောင်ရွက်ထားပါတယ်။

မေး။ ။ Huawei အနေနဲ့ မြန်မာပြည်တွင်းမှာ နာမည်ရကုန်အမှတ်တံဆိပ်တစ်ခုဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း ဝင်ရောက်ထားတာကို သိရပါပြီ။ ဆက်လက်ပြီး မြန်မာပြည်သူတွေအတွက်ရော အကျိုးကျေးဇူးတွေရရှိဖို့ ကူညီပံ့ပိုးမှုတွေ လုပ်ဆောင်ထားတာရောရှိပါသလား။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးဖော်ဆောင်နေပါတယ်။ အဲဒါနဲ့မတူဘဲ ပံ့ပိုးကူညီမှုတွေလည်းအများကြီး ပြုလုပ်ပေးထားပါတယ်။ ပထမဆုံးအနေနဲ့ကတော့ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းဝင်ရောက်ပြီးချိန်ဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ ၂၄ နာရီ စောင့်ကြည့် ဆက်သွယ်ရေးစနစ်တွေနဲ့ အမေရိကန်ဒေါ်လာ သုံးသန်းတန်ဖိုးရှိတဲ့ တယ်လီကွန်း ဆက်သွယ်ရေးနည်းပညာတွေကို လှူဒါန်းခဲ့ပါတယ်။ ၂၀၀၉ နဲ့ ၂၀၁၀ ပြည့်နှစ်တွေမှာ နက်ဝပ်ခ်တိုးချဲ့မှုစနစ်တွေနဲ့ ဆက်သွယ်ရေးဆားဗစ်စင်တာတွေကို တိုးချဲ့နိုင်ခဲ့ပြီး နေပြည်တော်ရဲ့ Broadband အခြေခံအဆောက်အအုံတွေနဲ့ အဆင့်မြှင့်တင်ရေးအပိုင်းတွေကို အကူအညီတွေပေးခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ အရေးပေါ်ဆက်သွယ်ရေးကဏ္ဍ ဆောင်ရွက်မှုတွေအတွက် ဒေါ်လာငါးသန်း အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ Myanmar-Huawei ICT Cooperation Strategy Plan ကို ဒေါ်လာတစ်သန်းအကုန်အကျခံပြီး လှူဒါန်းခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ သုံးသန်းတန်ဖိုးရှိတဲ့ LTE Mobile Broadband and Video Conference System စနစ်ကို မကြာခင်ကျင်းပတော့မှာဖြစ်တဲ့ (၂၇)ကြိမ်မြောက် ဆီးဂိမ်းအတွက် ကူညီဖို့ သဘောတူခဲ့ပါတယ်။

မေး။ ။ လက်ရှိမှာ ကျွန်မတို့မြန်မာနိုင်ငံဟာ ပြုပြင်ပြောင်းလဲရေးကို အားသွန်ပြီး ဆောင်ရွက်နေပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာစတဲ့ ကဏ္ဍအသီးသီးမှာ အပြောင်းအလဲနဲ့ ကြုံတွေ့ရတဲ့အခါ ရင်ဆိုင်နိုင်ဖို့အရေး အများကြီး ပြင်ဆင်ထားကြရပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ စီးပွားရေးအပေါ် ပြည်ပကနေ လာရောက်ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေနဲ့ ဘယ်လိုအမြင်မျိုးရှိပါသလဲ ဖြေကြားပေးပါ။

ဖြေ။ ။ ကောင်းမွန်တဲ့အပြောင်းအလဲတွေကို ကျွန်တော်တို့ကလည်း တွေ့မြင်ရပါတယ်။ အခုကျင်းပနိုင်ခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကြီးကိုပဲ ကြည့်နိုင်ပါတယ်။ ဒီဖိုရမ်က ကမ္ဘာမှာလွတ်လပ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးက လေးစားရတဲ့ ဘက်မလိုက်အဖွဲ့အစည်း တစ်ခုဖြစ်ပါတယ်။ အုပ်စုတစ်စု၊ နိုင်ငံတစ်နိုင်ငံအတွက် ကိုယ်စားမပြုသလို အမှန်တကယ်လုပ်သင့်တဲ့ နေရာတွေမှာပဲ ဒီလိုဖိုရမ်တွေကို ကျင်းပပေးပါတယ်။ အခုလို ဖိုရမ်ကြီး ပြည်တွင်းမှာ ကျင်းပနိုင်ခဲ့တဲ့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ရင်းနှီးမြှုပ်နှံသူတွေ ဝင်ရောက်လာကြတော့မှာဖြစ်သလို ရှိပြီးသား ကျွန်တော်တို့လိုလုပ်ငန်းတွေကလည်း အရှိန်မြှင့်တင်ကြရမှာပါ။ ကျွန်တော့်အထင် ပြောရရင် အိုင်စီတီကဏ္ဍအပါအဝင် ကဏ္ဍမျိုးစုံစီးပွားရေးလုပ်ငန်းတွေ ပေါ်ပေါက်လာတော့မှာဖြစ်ပါတယ်။ အဲဒီက နေတစ်ဆင့် တိုင်းပြည်ရဲ့ လူ့စွမ်းအားအရင်းမြစ်ကောင်းတွေ ထွက်ပေါ်လာတာနဲ့အပြိုင် နိုင်ငံရဲ့ ဂျီဒီပီနဲ့ စီးပွားရေးလုပ်ငန်းတွေ ပိုမိုတိုးတက်လာမှာဖြစ်သလို တိုင်းပြည်ဟာလည်း စီးပွားရေးခိုင်မာတောင့်တင်းတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုဖြစ်လာမှာ မလွဲပါဘူး။

မေး။ ။ Huawei လိုမျိုး နိုင်ငံအတွင်းမှာ နောက်ထပ်ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တွေကို မြန်မာနဲ့ပတ်သက်ပြီး ဘယ်လိုအမှာစကားများ ပြောချင်ပါသေးသလဲရှင့်။

ဖြေ။ ။ မြန်မာနိုင်ငံဟာ အရှိန်ပြင်းပြင်းနဲ့ တိုးတက်ဖို့ကြိုးစားနေတဲ့ သဘာဝအရင်းအမြစ်တွေနဲ့ အလုပ်သမားစွမ်းရည်ပြည့်ဝတဲ့ တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ တကယ်လို့များ မြန်မာနိုင်ငံမှာ လုပ်ငန်းလုပ်ကိုင်မယ်ဆိုရင် အဲဒီအခွင့်အရေးကို အမိအရဆုပ်ကိုင် ထားသင့်ပါတယ်။ အရေးကြီးဆုံးအချက်က လက်ရှိ အချိန်ဟာ မြန်မာနိုင်ငံကို စီးပွားရေးအရ ဝင်ရောက်လို့ အကောင်းဆုံးအနေအထားဖြစ်ပါတယ်။

မေး။ ။ မြန်မာနိုင်ငံအတွက် Huawei ရဲ့ သဘောထားကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ အဓိကကတော့ လူတန်းစားမရွေး ဆက်သွယ်ရေးကဏ္ဍမှာ Huawei ရဲ့နည်းပညာတွေကို ရယူခံစားနိုင်ဖို့ဖြစ်ပါတယ်။ အဓိကကတော့ဒစ်ဂျစ်တယ်ခေတ်ကြီးထဲမှာ Huawei ရဲ့ အကူအညီကိုရယူပြီး စီးပွားရေးတွေ၊ လူမှုအကျိုးစီးပွားတွေ ပိုမိုဖြစ်ထွန်းလာနိုင်ရမယ်ဆိုတာပဲ ဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံ - အေးမင်းစိုး

ရန်ကုန်တက္ကသိုလ်အကြီးစားပြင်ဆင်မှု ကျပ်သန်း ၃၈၀၀ ကျော် အသုံးပြု

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တက္ကသိုလ်ကို ကျပ်သန်းပေါင်း ၃၈၀၀ ကျော်ခန့် အကုန်အကျခံကာ အကြီးစားမွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြောကြား

ထိုသို့ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဘွဲ့နှင်းသဘင်ခန်းမ၊ အဓိပတိလမ်း၊ မန္တလေးဆောင်၊ တောင်ငူဆောင်၊ ဝေသာလီဆောင်၊ ရာမညဆောင်၊ အမရဆောင် စသည့် စာသင်ဆောင်များနှင့် ဝိဇ္ဇာဆောင်၊ သိပ္ပံဆောင်များရှိ အချို့ဌာနများကို ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ယင်းကဲ့သို့ ပြင်ဆင်ရာတွင် ခေတ်မီပရိဘောဂ အသုံးအဆောင်ပစ္စည်းများပါ ဖြည့်ဆည်းပေးထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆောက်အအုံများအတွက် ခန့်မှန်းအသုံးစရိတ်မှာ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ကျပ်သန်းပေါင်း ၃၃၀၀ ကျော် သုံးစွဲခဲ့ပြီး ကားလမ်းများ၊ ကျောင်းပရဝုဏ်အတွင်းရှိ မြစ်ည်းရိုးများ၊ လမ်းမီးတိုင်များ၊ ရေနုတ်မြောင်း စသည့် အခြားအသုံးစရိတ်များအဖြစ် ကျပ်သန်းပေါင်း ၅၅၀ ကျော် သုံးစွဲခဲ့ကြောင်း သိရသည်။

ပြင်ဆင်

ရန်ကုန်တက္ကသိုလ်ကို အမေရိကန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံများရှိ တက္ကသိုလ်များနှင့်ပူးပေါင်း၍ ပညာရေးအဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရန်အတွက် နိုင်ငံခြားပညာရှင်များပါ လာရောက်သင်ကြား ပို့ချမည်ဖြစ်ပြီး အဆိုပါ ပညာရှင်များ နေထိုင်ရန် လှိုင်ကောလိပ်ဝင်းအတွင်းရှိ ပညာ့ရိပ်သာကိုလည်း အဆင့်မီစေရန် ရေ၊ မီးမှအစ ပြင်ဆင်နေကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

(၁၆၃)

ကွန်ဒိုမီနီယံမြေအောက်ခန်း ရေဝင်၍ ကားရေမြုပ်

ရန်ကုန် ဇွန် ၁၁

ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီခန့်က ရန်ကုန်မြို့လယ်တွင် တစ်နာရီခန့် မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ ရေမြောင်းများပိတ်ဆို့ပြီး ရေနုတ်အားနည်းမှုကြောင့် ကားလမ်းမများပေါ် ရေကြီးရေလျှံမှုဖြစ်ခဲ့သည်။ ဗိုလ်ဆွန်ပက် အောက်ဘက်လမ်းတစ်လျှောက်လည်း တစ်ပေခွဲခန့်ရေလျှံသည်။ ကုန်သည်လမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ (ယခင်မောင်းထောင်လေးလမ်း) ၁၅ ထပ်အမြင့်၊ ဗိုလ်ဆွန်ပက်ကွန်ဒိုမီနီယံ၏ မြေအောက်ခန်းသို့ ရေဝင်သဖြင့် ဆလွန်းကားနှစ်စီး ရေနစ်မြုပ်ခဲ့သည်။

ရေစုပ်စက်များဖြင့် စုပ်ထုတ်ယူသော်လည်း မိုးသည်းထန်စွာ ထပ်မံရွာသဖြင့် မနိုင်မနင်းဖြစ်ကာ မွန်းလွဲ ၁ နာရီခွဲက မြေအောက်ခန်းတွင် ရေဝင်နစ်မြုပ်နေသောကားကို ဝန်ချီစက်ကရိန်းကားဖြင့် ဗိုလ်ဆွန်ပက်လမ်းပေါ် သယ်တင်မထုတ်နေသည်ကို တွေ့မြင်ရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးဖို့ နွားနို့နေ့စဉ်သောက်သုံးစို့

ပြည်တွင်းသတင်း

မြန်မာနိုင်ငံသားများကို အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပေးရန်အတွက် ညှိနှိုင်းဆွေးနွေးမှု လက်တွေ့လုပ်ဆောင်ရန်ဖြစ်

ရန်ကုန် ဇွန် ၁၁

မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ၏ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစုံစမ်းရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ခေါင်းဆောင်သည့် အထူးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းသို့ မထွက်ခွာမီ ဒုတိယဝန်ကြီးများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ တွေ့ဆုံကာ ယင်းတို့၏အမြင်သဘောထားများကို မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က မေးမြန်းခဲ့သည်။

မေး ။ ။ မလေးရှားနိုင်ငံကိုသွားရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ ။ ။ မလေးရှားနိုင်ငံကိုသွားရတဲ့ရည်ရွယ်ချက်က မလေးရှားနိုင်ငံမှာရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေ အကြမ်းဖက်တိုက်ခိုက်မှုခံနေရတယ်။ အဲဒီကိစ္စအတွက် မလေးရှားအစိုးရနဲ့တော့ ပူးပေါင်းဆောင်ရွက်နေတယ်။ ဒါပေမယ့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီးတော့မှ တွေ့ဆုံပြီးတော့ ပိုပြီးထိရောက်တဲ့ အကာအကွယ်ပေးမှုတွေ ရရှိနိုင်ဖို့ သွားရောက်ခြင်း ဖြစ်ပါတယ်။ နောက် ဆေးရုံတက်နေရတဲ့ မြန်မာနိုင်ငံသားတွေရှိတယ်။ သူတို့ကိုလည်းဝင်ပြီး အားပေးချင်တယ်။ အဲဒီမှာရောက်နေတဲ့ နိုင်ငံသားတွေအနက် တရားမဝင်လာရောက်ပြီး အလုပ်လုပ်ကိုင်တယ်ဆိုလို့ရှိရင် သူတို့ဖမ်းပြီးတော့မှ စိစစ်နေတာပေ့ါ၊ စိစစ်နေတဲ့အခါမှာ မြန်မာနိုင်ငံသားတွေလည်းပါတယ်။ သူတို့တွေအတွက် ရှေ့ဆက်ပြီးတော့ ဘယ်လိုဆောင်ရွက်မလဲ၊ ဘယ်လောက်ထိ ဒုက္ခရောက်နေသလဲ။ ကူညီနိုင်မလဲ။ ဒါတွေကို မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၊ မလေးရှားပြည်ထဲရေးဝန်ကြီးဌာန၊ မလေးရှားအလုပ်သမားဝန်ကြီးဌာန စသည်ဖြင့် သွားရောက်ပြီး တွေ့ဆုံပြီးတော့ ညှိနှိုင်းဆွေးနွေးဖို့ဖြစ်ပါတယ်။ ညှိနှိုင်းဆွေးနွေးမှုကနေပြီးတော့ ရရှိလာမယ့်အချက်အလက်တွေ နောက် တကယ်လက်တွေ့ တွေ့ကြုံမှုတွေကိုမြင်ပြီး အဖွဲ့ဝင်အဖြစ် အတူလိုက်ပါမယ့် မြန်မာအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့အတူ မလေးရှားမှာရှိနေတဲ့ မြန်မာသံအမတ်ကြီး၊ မလေးရှားမှာရှိနေတဲ့ မြန်မာအသိုင်းအဝိုင်းအားလုံးနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့မှ အကောင်းဆုံးအခြေအနေဖြစ်အောင်ပေ့ါ ဖန်တီးပေးဖို့ပဲဖြစ်ပါတယ်။ ဒီအတိဒုက္ခရောက်နေတယ်ဆိုတာကို သိရဲ့သားနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ပစ်ထားခြင်းမရှိပါဘူး။

ယခင်တုန်းကလည်း ရရှိတဲ့သတင်းတွေအပေါ် ဖြစ်ခဲ့တာတော့ အရင်လ ၂၉ ရက်နေ့ထဲက စတာပေ့ါ၊ ပြီးတော့မှ အကြမ်းဖက်တိုက်ခိုက်မှုခံရတာတွေရှိတယ်။ ခဏ ရပ်ဆိုင်းသွားတယ်၊ အဲဒီ့နောက်ပိုင်းမှ မလေးရှားနိုင်ငံကိုအကူအညီပေးဖို့ပြောတယ်။ နောက်တစ်ခါ မြန်မာနိုင်ငံသားတွေကို ကာကွယ်ပေးဖို့ ပြောလိုက်တဲ့အခါမှာ သူတို့အနေနဲ့လည်း ခွဲခြားတာပေ့ါ၊ ခွဲခြားတယ်ဆိုတဲ့အကြောင်းရင်းကတော့ တရားဝင်လာတာလား၊ တရားမဝင်လာတာလား၊ ခွဲခြားတဲ့အခြေအနေတွေဖြစ်ပေါ်လာပြီးတော့ ယနေ့ထိဖြစ်နေတဲ့အခြေအနေကတော့ ဆက်ပြီးတော့ ခွဲခြားမယ့် အခြေအနေတွေရှိနေသေးတယ်။ နောက်အလားတူကိစ္စမျိုးတွေ အကြမ်းဖက်တိုက်ခိုက်မှုတွေ ထပ်မဖြစ်အောင် ဒီဟာတွေကိုပဲ ဦးစားပေးပြီးတော့ ဆောင်ရွက်သွားဖို့ပဲဖြစ်ပါတယ်။

မေး။ ။ အခု အဲဒီမှာ သေဆုံးသွားတဲ့ မြန်မာလူမျိုးတွေရဲ့ရုပ်အလောင်းတွေကို ဒီဘက်အစိုးရအနေနဲ့ ဘယ်လိုစီမံထားမလဲဆိုတာ သိပါရစေ။

ဖြေ။ ။ သူတို့ မလေးရှားနိုင်ငံရဲ့ဥပဒေအရ ခုနသေမှုသေခင်း ဖြစ်တယ်ဆိုပါစို့၊ ရဲအရေးပိုင်တဲ့ အမှုတွေဖြစ်ပါတယ်။ ရဲလုပ်ထုံးလုပ်နည်းအရ ဘယ်သူ ဘယ်ဝါဆိုတာ စိစစ်တာပေ့ါ၊ စိစစ်တဲ့အခါမှာ သူတို့လည်း စိစစ်လို့မရဘူး။ ဒါပေမယ့် မြန်မာနိုင်ငံသားဖြစ်တယ်လို့ ယူဆရတာပေ့ါ။ နောက်ပြီးတော့မှ ဘေးကပြောတဲ့အရရော၊ စိစစ်ချက်အရရော ဖြစ်တယ်လို့ ယူဆရင် သံရုံးကိုလာပြီးတော့မှ မြန်မာနိုင်ငံသား ဟုတ် မဟုတ် စိစစ်ပေးပါဆိုပြီး ညှိနှိုင်းတယ်။ နောက် စိစစ်လို့ရလို့ရှိရင်လည်း သူတို့ သင်္ဂြိုဟ်ချင်ပါတယ်။ သင်္ဂြိုဟ်ခွင့်ရှိလို့ရှိရင် သံရုံးကနေပြီးတော့ သင်္ဂြိုဟ်ခွင့်ပေးတဲ့အခါမှာ သင်္ဂြိုဟ်လို့ရပါတယ်။ ခုလောလောဆယ်တော့ သေဆုံးတယ်ဆိုတဲ့အနေနဲ့ ရဲကလာပြီးတော့ ပြောဆိုတာကတော့ လေးဦးပဲရှိပါတယ်။ အဲဒီအနက် တစ်ဦးကိုတော့ သင်္ဂြိုဟ်ခွင့်တောင်းတဲ့အတွက် သင်္ဂြိုဟ်ခွင့်ပြုပြီးပါပြီ။

မေး။ ။ ဘယ်မှာ သင်္ဂြိုဟ်ဖြစ်လဲ။

ဖြေ။ ။ မလေးရှားနိုင်ငံမှာပါ။

မေး။ ။ သင်္ဂြိုဟ်တယ်ဆိုတော့ ကုမ္ပဏီအစီအမံနဲ့လား၊ သံရုံး အစီအစဉ်နဲ့လား။

ဖြေ။ ။ သံရုံးအစီအစဉ်နဲ့ မဟုတ်ပါဘူး။ သူတို့ရဲ့ ရဲအစီအစဉ်ဖြစ်မယ်။ နာရေးကူညီမှုအစီအစဉ်ဖြစ်မယ်။ သံရုံးက လိုတဲ့ကိစ္စကိုပဲ ကူညီနိုင်ပါတယ်။

မေး။ ။ တကယ်လို့ မြန်မာပြည်ကိုပြန်လာမယ့် အလုပ်သမားတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုမျိုး ဆက်ပြီးကူညီပေးသွားမလဲ။

ဖြေ။ ။ မြန်မာနိုင်ငံကိုပြန်လာရမယ့်အခြေအနေ ရောက်နေတဲ့လူတွေရှိနေပြီဆိုတာ သိရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံကိုပြန်လာဖို့ ဘယ်လိုအစီအစဉ်ရှိမလဲ၊ ဘယ်လိုဆောင်ရွက်ရမလဲ၊ ညှိနှိုင်းရမှာဖြစ်ပါတယ်။ ခုလောလောဆယ် မလေးရှားနိုင်ငံမှာ ခုနက အလုပ်သမား တရားဝင် ဟုတ် မဟုတ် စိစစ်တာတွေက များပြားတဲ့အတွက် ပထမဦးဆုံး လူတစ်ထောင်ဖမ်းတယ်ဆိုပြီးတော့ သတင်းရတာပေ့ါ၊ ဒါပေမယ့် အကုန်လုံးကို စိစစ်ပြီးတော့ ပြန်လွှတ်လိုက်တဲ့အခါမှာ ၁၉၆ ဦးပဲ ကျန်နေတာတို့၊ နောက်တစ်ခါစိစစ်တဲ့အထဲမှာ UNHCR ရဲ့ကတ်ပေ့ါ၊ သူရဲ့တရားဝင်ကတ်ကိုင်ဆောင်တယ်ဆိုပေမယ့် အတုတွေကိုင်ဆောင်သူတွေ ရှိနေတာပေ့ါ၊ ရှိနေတော့ အဲဒီလူတွေအတွက် ထပ်ပြီးတော့ စိစစ်နေတယ်။ စိစစ်ပြီးတော့ ပုံမှန်အားဖြင့် သူတို့ဆက်လက်ထိန်းသိမ်းထားတယ်၊ တရားမဝင် ဝင်ရောက်တဲ့သူတွေဖြစ်တဲ့အတွက် ပြန်ပို့ဖို့ဆိုပြီးတော့ စီစဉ်ပါတယ်။ ဟိုတုန်းကလည်း အဲဒီလိုအစီအစဉ်မျိုးတွေရှိခဲ့ပါတယ်။ သူတို့က ဒီတရားဝင် ဟုတ် မဟုတ် စိစစ်တာများတဲ့အတွက် နည်းနည်းပိုပြီးတော့ လူဦးရေ ပိုပြီးတော့များလာမယ်လို့ ယူဆပါတယ်။ အဲဒီအတွက် နှစ်ဖက်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးဖို့တို့၊ နောက်တစ်ခါ သယ်ယူပို့ဆောင်ရေး စီစဉ်ပေးဖို့တို့ နောက်မြန်မာနိုင်ငံသားဖြစ်ကြောင်းပေ့ါ၊ ဒီ (စီရောဖိုင်)လို့ခေါ်တဲ့ လက်မှတ်ပေ့ါ၊ Identity ကတ်ထုတ်ပေးဖို့အတွက် ဆက်လက်ပြီးတော့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မေး။ ။ နောက်အလားတူ ဒီလိုမျိုး ပြဿနာတွေထပ်ဖြစ်လာမယ်ဆိုရင် နောက်ထပ် ဒီလိုမျိုးအလုပ်သမားတွေကို ဘယ်လိုဆက်ပြီး ကာကွယ်ပေးသွားမလဲ သိပါရစေ။

ဖြေ။ ။ ဒီလိုပြဿနာတွေကို စဖြစ်ပြီဆိုကတည်းက ကျွန်တော်တို့နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနကို ကွာလာလမ်ပူမှာရှိတဲ့ သံအမတ်ကြီးကိုသွားပြီး တွေ့ဆုံပြီးတော့မှ အကာအကွယ်ပေးဖို့ တရားဝင်ပြောဆိုပါတယ်။ ကျွန်တော်တို့ကလည်း ဒီကနေပြီးတော့မှ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး ခေါ်ပြီးတော့ မြန်မာနိုင်ငံသားတွေကို အကာအကွယ်ပေးဖို့ ဒီလိုတိုက်ခိုက်မှုမျိုးတွေ ထပ်မံမဖြစ်ပွားဖို့စောင့်ရှောက်ဖို့ နောက်တစ်ခါကျူးလွန်တဲ့သူတွေကိုလည်း ဖော်ထုတ်ပြီးတော့ ထိထိရောက်ရောက် အရေးယူဖို့ဆိုတဲ့ အချက်အလက်လေးတွေ တောင်းဆိုပြီးသားဖြစ်ပါတယ်။ အဲတော့ ဒီလိုတောင်းဆိုတာဟာ သံတမန်အနေနဲ့ နှစ်နိုင်ငံအနေချင်းအနေနဲ့ အဆင့်မြင့် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲဒီအတွက်လည်း မလေးရှားနိုင်ငံအနေနဲ့ ကာကွယ်ပေးဖို့ ဆိုပြီးတော့မှ ရဲကင်းတွေတိုးပြီးတော့လှည့်တာ။ တိုးမြှင့်ပြီးတော့ စောင့်ရှောက်တာ၊ သံရုံးကို ကာကွယ်စောင့်ရှောက်ပေးတာမျိုး ဆောင်ရွက်ပါတယ်။ အဲဒီတစ်ပိုင်းထဲမှာပဲ အော်ပရာစီလို့ခေါ်တဲ့ အော်ပရေးရှင်း စစ်ဆင်ရေးသဖွယ် လုပ်ပြီးတော့မှ ဒုစရိုက် ရပ်ကွက်ထဲမှာ နေထိုင်နေတဲ့နိုင်ငံခြားသား၊ ခုနပြောတဲ့ ဒီအဖွဲ့တွေကိုဖမ်းဆီးပြီး တရားဝင်လာရောက်တာ ဟုတ်၊ မဟုတ် စိစစ်ဆောင်ရွက်တဲ့ဟာတွေ ဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ဒီတရားမဝင် ရောက်နေတဲ့ကြားမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေပြီးသွားအောင် လျော့နည်းသွားအောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်နေတာလည်းရှိပါတယ်။ အဲတော့ သူတို့အနေအထားအရ သူတို့နိုင်ငံမှာ တရားဝင် လာရောက်နေထိုင်တဲ့ ပြည်သူတွေကို ဥပဒေအကြောင်းအရ ကာကွယ်ဖို့ရှိတယ်။ တရားမဝင် ဝင်ရောက်တဲ့သူတွေကိုလည်း ခုနက သင့်တော်တဲ့နည်းနဲ့ ထိန်းသိမ်းပြီးတော့ ဘေးအန္တရာယ်မရောက်အောင် ကာကွယ်နိုင်တဲ့နည်းလမ်းရှိတယ်။ ပြန်ပို့ခြင်းအားဖြင့် ဘေးအန္တရာယ်မရောက်အောင် နည်းလမ်းတွေရှိပါတယ်။ အဲတော့ အားလုံးကို သံရုံးနဲ့ အဆက်မပြတ် မလေးရှားနိုင်ငံရဲတပ်ဖွဲ့နဲ့သက်ဆိုင်ရာကနေပြီးတော့ သူတို့ဆောင်ရွက်နေတာ သတင်းပို့နေတယ်။ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးနေတယ်ဆိုတာကိုလည်း လက်တွေ့လည်း ပြသတယ်။ သတင်းလည်းပို့တယ်။ ပူးပေါင်းလည်း ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

မေး။ ။ အခုသွားမယ့် ဒီခရီးကို ဘယ်လိုမျှော်လင့်ထားပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံသားတွေအတွက် ဒီအကောင်းဆုံးဖြစ်အောင်ပေ့ါ၊ နိုင်ငံတော်သမ္မတကြီးရဲ့စေတနာအရ ဘယ်နိုင်ငံမှာပဲရောက်ရောက် မြန်မာနိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ပေးရမယ့်အဓိကတာဝန်ဟာ သံရုံးရဲ့တာဝန်ပဲဆိုပြီးတော့မှ ပြောကြားထားတာရှိပါတယ်။ မြန်မာသံရုံးတွေရဲ့တာဝန်ကလည်း အဲဒါအဓိကဖြစ်ပါတယ်။ မြန်မာနိုင်ငံသားများကို အတတ်နိုင်ဆုံးကာကွယ်စောင့်ရှောက်ပေးဖို့အတွက် ညှိနှိုင်းဆွေးနွေးမှု လက်တွေ့လုပ်ဆောင်ဖို့ဖြစ်ပါတယ်။ ခုဟာ နိုင်ငံရပ်ခြားဖြစ်တဲ့အတွက် နှစ်နိုင်ငံ သဘောတူညီချက်အရသာ ဆောင်ရွက်ရတာဖြစ်ပါတယ်။ တခြားနိုင်ငံမှာ ကိုယ်က ဧည့်သည်ဖြစ်တဲ့အတွက် အိမ်ရှင်နိုင်ငံရဲ့ဥပဒေဘောင်အတွင်းကသာ ပေးနိုင်မှုတွေ၊ အကူအညီပေးနိုင်မှုတွေ၊ လုပ်လို့ရပါတယ်။ ကျွန်တော်တို့အပိုင်းက သွားပြီးတော့မှ ပြောတယ်၊ ဆိုတယ်၊ တောင်းဆိုတယ်၊ ကိုယ်တိုင်ဒီအဆင့်ပဲရှိတယ်။ ကိုယ်တိုင် သွားစောင့်ရှောက်ဖို့အတွက် ဒီလူတွေကို တစ်နေရာမှာ ထိန်းသိမ်းထားဖို့ ကျွေးမွေးထားဖို့ ဒီကိစ္စတွေ မြန်မာနိုင်ငံက အလှူရှင်များအနေဖြင့် ဒုက္ခရောက်နေတဲ့သူတွေ၊ ဆေးရုံတက်နေတဲ့သူတွေ ကူညီဖို့ စနေပါပြီ။ ပြန်ခေါ်မယ်ဆိုလို့ရှိရင်လည်း လေယာဉ်ပျံစရိတ်ကို လျှော့ပေ့ါပြီးတော့မှ ကူညီမယ်ဆိုတဲ့အဖွဲ့တွေလည်း ပေါ်ပေါက်နေပါပြီ။ မလေးရှားနိုင်ငံမှာရောက်ရှိနေလို့ရှိရင်တော့ ဒါတွေကို ဘယ်လို စီစဉ်ဆောင်ရွက်သွားမလဲဆိုတာ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ တိုင်ပင်ပြီးတော့မှ စဉ်ဆက်မပြတ်ဆောင်ရွက်သွားဖို့ အခြေအနေရှိပါတယ်။

မေး။ ။ ဆိုရှယ်နက်ဝပ်တွေမှာ မလေးရှားနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးရဲ့ လုပ်ဆောင်ချက်တွေကို အားမလို အားမရဖြစ်နေတယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာ ဘယ်လို ထင်မြင်သုံးသပ်ပါသလဲ။

ဖြေ။ ။ သံရုံးရဲ့လုပ်ဆောင်ချက်တွေမှာ သံရုံးအနေနဲ့ကတော့ တရားဝင်အဖွဲ့အစည်းလည်းဖြစ်ပြီးတော့ တရားဝင်နိုင်ငံတော်ကိုသတင်းပို့ရတာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနကို ပို့တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနကနေပြီးတော့မှ တစ်ဆင့် နိုင်ငံတော်သမ္မတရုံးကိုတင်ပြပါတယ်။ အဲတော့ အဲဒီလို တင်ပြတဲ့အခါမှာ သတင်းအချက်အလက်က ခိုင်မာတိကျဖို့လိုပါတယ်။ ခိုင်မာတိကျဖို့လိုတဲ့အတွက် ဘာကိုစောင့်ရလဲဆိုလို့ရှိရင် အချိန်က Delay ဖြစ်သွားပါတယ်။ ဖြစ်လိုက်တယ်။ အခုချက်ချင်းမပြောနိုင်ပါဘူး။ မောင်ဖြူဖြစ်တယ်၊ မောင်ဖြူ သေချာလား၊ မောင်ဖြူဆိုတာ ဘယ်တုန်းက ရောက်လဲ၊ ဒဏ်ရာရတယ်၊ ဘယ်လောက်ရတာလဲ။ ဆေးရုံတက်တယ်၊ ဘယ်မှာတက်တာလဲ စသည်ဖြင့်ပေ့ါ၊ အဆင့်ဆင့်ကို ကိုယ်တိုင်သွားမကြည့်နိုင်တာလဲ ရှိတယ်။ သက်ဆိုင်ရာ ရဲပေ့ါနော်၊ ရဲဌာန၊ ပြည်ထဲရေးဌာန၊ နောက် ဆေးရုံ၊ ဒီဟာတွေနဲ့ဆက်ပြီးတော့ အတည်ပြုတာပေ့ါ၊ အတည်ပြုလို့ရတဲ့ တိုက်ခိုက်ခံရလို့ ဆေးရုံတက်တဲ့သူတွေကို သံအမတ်ကြီးကိုယ်တိုင် သွားကြည့်ပြီးတော့ အလှူငွေတွေ ပေးအပ်ခဲ့တာရှိပါတယ်။ ခု ဒီမှာပေါ်လာတယ်၊ ဒီမှာဖြစ်နေပြီ၊ မသိသေးဘူး၊ ဒါဟာ ဘာမှ အကူအညီမပေးသေးဘူးလား၊ အကာအကွယ်မပေးသေးဘူးလားလို့ ပြောတဲ့သူတွေကိုလည်း အပြစ်မတင်ချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကိုယ့်နိုင်ငံသားကို ကာကွယ်ပေးချင်တဲ့ဆန္ဒနဲ့ ပြောတာပဲဖြစ်ပါတယ်။ ဒါပေမယ့် သိစေချင်တဲ့အချက်လေးကတော့ တရားဝင်လုပ်ဆောင်ရတယ်။ အတည်ပြုချက်ယူရတယ်၊ တာဝန်အရလုပ်ရတာဖြစ်တဲ့အတွက် အချိန်ကိုစောင့်ပါတယ်။ စောင့်တဲ့အတွက်လည်း ဒီသတင်းပို့မှုစနစ်တွေ နှောင့်နှေးသွားပါတယ်။ သတင်းထဲမှာပါတဲ့ဟာတွေက Live မဖြစ်ဘူး။ Live မလွှင့်နိုင်ဘူး။ မပြောနိုင်ဘူး၊ မဆိုနိုင်ဘူး၊ အဲတော့ သံရုံးအနေနဲ့က ဖြစ်တဲ့ အဖြစ်အပျက်အနေအထားအားလုံးကို မေ ၂၉ ရက်ကစပြီးတော့ ၃၀ ရက် ဖြစ်တယ်၊ ၃၁ ရက်ဖြစ်တယ်။ ၁ ရက်ဖြစ်တယ်၊ ၂ ရက်ဖြစ်တယ်၊ ၃ ရက်ဖြစ်တယ် စသည်ဖြင့်ပေ့ါ၊ သတင်းပို့ပါတယ်။ အဲဒီသတင်းပို့ချက်များကိုလည်း ကျွန်တော်တို့သမ္မတရုံးကိုလည်း တင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း တင်ပြရတဲ့ ကြားခံအဆင့်လည်း မဟုတ်ပါဘူး။ သံအမတ်ကြီးကို ဆေးရုံကို သွားရောက်ကြည့်ရှုဖို့၊ ဘုန်းတော်ကြီးကျောင်းမှာ ဘုန်းတော်ကြီးနဲ့ စဉ်ဆက်မပြတ် ဆက်သွယ်ပြီးတော့မှ ဆောင်ရွက်နေဖို့ စသည်ဖြင့် ညွှန်ကြားချက်တွေပေးပါတယ်။ သတင်းထုတ်ပြန်ဖို့လည်း ပြန်ကြားရေးဝန်ကြီးဌာနနဲ့ သတင်းတွေထုတ်ပြန်ဖို့ဆိုပြီးတော့မှ အချိန်မီဆောင်ရွက်ပေးတာရှိပါတယ်။ Delay ဖြစ်တယ်ဆိုတာမှန်ပါတယ်။ ဖြစ်ရတဲ့အကြောင်းရင်းက ခုနကလို တိကျသေချာအောင် ကျွန်တော်တို့ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

မေး။ ။ မြန်မာပြည်တွင်းမှာ စိုးရိမ်ပူပန်နေတဲ့မိဘတွေကို နှစ်သိမ့်အားပေးတဲ့ စကားလေး ပြောပေးပါဦးခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီမိဘကလည်း မိဘတာဝန်၊ နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းသူပြည်သားဆိုတာ သားသမီးလိုပါပဲ။ သူတို့ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် တန်းတူရည်တူပေ့ါ၊ တာဝန်ရှိပါတယ်။ ဆောင်ရွက်ပေးရမှာ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးမယ်။ သန္နိဋ္ဌာန်ချထားပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ညှိပြီး နောက် သူရဲ့ဥပဒေတွေ ရှိတယ်။ ဒီဟာတွေနဲ့အညီ လိုက်လျောညီထွေအောင်လုပ်တဲ့အခါမှာ မျှော်လင့်ထားတာတွေအတိုင်း ဖြစ်ချင်မှလည်း ဖြစ်မယ်။ ဒါပေမယ့်လည်း တရားဥပဒေဘောင်အတွင်းက နှစ်နိုင်ငံဆက်ဆံရေး မထိခိုက်စေဘဲနဲ့ အားလုံးကို ဆောင်ရွက်ပေးနိုင်မယ်။ တရားမဝင်နေထိုင်တဲ့သူတွေကို ပြန်လည်ပြီးတော့ ခေါ်ဆောင်ပေးနိုင်မယ်။ ဆက်ပြီးတော့ အလုပ်လုပ်မယ့် သူတွေရှိပါတယ်။ ဆက်ပြီး အလုပ်လုပ်မယ့်သူတွေ တရားဝင် အလုပ်လုပ်မယ့်သူတွေကိုလည်း ဂရုတစိုက် ဆောင်ရွက်ပေးဖို့ပေ့ါ၊ ကျွန်တော်တို့ ဒါတွေတိုက်တွန်းတယ်။ နောက် သူတို့ကို အလုပ်ခန့်ထားတဲ့ သူတွေရှိပါတယ်။ အခု မလေးရှားနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် ပြောနေပါတယ်။ ပြောနေတာ ကတော့ အလုပ်ရှင်နဲ့ အလုပ်သမားတွေကို ကာကွယ်ပေးဖို့ပေ့ါ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီရဲ့လုပ်အားဟာ ခုနက ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းကြီးတွေမှာ မရှိမဖြစ် အရေးပါနေတယ်ဆိုတာ လုပ်ငန်းရှင်တွေက သိရှိပြီးဖြစ်ပါတယ်။ အလုပ်ရှင်ကိုယ်တိုင်က တစ်တပ်တစ်အား ပါဝင်ပြီးတော့မှ ကာကွယ်နိုင်မယ်၊ စောင့်ရှောက်နိုင်မယ်ဆိုရင် လက်ရှိလုပ်နေတဲ့သူတွေ၊

ပြည်တွင်းသတင်း

မိဘပြည်သူများ ကျေနပ်မှုရရှိနိုင်သည့် အသွင်သစ်ဖြင့် ဝန်ဆောင်မှုပေးရန် စာအုပ်အရောင်းဆိုင်နှင့် သတင်းစာကြော်ငြာဌာနကို ပိတ်ရက်မရှိ ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၁

မျက်မှောက်ပညာခေတ်တွင် မိဘပြည်သူများ စာပေဗဟုသုတ အဖြာဖြာကို လွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်ရေး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ ကြေးမုံ၊ မြန်မာ့အလင်းနှင့် The New Light of Myanmar သတင်းစာများတွင် လူမှုရေး၊စီးပွားရေး၊သာရေး၊ နာရေး၊ ကြော်ငြာများကို မြို့လယ်မှာပင် လွယ်လင့်တကူ ဆောင်ရွက်နိုင်ရေး၊ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ အပြည့်အဝ ဝန်ဆောင်မှု ပေးနိုင်ရေးတို့ကိုရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် ကြော်ငြာလက်ခံဌာနကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်း (အလယ်) အမှတ် (၁၇၃)၊ (၁၇၅) မြေညီထပ် အမှတ်(၀၀၆)၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်ကို မူလက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၁၂) မြေညီထပ်တွင် ဖွင့်လှစ်ခဲ့ရာမှ မိဘပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ စာပေဝါသနာရှင်ပြည်သူများ ပိုမိုအဆင်ပြေစွာ လွယ်လင့်တကူ ဝယ်ယူနိုင်သော ရန်ကုန်မြို့၏ ဗဟိုအချက်အချာ အဆိုပါနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တွင် ပညာရှင်များ အလွယ်တကူလေ့လာရှာမှီးနိုင်မည့် ဥပဒေ၊ သမိုင်း၊ အဘိဓာန်၊ အတွဲအမှတ်(၁)မှ အမှတ်(၁၅) အထိပါဝင်သော မြန်မာ့စွယ်စုံကျမ်းများ၊ နိုင်ငံရေး၊ ဘာသာရေး၊ စီးပွားရေး အပါအဝင် သုတရသ စာအုပ်မျိုးစုံ၊ အင်္ဂလိပ်စကားပြော အပါအဝင် ပညာရေးဆိုင်ရာ စာအုပ်မျိုးစုံ၊ အတွေးအမြင်နှင့် တက်ကျမ်းစာအုပ်မျိုးစုံ၊ အသက်မွေးပညာရပ်ဆိုင်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးစာအုပ်မျိုးစုံ၊ ပုံပြင်စာအုပ်များ အပါအဝင် ကလေးစာပေများ စသည်ဖြင့် ဘာသာရပ်အလိုက် ကဏ္ဍစုံလင်စွာ စင်တင်ရောင်းချပေးသွားမည် ဖြစ်သည်။

အလားတူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ ကြေးမုံ၊ မြန်မာ့အလင်း၊ The New Light of Myanmar သတင်းစာများတွင် လူမှုရေး၊ စီးပွားရေး၊သာရေး၊ နာရေး၊ ကြော်ငြာများကိုလည်း ကြော်ငြာရှင်မိဘပြည်သူများ အချိန်နှင့်တစ်ပြေးညီ လွယ်လင့်တကူ ထည့်သွင်းကြော်ငြာနိုင်ရေးအတွက် စာအုပ်အရောင်းနှင့်အတူ တစ်ပါတည်း အသစ် ထပ်မံဖွင့်လှစ်ပေးထားသည်။ ကြော်ငြာရှင်မိဘပြည်သူများ ကျေနပ်မှုအပြည့်အဝရရှိသည့် အသွင်သစ်ဖြင့် ဝန်ဆောင်မှုပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

သတင်းစာ ကြော်ငြာများကို အထက်ပါနေရာသစ်အပြင် မူလကြော်ငြာလက်ခံနေရာများ ဖြစ်ကြသည့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၅၂လမ်းထောင့်ရှိ ကြေးမုံသတင်းစာကြော်ငြာဌာန၊ ဗဟန်းမြို့နယ် ဗိုလ်ချုပ် (၂)ရပ်ကွက် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက် ကြော်ငြာဌာနနှင့် ကမ်းနားလမ်း အမှတ် ၂၂/၃၂ ရှိ The New Light of Myanmar သတင်းစာတိုက်ကြော်ငြာဌာန၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင် မြန်မာ့အလင်းပုံနှိပ်တိုက် ကြော်ငြာဌာန တို့တွင်လည်း မူလအတိုင်း လက်ခံဝန်ဆောင်ပေးလျက်ရှိသည်။

ဆက်သွယ်နိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် သတင်းစာကြော်ငြာဌာနကို နေ့စဉ်ပိတ်ရက်မရှိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ စာအုပ်ဝယ်ယူလိုသူများ အနေဖြင့် ဖုန်း-၂၄၈၁၀၂ သို့ လည်းကောင်း၊ သတင်းစာကြော်ငြာထည့်သွင်းလိုသူများအနေဖြင့် ဖုန်း-၂၄၈၁၀၁ သို့ လည်းကောင်း၊ အွန်လိုင်းဖြင့် ဆက်သွယ်လိုသူများအနေဖြင့် themirror 52 @ gmail.com ၊ mmalygn 544 @ gmail.com ၊ nlm.ygn@gmail.com တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံ၊ မြန်မာ့အလင်း၊ The New Light of Myanmar သတင်းစာများတွင် ကြော်ငြာရှင်မိဘပြည်သူများ အချိန်နှင့်တစ်ပြေးညီ လွယ်လင့်တကူ ထည့်သွင်းကြော်ငြာနိုင်ရန် နေ့စဉ်ပိတ်ရက်မရှိ ကြော်ငြာလက်ခံဌာန ဖွင့်လှစ်ထားစဉ်။ (သတင်းစဉ်)

မိုးခေါင်ရေရှားဒေသ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

နေပြည်တော် ဇွန် ၁၁

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့၏ စီမံဦးဆောင်မှုဖြင့် ဆားလင်းကြီးမြို့နယ်၌ ဇွန် ၇ ရက်မှ ၁၀ ရက်အထိ အခမဲ့ မျက်စိရောဂါ ကုသပေးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန စစ်ကိုင်း၊ ရွှေဘို၊ မုံရွာပြည်သူ့ဆေးရုံကြီးများမှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ မျက်မှန်ကျွမ်းကျင်သူများနှင့် ဆရာ ဆရာမများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မျက်စိခွဲစိတ်ကုသပွဲသို့ ဆားလင်းကြီးမြို့နယ်နှင့် ပတ်ဝန်းကျင်ရှိ ပုလဲ၊ ယင်းမာပင်၊ ကနီနှင့် မြိုင်မြို့နယ်တို့မှ မျက်စိဝေဒနာရှင် ပြည်သူများ လာရောက်ပြသကုသခဲ့ကြရာ အကြီးစားခွဲစိတ်ကုသသူ ၂၀၂ ဦး၊ အသေးစား ခွဲစိတ်ကုသသူ ၁၄၂ ဦး၊ မျက်မှန်တပ်ဆင်ရသူ ၁၁၆၀ နှင့် ဆေးဝါးကုသရသူ ၁၂၈၄ ဦးတို့ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် မျက်စိစမ်းသပ်စစ်ဆေးပေးမှု၊ ပါဝါမျက်မှန် တပ်ဆင်ပေးနေမှု၊ အထူးကုဆရာဝန်ကြီးများ မျက်စိစမ်းသပ်စစ်ဆေးကုသပေးမှုတို့နှင့် မျက်စိခွဲစိတ်ကုသပေးမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး မျက်စိခွဲစိတ်ပြီးသူများအား နေကာမျက်မှန် တပ်ဆင်ပေးကာ **(အပေါ်ပုံ)**ထောက်ပံ့ငွေများပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျန်ခဲ့မယ့်သူတွေအတွက် စိတ်ချရမှာ ဖြစ်ပါတယ်။

မေး။ ။ သေဆုံးတဲ့ သူတွေကို မလေးရှားနိုင်ငံမှာသင်္ဂြိုဟ်မယ်လို့သိရပါတယ်။ ဒီမှာကျန်ခဲ့တဲ့ မိသားစုတွေနဲ့ ဆက်သွယ်ပေးနိုင်ဖို့ ဘယ်လို အစီအစဉ်ရှိပါသလဲ။

ဖြေ။ ။ မလေးရှားနိုင်ငံမှာ သေဆုံးတယ်ဆိုလို့ရှိရင် ခုနက ရဲအမှုပိုင်တဲ့ အမှုရှိပါတယ်။ နောက်တစ်ခါ အက်ဆီးဒင့်နဲ့ သေဆုံးတာမျိုးလည်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် အလုပ်လုပ်ရင်း သေဆုံးတယ်ဆိုတဲ့အခါ မလေးရှား ဥပဒေအရ သူတို့ချက်ချင်း သင်္ဂြိုဟ်လို့မရပါဘူး။ မရတဲ့အကြောင်းရင်းကတော့ အထူးသဖြင့်အလုပ်သမားပေါ့၊ အလုပ်သမားကို ဒီဘက်က မြန်မာပြည်မှာ ရှိနေတဲ့ မိဘဆွေမျိုးအသိုင်းအဝိုင်းရဲ့ ခွင့်ပြုချက်မရဘဲနဲ့ သင်္ဂြိုဟ်တယ်ဆိုလို့ရှိရင် တရားစွဲတာတို့ လုပ်နိုင်ပါတယ်။ အဲလို အလုပ်သမားတွေဆုံးပြီဆိုလို့ရှိရင် တစ်နည်းနည်းနဲ့ပဲ ပတ်ဝန်းကျင်က သတင်းပို့တယ်။ သူတို့ကပဲ ဆက်သွယ်တဲ့အတွက် ဒီနိုင်ငံမှာရှိနေတဲ့ မိသားစုက သိသွားတာပါပဲ။ သိသွားတော့ခုန အလုပ်ရှင်နဲ့ပတ်သက်ပြီး လျော်ကြေးကိစ္စတို့ ကျန်တဲ့ကိစ္စတို့ ဆောင်ရွက်နိုင်ဖို့အတွက် ပြောဆိုညှိနှိုင်းတဲ့ဟာတွေရှိပါတယ်။ ပြီးတော့ ဒီဟာအတွက် ဆောင်ရွက်ပြီးတဲ့အခါမှာ ၊ ဒါမှမဟုတ်လဲ ဆောင်ရွက်နေဆဲအခါ မိဘတွေက ဆွေမျိုးအသိုင်းအဝိုင်းတွေက သင်္ဂြိုဟ်စေချင်တယ်ဆိုရင် နိုင်ငံခြားရေးဝန်ကြီးဌာနကို အကြောင်းကြားပါတယ်။ ဒီလူကတော့ ဒီမှာဆုံးပါးနေပါပြီ။ တစ်ခါတလေ နိုင်ငံခြားရေးဝန်ကြီးဌာန မသိပါဘူး။ ဆုံး-မဆုံးဆိုတာ ဒီက မိသားစုမသိတော့ ဒီလူတော့ ဘယ်နေ့ဘယ်ရက်က ဆုံးသွားတယ်၊ သူ့ကို သင်္ဂြိုဟ်ဖို့အတွက် မြှုပ်ပေးပါဆိုလို့ရှိရင် ဒီမြန်မာသံရုံးကို လှမ်းအကြောင်းကြားပြီးတော့မှ ဒါသင်္ဂြိုဟ်ခွင့်တောင်းလာတဲ့အခါမှာ သင်္ဂြိုဟ်ခွင့်ပြုလိုက်ပါတယ်။

မေး။ ။ မိသားစုတွေထံ အကြောင်းကြားပေးနိုင်ခြင်း၊ စီစဉ်ပေးနိုင်ခြင်း ရှိ-မရှိ သိပါရစေ။

ဖြေ။ ။ ဘယ်သူ ဘယ်ဝါဆိုတာကို နဂိုကတည်းက သိတယ်ပေါ့၊ ဒီဟာဖြစ်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အကြောင်းကြားပေးနိုင်ပါတယ်။ ဥပမာ ဒီနေရာမှာ ဆုံးသွားတယ်၊ မောင်ဘယ်သူပေါ့၊ သူ့ဒေသက ဘယ်အရပ်၊ ဘယ်ဒေသကပါ ဆိုလို့ရှိရင် အကြောင်းကြားပေးနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သိနေတဲ့သူတွေ အကြောင်းကြားပေးနိုင်ဖို့ ဘာမျှဝန်လေးစရာမရှိပါဘူး။

မေး။ ။ မလေးရှားမှာတိုက်ခိုက်တဲ့ တရားခံတွေကို ဖမ်းဆီးမိခြင်း ရှိ-မရှိ သိပါရစေ။

ဖြေ။ ။ လောလောဆယ်အရတော့ ဖမ်းဆီးနိုင်ခြင်းမရှိသေးပါဘူး။ တိုက်ခိုက်မှုတွေမှာ CCTV ကင်မရာကနေပြီးတော့မှ ရိုက်ထားတာတွေ ရှိပါတယ်။ ဒီဟာတွေကို စုံစမ်းဖော်ထုတ်ပြီးတော့မှ အရေးယူပေးပါမယ်ဆိုပြီး သက်ဆိုင်ရာအခင်းဖြစ်ပွားတဲ့ ရဲမှူးကိုယ်တိုင် သံရုံးမှာလာပြီးတော့ ပြောလည်းပြောပါတယ်။ သတင်းလည်းပို့သွားပါတယ်။ အခုလောလောဆယ် ဖမ်းဆီးရမိခြင်း မရှိသေးဘူး။

ဒေါ်ဝင်းမော်ထွန်း
(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)

မေး။ ။ တရားမဝင်ရောက်ရှိနေတဲ့သူတွေအတွက် စာရင်းကောက်ပြီးတော့ မြန်မာနိုင်ငံကို ပြန်လိုပါကဆောင်ရွက်ပေးနိုင်မယ့်အစီအစဉ်ရှိ-မရှိ သိပါရစေ။

ဖြေ။ ။ ရှိပါတယ်။ သံရုံးနဲ့ညှိမယ်။ တရားမဝင်သည်ဖြစ်စေ၊ တရားဝင်

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှု ဖူလုံရေး ဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ရှင်း လင်း ပြောကြားစဉ်။

(သတင်းစဉ်)

သည်ဖြစ်စေ၊ ကိုယ့်နိုင်ငံသား အားလုံးကို ကူညီပါမယ်။ တရားဝင်အထောက်အထားရှိတဲ့သူတွေရော၊ မရှိတဲ့သူတွေရော ပြန်ချင်ရင် ပြန်နိုင်အောင် အကူအညီပေးမယ်။ ပြန်ဖို့အတွက်ကိုလည်း လုပ်ပေးမယ်။ စာရင်းကတော့ကောက်မယ်။ မကောက်လို့လည်း မဖြစ်ဘူး။ တကယ်တမ်းရောက်နေတယ်ဆိုတဲ့ တရားဝင်စာရင်းထက် တရားမဝင်ရောက်နေတာတွေက အရမ်းများတယ်။ အဲဒါတွေကလေ မှန်တာပြောရင် ရေရှည်မှာ လူမှုရေးပြဿနာမသေးရင် ကြိုတင်ကာကွယ်တာက ပိုကောင်းတယ်။ သူ ပြန်ချင်တဲ့ ဆန္ဒရှိရင် ပြန်ဖို့လုပ်ပေးမယ်။

(သတင်းစဉ်)

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

❒ *ကျောက်ဖြူမှ*

နေပြည်တော်တို့သို့ တစ်မြို့ပြီးတစ်မြို့ လှည့်လည် အပူဇော်ခံကာပင့်ဆောင်လာခြင်းဖြစ်သည်။

အဆိုပါ ဗုဒ္ဓစွယ်တော်ပွားနှစ်ဆူနှင့် ရွှေကျောင်းဆောင်နှစ်ဆောင်တို့အနက် ဗုဒ္ဓစွယ်တော်ပွားတစ်ဆူနှင့် ရွှေကျောင်းဆောင်တစ်ဆောင်သည်နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်လိုဏ် အတွင်းအရှေ့မြောက်ထောင့်အရပ်၌ အစဉ်ထာဝရ ကိန်းဝပ် စံပယ်တော်မူမည်ဖြစ်သည်။

ဗုဒ္ဓစွယ်တော်ပွားတစ်ဆူနှင့် ရတနာစီခြယ် ရွှေကျောင်းဆောင်အားရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် စေတနာသမ္ဘာရ တန်ဆောင်း၌ ကိန်းဝပ် စံပယ်တော်မူရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှပဲခူးမြို့သို့ ပင့်ဆောင်သွားပြီး ဇွန်လ ၁၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ဆက်လက်ပင့်ဆောင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့လေကြောင်းမှ MA-60 လေယာဉ်များပျံသန်းမှုရပ်ဆိုင်းထား

ကော့သောင်း ဇွန် ၁၁

ဇွန် ၁၀ ရက်က ကော့သောင်းလေဆိပ်၌ မြန်မာ့လေကြောင်းပိုင် လေယာဉ်ပြေးလမ်းချော်မှု ဖြစ်စဉ်တွင် လေယာဉ်ခရီးစဉ် UB-309 မှာ SUN FAR TRAVELS & TOURS CO.,LTD. ၏ စပယ်ရှယ် ပြည်တွင်းခရီးစဉ်မဟုတ်ဘဲ မြန်မာ့လေကြောင်း ရန်ကုန်-မော်လမြိုင်-ကော့သောင်းပုံမှန်ခရီးစဉ် (Schedule Flight) တစ်ခုဖြစ်ကြောင်း၊ လေယာဉ်မှတ်ပုံတင်အမှတ်မှာ XY-AIP ဖြစ်ပြီး လေယာဉ်အမျိုးအစားမှာလည်း MA-60 အမျိုးအစားဖြစ်ကြောင်း ထပ်မံသိရှိရသည်။

မေလ ၁၆ ရက်နေ့ကလည်း MA-60 အမျိုးအစားလေယာဉ်အမှတ် XY-AIQ မိုင်းဆတ်လေယာဉ်ကွင်းအဆင်း၌ Break system ချွတ်ယွင်းမှုကြောင့် လေယာဉ်ပြေးလမ်းကို ကျော်လွန်သွားခဲ့ရာ အထက်ပါ မတော်တဆဖြစ်ရပ်များကြောင့် မြန်မာ့လေကြောင်းမှ MA-60 လေယာဉ်များပျံသန်းမှုကို ဇွန် ၁၀ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲမှစ၍ ရပ်ဆိုင်းထားလိုက်ပြီဖြစ်သည်ဟု သိရသည်။

ဇွန် ၁၀ ရက်နေ့ကပင် အင်ဒိုနီးရှားနိုင်ငံပိုင် လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် Merpati Nusantara Airlines မှ MA-60 အမျိုးအစား လေယာဉ်တစ်စင်း Kupang လေဆိပ်၌ဆင်းသက်စဉ် မတော်တဆမှု ဖြစ်ပွားခဲ့ရာ ခရီးသည်အများအပြား ဒဏ်ရာရရှိသွားခဲ့သော်လည်း သေဆုံးမှုမရှိကြောင်းနှင့် အဆိုပါခရီးစဉ်တွင် ခရီးသည် ၅၀ တင်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း အေပီသတင်းတစ်ရပ်အရ သိရသည်။ **(မြန်မာ့အလင်း)**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်	မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။
ဘင်္ဂလားပင်လယ်အော် အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ပြည်တွင်းသတင်း

မြောင်းမြစက်မှုဇုန်မှ လယ်ယာမြေသိမ်းဆည်းခံရသော လယ်သမားများသို့ နစ်နာကြေးပေးအပ်

မြောင်းမြ ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြစက်မှုဇုန်မြေအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသော လယ်မြေများမှလယ်သမားများ၏ နစ်နာမှုကို ထောက်ရှု၍ လယ်ယာမြေသိမ်းဆည်းခံရသော လယ်သမားများသို့ နစ်နာကြေးပေးအပ်ပွဲကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က နစ်နာကြေးပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လယ်သမားတစ်ဦးချင်းသို့ နစ်နာကြေးငွေများပေးအပ်သည်။ **(ယာပုံ)**

မြောင်းမြ စက်မှုဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော သိမ်းဆည်းလယ်မြေဧက အတွက် လယ်သမား ငါးဦး၊ လယ်ဧက ၃၁ ဒသမ ၈၀ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၇၇ သိန်းအား နစ်နာမှုအတွက် လယ်သမားများ၏ တောင်းဆိုမှုအတိုင်း နှစ်ဦးနှစ်ဖက် ကျေနပ်စွာ လက်ခံဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြောင်းမြစက်မှုဇုန်ကြီးကြပ်မှုကော်မတီ၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ၊ စက်မှုဇုန် ဖော်ထုတ်ရာတွင် သိမ်းဆည်းခံရသော လယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

အောင်မင်း(မြောင်းမြ)

အမှတ်(၁၈)အစုန်မော်လမြိုင်-နေပြည်တော်ရထား မုပ္ပလင်ဘူတာတွင် လူစီးတွဲ သုံးတွဲလမ်းချော်

သထုံ ဇွန် ၁၁

ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာ မုပ္ပလင်ဘူတာအထိ ရထားလမ်း မိုင်တိုင်အမှတ်(၈၄/၁၁-၉)အကြားတွင် ဇွန် ၁၀ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က မော်လမြိုင်ဘက်မှလာသော အမှတ်(၁၈)အစုန် မော်လမြိုင်-နေပြည်တော် လူစီးအမြန်ရထား၏ လူစီးတွဲသုံးတွဲ လမ်းချော်မှုဖြစ်ပွားခဲ့သည်။

ရထားလမ်းချော်မှုကြောင့် အမှတ်(၉၀) အစုန်မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားသည် ကျိုက္ကသာဘူတာ၌လည်းကောင်း၊ အမှတ်(၁၅)အဆန် နေပြည်တော်-မော်လမြိုင် လူစီးအမြန်ရထားသည် သိမ်ဇရပ်ဘူတာ၌ လည်းကောင်း၊ အမှတ်(၃၆)အစုန် မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားသည် ကျိုက်ထိုဘူတာ၌ လည်းကောင်း၊ အမှတ်(၃၅) အဆန် ရန်ကုန်-မော်လမြိုင် လူစီးအမြန်ရထားသည် သိမ်ဇရပ်ဘူတာ၌လည်းကောင်း၊ အမှတ်(၁၇၆) အစုန် ထားဝယ်- ရန်ကုန် လူစီးအမြန်ရထားသည် ကျိုက်ထိုဘူတာ၌ လည်းကောင်း ရပ်နားထားခဲ့ရသည်။

အဆိုပါ ရထားလမ်းချော်မှုအား မြန်မာ့မီးရထား မော်လမြိုင် တိုင်းတာဝန်ခံ(၈)ဦးတင့်ဝေ ဦးဆောင်သောအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ရာ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားထားသောရထားများအားလုံး ထွက်ခွာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံသုံး ရူပီးငွေများ ရှာဖွေစစ်ဆေးတွေ့ရှိ

တမူး ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်မှ အဖွဲ့ပေါင်းစုံပါဝင်သောလှုပ်ရှားစစ်ဆေးရေးအဖွဲ့ (Mobile Team) သည် ဇွန် ၈ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က တမူးမြို့မှ ၁၂ မိုင်အကွာ တမူး-ကလေး-ကလေးဝသွား ကားလမ်းမကြီးပေါ်ရှိ ခွန်မွန်းနွန်ကျေးရွာတွင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို စစ်ဆေးဆောင်ရွက်နေစဉ် တမူးမြို့မှ ကလေးမြို့သို့ ယာဉ်မောင်းကပ်ထန်နှင့် ယာဉ်နောက်လိုက် လားရင်မောလ္လျံတို့ မောင်းနှင်လာသော ယာဉ်အမှတ် ၆က/. . . "ရွှေပြည်ကျော်" ခရီးသည်တင်မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်း၏ ဝဲဘက်ဘေးရှေ့ခန်း Tool Box အတွင်းရှိ ဘေးကြားအိတ်အတွင်းမှ အောင်ကိုကိုလွင်အမည်ပါ အထုပ်သုံးထုပ်ကို ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အိန္ဒိယနိုင်ငံသုံး ငွေကြေးရူပီးငွေ ၁၀၀၀ တန် ၃၈၀၀ ရွက်၊ ၃၈ သိန်းနှင့် ၅၀၀ တန် ၂၄၀၀ ရွက်၊ ၁၂ သိန်း၊ စုစုပေါင်း ရူပီးငွေ သိန်း ၅၀ (မြန်မာတန်ဖိုးငွေကျပ်ခန့်မှန်း ၈၁၅ သိန်း)ရှာဖွေစစ်ဆေးတွေ့ရှိခဲ့သဖြင့် **(ဝဲပုံ)**ယာဉ်မောင်း ကပ်ထန် (၂၅ နှစ်) ဈေးတန်း (၁၀) ရပ်ကွက် တမူးမြို့နေသူနှင့် ယာဉ်နောက်လိုက် လားရင်မောလ္လျံ (၂၇ နှစ်)တမူးမြို့တို့ နှစ်ဦးအား တမူးရဲစခန်းက ၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂ ဖြင့် အမှုဖွင့်အရေးယူထားပြီး မော်တော်ယာဉ်နှင့် သက်သေခံငွေကြေးများကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၅၈)**

အချုပ်ကားဘရိတ်ပေါက်ပြီး ကားလေးစီးဆင့်တိုက်

ရန်ကုန် ဇွန် ၁၁

ယနေ့ညနေ ၃ နာရီခန့်က မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးမှ အမျိုးသားအချုပ်သား ငါးဦးနှင့် အမျိုးသမီးအချုပ်သား ငါးဦးတို့အား အကျဉ်းထောင်သို့ ပြန်လည်ပို့ဆောင်ရန် တင်ဆောင်ထွက်ခွာလာခဲ့သော ရဲအချုပ်ကား ၁ခ/--- သည် ဘရိတ်ပေါက်ပြီး လမ်းဘေးတွင် ရပ်နေသူတစ်ဦးနှင့် ပလက်ဖောင်းဘေးကပ်ရပ်ထားသော ကိုယ်ပိုင်ကားလေးစီးကို ဆင့်ကဲဆင့်ကဲ တိုက်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ အချုပ်သား ၁၀ ဦးအား အကျဉ်းထောင် ပြန်လည်ပို့ဆောင်ရန် တရားရုံးမှထွက်ခွာလာရာ ကန်တော်ကလေးမြောက်ပိုင်းရပ်ကွက် အထက်မန္တလေးလမ်း အမှတ် (၄၉) တိုက်ခန်းရှေ့တွင် လမ်းဘေးရပ်နေသူ ကန်မြောက်ရပ်ကွက် ၂ လမ်းနေ အောင်နိုင်ဝင်း (၂၇ နှစ်)အား ဝင်ရောက်တိုက်မိသည်။ ဘရိတ်ပေါက်နေသဖြင့် ရပ်၍မရတော့ဘဲ လမ်းဘေးတွင်ရပ်ထားသော Town-Ace အဖြူရောင်ကား၊ Pro Box အဖြူရောင်ကား၊ စူပါဆလွန်းအဖြူရောင်ကား၊ Suzuki အဖြူရောင်ကား လေးစီးတို့ကို ဆင့်ကဲ ဆင့်ကဲတိုက်မိခြင်းဖြစ်သည်။ အချုပ်ကားတိုက်ခံရသူ အောင်နိုင်ဝင်း၏ခါးတွင်ဒဏ်ရာရသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသထားသည်။အချုပ်ကားမောင်းသူ ရဲတပ်သား စည်သူဝင်းအောင်အား ယာဉ်ထိန်းတပ်ဖွဲ့မှ အမှုဖွင့်အရေးယူထားသည်။ ကားလေးစီး၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၀ သိန်းဟု ခန့်မှန်းထားသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဆိုင်ကယ်ခိုးသူအား နာရီပိုင်းအတွင်းဖမ်းမိ

ခင်ဦး ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၌ ဇွန် ၈ ရက် နံနက် ၁၁ နာရီခွဲက ဆိုင်ကယ်ပျောက်ဆုံးသွားပြီး ဆိုင်ကယ်ခိုးသူအား နာရီပိုင်းအတွင်း ဖမ်းဆီးရရှိကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက်နေ ဦးမြင့်ဆွေ (၆၄ နှစ်) သည် ၎င်းပိုင်ဆိုင်သည့် ၁ယ/. . . အစိမ်းရောင် စူပါကတ်ဂျပန်ဆိုင်ကယ်ကို နေအိမ်ခြံဝင်းအတွင်းရပ်ထားပြီး နေအိမ်ထဲတွင်စာဖတ်နေစဉ် ပျောက်ဆုံးသွားသဖြင့် ရဲစခန်းသို့တိုင်တန်းပြီး လိုက်လံရှာဖွေရာ မောင်နိုင်(ဆိုင်ကယ်ဝပ်ရှော့)ဆိုင်ရှေ့၌ ပျောက်ဆုံးသွားသော ဆိုင်ကယ်နှင့်အတူ ဟန်ဇော်ထွန်း အသက်(၃၂ နှစ်) ကျပန်း၊ မကျီးတုံရွာ ခင်ဦးမြို့နယ်နေသူကို တွေ့ရှိဖမ်းမိသဖြင့် အမှုစစ်ဒုရဲအုပ် ဇော်လင်းမောင်က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၁၀)**

Y.E.S. Since 1994

B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)

International English Language Centre

Basic Spoken English
Mon to Thurs-5:00-7:00pm 10 Jun
MontoThurs-10:00-12:00am 17,24 Jun
Mon to Thurs-1:00-3:00pm 17,24 Jun
Sat & Sun -9:00-12:00am 22 Jun
Sat & Sun -12:30-3:30pm 22 Jun
Sat & Sun -3:45-6:45pm 29 Jun

Pre-Intermediate English
Mon to Thurs-7:30-9:30am 3 Jun
Mon to Thurs-10:30-12:30am 17 Jun
Mon to Thurs-10:00-12:00am 24 Jun
Mon to Thurs-1:00-3:00pm 24 Jun
Mon to Thurs-5:00-7:00pm 24 Jun

Grammar Foundation Course
Sat & Sun - 9:00-12:00am 8 Jun
Mon to Thurs- 1:00-2:30pm 17 Jun

Structure & Written Expression
Mon to Thurs - 5:00-6:30pm 24 Jun

Vocabulary Enrichment Course
Sat & Sun - 10:00- 12:00 am 15 Jun

Academic Writing Course
Sat & Sun - 5:00- 7:00 pm 29 Jun

Academic Preparation for IELTS
Mon to Thurs - 10:30-12:30am 17 Jun

IELTS (Test Practice)
Mon to Thurs - 5:30-7:00pm 10 Jun
Sat & Sun - 10:30- 12:30 am 29 Jun

IELTS(Speaking) Sat & Sun - 1:00 - 3:30 pm 29 Jun

SAT Mon to Thurs - 3:30-5:00pm 17 Jun

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. ☎ 243950

ဖခင်အမည်မှန်

ဒေါပုံမြို့နယ်၊ အလက-၂၊ ပဉ္စမတန်း-B မှ မောင်ငြိမ်းချမ်း၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင် ၁၂/ကတန(နိုင်)၀၃၄၉၈၄ ဖြစ်ပါကြောင်း။

ဦးကြည်လွင်

ပျောက်ဆုံး

မောင်ဌေးဝင်းဇော် DLA -၀၁၅၅၅၅ ၏ A- 344280 pass post မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၇၃၁၃၂၉၆၁

အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ လှော်ကထားအုပ်စု လှော်ကထားကျေးရွာနေ ဦးစိုးသိန်း-ဒေါ်ခင်ကြူတို့၏သား မောင်ဆန်းသစ်အောင် ၁၄/လမန(နိုင်)၀၉၂၄၂၇ သည် မိဘများ၏ ဆိုဆုံးမမှုကို မလိုက်နာသောကြောင့် ၎င်းအား အမွေပြတ် စွန့်လွှတ်ပြီးဖြစ်ပါကြောင်း ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ဦးစိုးသိန်း-ဒေါ်ခင်ကြူ

ဖခင်အမည်မှန်

အလက(၂)တာမွေ Grade - 9(A) မှ မဇင်ဇင်အေး၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၁၃/တကန(နိုင်)၁၃၁၄၁၄ ဖြစ်ပါသည်။

ဦးဝင်း

ပျောက်ဆုံးကြောင်း

မောင်စိုးမိုးမြတ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/အမရ(နိုင်)၂၁၀၅၁၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၆၀၃၇၁

အမှတ် ၃၆၅၊ ဒုတိယထပ်(ဝဲဘက်ခြမ်း)၊ မဟာဗန္ဓုလလမ်းမကြီး၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာဖြစ်သည့် မြေကွက်ပေါ်တွင် Shine Construction မှ ဆောက်လုပ်ထားသော ရှစ်ထပ်၊ကန်ထရိုက်တိုက်အဆောက်အအုံ၏ ဒုတိယထပ်(ဝဲဘက်ခြမ်း) အလျားပေ၂၀× အနံပေ၆၀ အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးညီညီနိုင်(ဒေါက်တာဇီဝ) ၁၂/ကမတ(နိုင်)၀၄၇၁၆၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) (စဥ်-၆၇၀၂)
အမှတ် ၅၆၁၊ (M.A.C Tower)၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တိုက်အမှတ်(၂၁)၊ အခန်းအမှတ်-၅၂၊ ရွှေအုန်းပင်အိမ်ရာ၊ ၅ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄)ခန်းတွဲ၊ (၆) ထပ်တိုက်အဆောက်အအုံ၏ ပဉ္စမထပ် (သို့မဟုတ်) ခြောက်လွှာ၊ အခန်းအမှတ် ၅၂၊ ဧရိယာ ၈၉၆ စ/ပ၊ အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ဝင်းမင်းသန်း ၅/ရဘန(နိုင်)၀၀၉၆၉၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဥ်-၆၇၀၂
အမှတ်-၅၆၁၊ (M.A.C Tower) ၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမှတ် ၂၉၊ မဏ္ဍိုင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာဖြစ်သည့် ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၈၊ လူနေရပ်ကွက်အမှတ် ဝါဆို၊ မြေကွက်အမှတ် ၄၄၉၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကအကျယ်ရှိ နှစ် ၆၀ ဂရန်မြေ အမျိုးအစားမြေကွက်နှင့် အိမ်ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လှမြိုင် ၁၂/ပဇတ(နိုင်)၀၁၆၂၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဥ်-၆၇၀၂
အမှတ်-၅၆၁၊ (M.A.C Tower)၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဓါတ်ပုံ

တောင်ပေါ်ဒေသထွက် ပေါ်ဦးပေါ်ဖျားဒူးရင်းသီးများ ဈေးကောင်းရ

တောင်ငူ ဇွန် ၁၁

တောင်ငူမြို့ ဒူးရင်းသီးပွဲရုံများသို့ ကရင်ပြည်နယ် သံတောင်ကြီး၊ ဘောဂလိ၊ လိပ်သို၊ ဖဒိုဒေသရှိ တောင်ပေါ်ဒေသများမှ ထွက်ရှိသော ဒူးရင်းသီးများ ဝင်ရောက်လျက်ရှိရာ ပေါ်ဦးပေါ်ဖျားဖြစ်သဖြင့် ဈေးကောင်းလျက်ရှိကာ ကရင်ပြည်နယ်ထွက် ဒူးရင်းသီးများသည် စားသုံးသူအကြိုက်တွေ့သော ဒူးရင်းသီးများ ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ကရင်ပြည်နယ် တောင်ပေါ်ဒေသများတွင် ကျောက်စိမ်း၊ ရွှေဒင်္ဂါး၊ မိချောင်းခေါင်း စသောဒူးရင်းသီးမျိုးများကို အများဆုံးစိုက်ပျိုးထားပြီး မိချောင်းခေါင်းသီးအချို့တွင် အစေ့လုံးဝမပါသည်အထိရှိတတ်ပြီး ဒူးရင်းသီးဈေးကွက်အတွင်း လူကြိုက်အများဆုံးဖြစ်သော်လည်း ယခုအခါ ဒူးရင်းပင်မျိုးသစ်ယူရန်ပင် ခက်ခဲရှားပါးနေကြောင်း၊ ဒူးရင်းပင်သည် အသီးတင်ကာလတွင် သုံးပြန်အသီးတင်ပြီး တစ်လခြားတစ်ကြိမ်တင်ကာ တစ်ပင်မှ ဒူးရင်းသီးအလုံးပေါင်း ၅၀၀ ကျော် ထွက်ရှိကြောင်း၊ တစ်ဧကစီသီးသန့်စိုက်ပျိုးခြင်းမရှိဘဲ အခြားနှစ်ရှည်သီးနှံဖြစ်သော မင်းကွတ်၊ ကွမ်းသီးပင်ကဲ့သို့သောအပင်များနှင့် ကြားညှပ်စိုက်ပျိုးကြကြောင်း၊ အပင်သက် ၁၀ နှစ်သားခန့်တွင် အသီးစတင်ပြီး သက်တမ်းရာနှင့်ချီ၍ အသီးခူးယူနိုင်ကြောင်း၊ ဘောဂလိမြို့နယ်ခွဲ တောင်ပေါ်ဒေသများနှင့် လိပ်သိုဒေသကျောက်ဖျာရွာရှိ တောင်ပေါ်ဒေသများတွင် သက်တမ်း ၅၀၀ ဝန်းကျင်ခန့်ရှိ ဒူးရင်းပင် ၈၀၀ ဝန်းကျင်ခန့်ရှိကြောင်း ဒူးရင်းခြံစိုက်တောင်သူများက ပြောကြားသည်။

ဖြိုင်ဖြိုင်ထွက်

ကရင်ပြည်နယ်ဒေသမှ တောင်ငူမြို့ပွဲရုံများသို့ တောင်အောက်ဒူးရင်းသီးများ စတင်ဝင်ရောက်လျက်ရှိပြီး တစ်နေ့လျှင် အလုံးရေ ၁၅၀၀၀ ဝန်းကျင်ခန့် ဝင်ရောက်လျက်ရှိကာ တောင်ပေါ်သီး တောင်အောက်သီးဖြိုင်ဖြိုင်ထွက်ချိန်တွင် တစ်နေ့လျှင် အလုံးရေတစ်သိန်းဝန်းကျင်ခန့် ဝင်ရောက်၍ တောင်ငူပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ နေပြည်တော်၊ မိတ္ထီလာမြို့နယ်များသို့ ကားများ၊ ရထားများဖြင့် ပြန်လည်တင်ပို့ရောင်းချပြီး လတ်တလော တောင်ငူမြို့ပွဲရုံပေါက်ဈေး တစ်လုံးလျှင် ရှယ်သီး ငွေကျပ် ၃၀၀၀၊ အကြီးသီး ငွေကျပ် ၂၅၀၀၊ လတ်ချော ငွေကျပ် ၁၈၀၀၊ အလတ် ငွေကျပ် ၁၅၀၀၊ အသေး ငွေကျပ် ၁၀၀၀ နှုန်း အသီးသီးရှိကြပြီး အကွဲသီးနှင့် အနာသီးများကို သင့်ရာဈေးဖြင့် ဒေသတွင်း၌ ပြန်လည်ရောင်းချကြကြောင်း သိရသည်။

သူရ(တောင်ငူ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၁-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၉၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၇၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၀ ကျပ်
ဥရောပ	တစ်ယူရို	၁၂၆၄ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀ ကျပ်
ထိုင်း	တစ်ဘတ်	၃၂. ၃ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၇. ၁၅ ကျပ်
တရုတ်	တစ်ယွမ်	၁၅၃ ကျပ်
မလေးရှား	ရင်းဂစ်	၃၁၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၉၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၄၀၀ - ၃၉၀၀ ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၂၀၀ - ၁၅၀၀ ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၂၀၀ - ၉၅၀၀ ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၈၀၀ - ၈၀၀၀ ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၈၅၀၀ -၂၉၀၀၀ ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၁၆၃၀၀ -၂၄၀၀၀ ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀ -၁၂၀၀၀ ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၇၂၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၂၈
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၀၀-၄၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၇၅၀
၈။ ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၄၀၀
၉။ အာလူး(အောင်ပန်း)	တစ်ပိဿာ	၈၀၀-၉၇၀
၁၀။ ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။ ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။ သကြား	တစ်ပိဿာ	၉၀၀-၉၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အခမဲ့ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

တောင်ကုတ် ဇွန် ၁၁

တောင်ကုတ်မြို့ ပန်းတင်ကျွန်းအလယ်တန်းရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဇွန် ၅ ရက်က အခမဲ့ကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပရာ ကွန်ပျူတာသင်တန်းနည်းပြ ဘဒ္ဒန္တပညာဇောတာဘိဝံသ (ပိဋကတ္တယပါရဂူ) ဆရာတော်က ကျေးရွာအတွင်းရှိ ကျောင်းသား ကျောင်းသူ ၊ လူငယ်လူရွယ်များ အသိဉာဏ်တိုးတက်ရန်ရည်ရွယ်၍ဖွင့်လှစ်ရကြောင်း ပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား ဆရာတော်က သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပညာ (ကျွန်းသား)

Double Hand Panda (ခက်ဆိတ်ဆေးပင်ဆေးချည်များ)

42 Soi Rungpracha, Boromrathchonni Rd., Bang Bum Ru, Bang Phlad, Bangkok 10700, Thailand

Mr. Krilat Srinon Double Hand Panda



International Class 25

Double Hand Panda

MYANMAR TRADEMARK AND PATENT LAW FIRM

MAC Tower

E-mail: mtpip@mptmail.net.mm

ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ကြီးမြို့ ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မြို့ပြ/ကျေးလက်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကတ္တရာတန် (၂၀၀၀)ကို ပြင်ပမှဝယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူနိုင်မည့် နေ့ရက် - ၁၂-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)
အချိန်၊နာရီ - နံနက် ၉း၃၀ နာရီ မှ ညနေ ၄း၃၀ နာရီ အထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ တောင်ကြီးမြို့

(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက် - ၁၄-၆-၂၀၁၃ ရက်(သောကြာနေ့)
အချိန်၊နာရီ - နံနက် ၉း၃၀ နာရီ မှ ညနေ ၄း၃၀ နာရီ အထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ တောင်ကြီးမြို့

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့်ကတ္တရာအား ထုတ်လုပ်သည့်နိုင်ငံအမည်၊ ကတ္တရာ(၁)တန်ဈေးနှုန်း၊ ကတ္တရာ(၁)တန်တွင်ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty) ပေးဆောင်ပြီးကြောင်းထောက်ခံချက်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကတ္တရာအရည်အသွေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာအရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

Specfic Gravity @25/25degC	1.01-1.04	D-20
Penetration @ 25 deg C	80-100	D-5
Softening Point deg C	43-48	D-36
Ductility at 25 deg C (cm)	100 Min;	D-113
Loss on Heating(%)	0.5 Max;	D-6
Droap in Penetration after Heating Point	20 Max;	D-5
Flash Point deg C	220 Min;	D-92
Solubility in Trichloroethane % wt	99.5 Min;	D-2042
Organic Matter in Soluble in Trich wt	0.2Max;	D-2042
Wax Content PCT	2.0 Max;	DIN-52015

၃။ တင်သွင်းမည့် ကတ္တရာဈေးနှုန်းပေးချေခြင်းနှင့် ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မတန်ဖိုး (အထိုင်ဈေးပေါ်တွင်) ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax) ကို ခုနှိမ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းသူကိုယ်တိုင် ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၀၄

ကွယ်လွန်သူ ဒေါ်စိန်ဌေး ၁၂/မဂတ(နိုင်)၀၂၇၈၇၈ ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း
ဦးထွန်းရှိန် ၁၂/မဂတ(နိုင်)၀၂၉၅၉၇ **လျှောက်သူ**

မ-၂၈၊ ဦးဖိုးကျားလမ်း၊ သိမ်ဖြူမီးရထားဝင်း၊ သိမ်ဖြူရထားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးထွန်းရှိန်က ကွယ်လွန်သူဒေါ်စိန်ဌေး၏ခင်ပွန်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၄င်းကွယ်လွန်သူ ဒေါ်စိန်ဌေးမှာကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဒေါ်စိန်ဌေးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဇူလိုင် ၁၇ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၉ရက်) တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဦးထွန်းရှိန်၏ လျှောက်ချက်ကို နားကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အမည်ပြောင်း

ဦးခင်မောင်အေး၏သမီး အမက(၄) သူငယ်တန်း မြောက်ဥက္ကလာပမြို့နယ်တွင် ပညာသင်ကြားနေသော မသော်သော်အေးအား မသော်သော်အေးအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသော်သော်အေးအောင်**

ပျောက်ဆုံးကြောင်း

ကျွန်မ ဇင်မာသူ(ဘ)ဦးဗလ ၉/ပသက(နိုင်)၀၇၆၆၆၉၏ မြန်မာနိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၀၁၃၅၈**

ပြည်တွင်းသတင်း

MAI
Myanmar Airways International
www.maiair.com

မြန်မာနိုင်ငံသားများအတွက်အထူးအစီအစဉ်

Kuala Lumpur (Malaysia) to Yangon (Myanmar)

50% off

(၁၂.၆.၂၀၁၃) မှ (၁၂.၇.၂၀၁၃) အထိ

ဆက်သွယ်ရန်

MAI-Kuala Lumpur Office
(Malaysia)
(+603) 2072 1261

MAI-Yangon Office
(Myanmar)
(+951) 255260

ကြော်ငြာ

IKBZ
Insurance Co.,Ltd.

အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း

IKBZ Insurance (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) အား ၁၂.၆.၂၀၁၃(ဗုဒ္ဓဟူးနေ့)၌ စတင်ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်းနှင့် အာမခံလုပ်ငန်း ဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

IKBZ Insurance မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုလုပ်ငန်းများ

- သာမာန်အာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- ငွေသားလုံခြုံမှုအာမခံ
- မီးအာမခံ(စက်ပစ္စည်း၊ ကုန်ပစ္စည်းများ)
- မီးအာမခံ(စက်ရုံ၊ အလုပ်ရုံများ)
- မီးအာမခံ(လူနေအိမ်များ)
- မီးအာမခံ(အဆောက်အဦများ)
- မီးအာမခံ(ပရိဘောဂပစ္စည်းများ)
- အသက်အာမခံများ
- အသက်အာမခံ(ရေရှည်)
- အားကစားသမားများထိခိုက်မှုအာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ

ယုံကြည်အားထား အာမခံစွမ်းအား

ဆက်သွယ်ရန်လိပ်စာ
အမှတ်(၆၀၈)၊ ဗိုလ်ဆွန်ပက်ကွန်ဒို၊ ကုန်သည်လမ်းနှင့်
ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) ၃၇၈၈၄၃၊ ၃၇၈၈၄၂
ဖက်စ် (၀၁) ၃၇၈၈၄၀ www.i-kbz.com

ကြော်ငြာ

MTN
မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသားအများပိုင် ဆက်သွယ်ရေး ကုမ္ပဏီလီမိတက်
MYANMAR TELECOMMUNICATION NETWORK (PUBLIC) CO., LTD
Invest In MTN
ကျပ်(၁၀)ဘီလီယံဖိုး
မြို့သစ်တွင် MTN ရှယ်ယာများကို
(၁၀၀၀၀)ကျပ်
3G နှင့် 4G Mobile Phone ဆက်သွယ်ရေး လုပ်ငန်းများ
Internet Service Provider (ISP) လုပ်ငန်းများ
Voice Over IP (VOIP) လုပ်ငန်းများ
TV အသံ၊ ရုပ်မြင် Broadcasting လုပ်ငန်းများ
International Roaming နှင့် International Call လုပ်ငန်းများ
MTN
ငွေစာရင်းအမှတ် | 0134051294
ဘဏ်အမည် | သမဝါယမဘဏ် (စီဘီ) ရုံးချုပ်
စာရင်းအမည် | Myanmar Telecommunication Network Public Co., Ltd
သို့မဟုတ်
ငွေစာရင်းအမှတ် | M. 105/17000105
ဘဏ်အမည် | ထွန်းဖောင်ဒေးရှင်းဘဏ်
စာရင်းအမည် | Myanmar Telecommunication Network Public Co., Ltd

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကလေးမြို့နယ် တောင်ဦးကျေးရွာတွင် တစ်အိမ်ထောင် ကျွန်းသုံးပင် အခမဲ့ဖြန့်ဝေ

ကလေး ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တောင်ဦးကျေးရွာတွင် ကလေးမြို့နယ် သစ်တောဦးစီးဌာနက တစ်အိမ်ထောင်လျှင် ကျွန်းပင်သုံးပင် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

ဖြန့်ဝေပေးအပ်

ကလေးခရိုင် ကလေးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် မိုးရာသီ၌ တစ်အိမ်ထောင် ကျွန်းသုံးပင် ဖြန့်ဝေခြင်းကို ဇွန် ၉ ရက်တွင် ဖြန့်ဝေခဲ့ရာ မြို့နယ်ဦးစီးအရာရှိ ဦးမျိုးညွန့်မှ တောင်ဦးကျေးရွာနေ ပြည်သူများသို့ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှုန်းဖြင့် ကျွန်းပင်ပေါင်း ၆၀၀ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ကလေးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် ဆက်သွယ်ရေးလမ်းဘေးဝဲယာနှင့် လူထုဖြန့်ဖြူးပျိုးပင် ၁၉၂၀၀ ကို ဇွန်လအတွင်း အပြီးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ကလေးသား)**

ရပ်ကွက်၊ ကျေးရွာများသို့ မီးသတ်စက်များ ပေးအပ်

လွိုင်ကော် ဇွန် ၁၁

မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများသို့ USAID နှင့် လွိုင်ကော် World Vision တို့က လှူဒါန်းပေးသည့် မီးသတ်စက်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကယားပြည်နယ် မီးသတ်ဦးစီးမှူးရုံး၌ ဇွန် ၇ ရက်က ကျင်းပသည်။ အခမ်းအနားသို့ ကယားပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကယားပြည်နယ် စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးတော့ရယ်က USAID နှင့် လွိုင်ကော် World Vision တို့က ရပ်ကွက်၊ ကျေးရွာများသို့ မီးသတ်စက်များ လှူဒါန်းပေးသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ အသီးသီးတို့က ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် လွိုင်ကော် World Vision တာဝန်ခံ ဦးရှဘက်သက်မောင်က မီးသတ်စက်ငယ်များ ပေးအပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ကယားပြည်နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲသူရသော်ဒါက မီးသတ်စက်ငယ်များ အသုံးပြုနည်းများကို ရှင်းလင်းပေးကာ ရပ်ကွက်၊ ကျေးရွာများသို့ မီးသတ်စက် လွှဲပြောင်းပေးအပ်သည့် စာရွက်စာတမ်းများကို ပေးအပ်ခဲ့ကြပြီး ပြည်နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးက လွိုင်ကော် World Vision အဖွဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တိုင်းရင်းဆေးပညာ ပညာပေးဟောပြောဆွေးနွေး

မန္တလေး ဇွန် ၁၁

မြန်မာ့ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေး အစီအစဉ်အရ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မန္တလေးတိုင်းဒေသကြီးနှင့်တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)တို့ ပူးပေါင်းကျင်းပသော တိုင်းရင်းဆေးပညာ ပညာပေးဟောပြောဆွေးနွေးပွဲကို ဇွန် ၈ ရက် နံနက် ၉ နာရီက တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးတိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မန္တလေးခရိုင်တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးသင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိတိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးကျော်သိန်းဌေးက အမှာစကား ပြောကြားပြီး တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာသန်းမောင်က ဟောပြောပွဲဖြစ်မြောက်ရေးအတွက် အဓိက ပံ့ပိုးကူညီပေးသော ဒေါက်တာမြသောင်း အောင်သုခ-ကင်ဆာအထူးကုဆေးတိုက်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး သုတေသနဌာနမှ ဓာတ်ခွဲကျွမ်းကျင်(၂) ဒေါ်မျိုးသီတာအေးက Meavy Metal သတ္တုဓာတ်များ၏ ကောင်းကျိုး ဆိုးပြစ်များအကြောင်းကို လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်(၂) ဒေါ်နုနုရီက Standardization of Laboratory Speeimens ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းအကြောင်းတို့ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **တင်မောင်(မန္တလေးကိုယ်ပွား)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် လိုအပ်သော ဆိုးဆေး၊ အကူဆေး၊ ကော်စာတင်ပစ္စည်း (၂၁)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းပါရန် ဖိတ်ခေါ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၉-၇-၂၀၁၃ ရက်
(ဂ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈

အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် ၁/တည်ဆောက်ရေး(ပွင့်ဖြူ)/၂၀၁၃-၂၀၁၄

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ အမှတ်(၄) အထည်စက်ရုံ(ပွင့်ဖြူ)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) လုပ်ငန်းအမည်
(၁) Aluminium Partition ပြုလုပ်ခြင်း
- အပိုင်း(၁) (၃၁၅ပေ×၁၄ပေ)၊ အပိုင်း(၂) (၂၈၂ပေ×၁၄ပေ)၊ အပိုင်း(၃) (၈၂ပေ×၁၇ပေ)
(၂) ဗေဒါကန်များပြန်လည်ပြုပြင်ခြင်းလုပ်ငန်း (ပေ၃၀၀×ပေ၃၀×၁၀ပေ) ခုနစ်ကန်
(၃) ဘွိုင်လာအဆောက်အအုံဆောက်လုပ်ခြင်း (ပေ၂၀×ပေ၂၀×၁၀ပေ) (Boiler Foundation အပါအဝင်) (အခင်းကွန်ကရစ်၊ အကာအုတ်+သံဆန်ခါ၊ အမိုးသွပ်)

(ခ) တင်ဒါစတင်ရောင်းချရက် - ၁၀-၆-၂၀၁၃ရက်
(ဂ) တင်ဒါပိတ်ရက် - ၈-၇-၂၀၁၃ ရက် (၁၆း၀၀နာရီအထိ)

၂။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)
အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၇၀၊ ၄၀၈၃၃၈၊ ဖက်စ်-၀၆၇-၄၀၈၁၈၅

ကုန်ကြမ်းနှင့်ထုပ်ပိုးပစ္စည်းများ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်-

စဉ် ကုန်ကြမ်းပစ္စည်းအမည်	အရေအတွက်
အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်)	
(က) အစေ့ထုတ်ပြောင်း	၇၁၅၃၃ ပိဿာ
(ခ) ကောက်ရိုး	၂၅၂ တန်
(ဂ) 500ml PET Bottle With Cap (Amber Colour)	၁၃၀၀၀၀ ခု
(ဃ) စက္ကူထုပ်ပိုးပစ္စည်း	၃ မျိုး
(င) Sticker Paper	၉၆၉ ထုပ်
အမှတ် (၂) ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)	
(စ) P.P Lamination	၂၆.၈၈၂တန်

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၈-၆-၂၀၁၃ရက် ညနေ ၄နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၀၇၆၊
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန ၀၆၇-၄၀၈၃၅၄
နေပြည်တော်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)၊ လားရှိုးမြို့လက်အောက်ရှိ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်၊ ကျောက်မဲမြို့နယ်များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလမ်းခင်းကျောက်မျိုးစုံနှင့်လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	**အမှတ်(၁) (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**
၁။ လမ်းခင်းကျောက်မျိုးစုံ	- ၇၁၀၀ ကျင်း
၂။ ဖြန့်းကျောက်	- ၉၀၀ ကျင်း
၃။ သဲ	- ၁၈၀ ကျင်း
၄။ ဘိလပ်မြေ	- ၁၈၀ တန်
၅။ သံချောင်း (ရှယ်စုံ)	- ၉ တန်
၆။ သစ် (အခြား)	- ၁၀ တန်
၇။ တင်ဒါပိတ်မည့်ရက်/အချိန်	- ၂၅-၆-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
၈။ တင်ဒါဖွင့်မည့်ရက်/အချိန်	- ၂၆-၆-၂၀၁၃ရက်၊ ၀၉း၀၀နာရီ
၉။ တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ	- လမ်းဆောက်လုပ်ရေးစီမံကိန်း၊ အထူးအဖွဲ့(၁)ရုံး၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၂၆၁၉

၁၀။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင်အတွင်းရှိ လောက်ကိုင်မြို့နယ်နှင့် ချင်းရွှေဟော်မြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	**အမှတ်(၁) (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**
၁။ လမ်းခင်းကျောက်မျိုးစုံ	- ၄၇၅၆ ကျင်း
၂။ ဘိလပ်မြေ	- ၁၉၇ တန်
၃။ ၂'အချင်း၁'-၆"အရှည် သံကူကွန်ကရစ်ရေပြွန်	- ၉၉၀ လုံး
၄။ တင်ဒါပိတ်မည့်ရက်/အချိန်	- ၂၅-၆-၂၀၁၃ ရက်၊ ၁၆း၃၀နာရီ
၅။ တင်ဒါဖွင့်မည့်ရက်/အချိန်	- ၂၆-၆-၂၀၁၃ ရက်၊ ၀၉း၀၀နာရီ
၆။ တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့။ ဖုန်း-၀၈၂-၇၂၀၄၄

၇။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးရွေးချယ်ရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ(Euro) တို့ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)3/MR(ML/ISN) 13-14(Kyat)	Spare Parts for Repower of 2000 HP Dalian D.E.L	154-Items
2.	12(T)4/MR(ML/ISN) 13-14(Euro)	Spare Parts for Repower of 2000 HP Dalian D.E.L	97-Items

တင်ဒါပိတ်ရက်နှင့်အချိန်- ၁၈.၇.၂၀၁၃(ကြာသပတေးနေ့)(၁၂း၀၀) နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖေါ်ပြပါ ဌာနတွင်(၁၀.၆.၂၀၁၃) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -01-291985, 291994.

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ ဦးပိုင်အမှတ် ၁၂၅ ^ဆ^၊ ဧရိယာ ၀ဒသမ ၀၃၄ဧကရှိ ဒေါ်ခင်ညိုအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်ဇင်မင်းလှိုက်၊ ဒေါ်ကလျာစိုး ၉/ပမန(နိုင်)၀၀၀၂၀၀၊ ၉/ပမန(နိုင်)၀၀၁၉၃၃၊ (ဘ) ဦးအောင်စိုးကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊မြေကွက်အမှတ် ၃၄၀၁၊ မြေကွက်တည်နေရာအမှတ် ၃၄၀၁။ နွယ်နီ ၇ လမ်း၊ (ဃ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်ညွန့်ကြည် HZA-၁၇၁၂၉၆၊ ဦးသိန်း MNO-၀၂၅၁၉၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ညွန့်ကြည်၊ ဖခင် ဦးသိန်း ကွယ်လွန်သဖြင့် ဦးစိုးဝင်း ၁၂/ဥကမ(နိုင်) ၁၁၂၈၁၀က တစ်ဦးတည်းသောသား တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၇၅၂၊ မြေကွက်တည်နေရာ အမှတ် ၇၅၂၊ သန္တာ ၂ လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက် ဦးသိန်းဇံ AA-၁၀၁၂၁၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းဇံနှင့် ဇနီး ဒေါ်ခင်စောဝင်းတို့ ကွယ်လွန်သဖြင့် ဒေါက်တာသင်းနွယ်နီ ၁၂/ရကန(နိုင်) ၀၅၃၈၅၄က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တောင်ငူမြို့ ပြဟ္မစိုရ်လူမှုရေးကူညီမှုအသင်းသို့ မော်တော်ယာဉ်တစ်စီး လှူဒါန်း

တောင်ငူ ဇွန် ၁၁

တောင်ငူမြို့ အမှတ်(၆)ရပ်ကွက် တပင်ရွှေထီးလမ်းနေ မိခင်ကြီး ဒေါ်ငြိမ်းတင်က သမီးမခင်ထွေး(ခ) မထွေးအားရည်စူးလျက် တောင်ငူမြို့ ပြဟ္မစိုရ်မေတ္တာနှင့်စေတနာ လူမှုကူညီမှုအသင်းကြီးသို့ ဇွန် ၉ ရက် နံနက်ပိုင်းက သွေးလှူရှင်အသင်းရုံး၌ Super Custom ကားတစ်စီးကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ညို (အမေ့အိမ်)နှင့် အဖွဲ့ဝင်များက လက်ခံယူပြီး အလှူရှင်ထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်းပွဲတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တောင်ငူမြို့ ဝိသုဒ္ဓါရုံသိမ်ဥူးကျောင်း ပဓာန နာယကဆရာတော် ဦးသောပါက ထံမှ ငါးပါးသီလ ဆောက်တည်ကြပြီး ကြာနီကန်စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယက ဩဝါဒကထာချီးမြှင့် ဟောကြားတော်မူသည်။

လှူဒါန်းပွဲ အခမ်းအနားသို့ အလှူရှင်မိသားစုများ၊ ဌာနဆိုင်ရာများ၊ ဘာသာပေါင်းစုံမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အသင်းအလုပ်အမှုဆောင်များ စုံညီစွာ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် ဦးသိန်းလွင်(လမင်းဆန်ပွဲရုံ)က ဆောင်ရွက်သည်။

(၁၁၅)

လားရှိုး ဇွန် ၁၁

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပွဲ ကျင်းပ

ဇွန် ၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၆) ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်းပြိုင်ပွဲများကို လားရှိုးတက္ကသိုလ်၌လည်းကောင်း၊ ကွန်ပျူတာပိုစတာပြိုင်ပွဲကို လားရှိုးကွန်ပျူတာတက္ကသိုလ်၌လည်းကောင်း တစ်ပြိုင်တည်းကျင်းပခဲ့ရာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ဒုရဲမှူးကြီး အောင်ကျော်ဦး၊ လားရှိုးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်၊ ကွန်ပျူတာ တက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာနန်းစိုးစိုးအောင်၊ လားရှိုးခရိုင် မူး/စိတ်တားအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုရဲမှူးကြီး အောင်ကျော်မိုးနှင့် ခရိုင်မူး/စိတ်တား အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လားရှိုးမူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် NGO အဖွဲ့များတက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

လားရှိုးတက္ကသိုလ်၌ ယှဉ်ပြိုင်ခဲ့သည့်ဝတ္ထုတိုပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၂၀၊ ဆောင်းပါးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၅ ဦး၊ ကဗျာပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၉ဦး စုစုပေါင်း ၇၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ၃၀တို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲဝင်လက်ရာများကို စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီးနောက် မူးယစ်ဗဟိုအဆင့်သို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆက်လက်ပေးပို့သွားမည်ဖြစ်ပြီး ဆုရရှိသူများအား ဇွန်၂၆ရက်မတိုင်မီ သတင်းစာများတွင်ထုတ်ပြန်ကြေညာသွားမည်ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

သရက်သီးများ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ လှိုင်လှိုင်ဝင်

မူဆယ် ဇွန် ၁၁

သရက်သီးလှိုင်လှိုင်ပေါ်သည့် ရာသီဖြစ်သဖြင့် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ သရက်သီးကားများ ယခုရက်ပိုင်းအတွင်း လှိုင်လှိုင်ဝင်လာပြီး အရောင်းအဝယ်စည်ကားလျက်ရှိသည်။ "ဒီနှစ်သရက်သီးဈေးကောင်းပါလို့ သရက်စိုက် တောင်သူတွေလည်း အဆင်ပြေပါတယ်။ ဒီရက်ပိုင်းမှာ သရက်သီးကား အစီး ၈၀ကနေ ၁၀၀အထိ အဝင်အထွက်ရှိပြီး ကုန်သွယ်ခွန် လျှော့လာတဲ့အတွက် ဝမ်းသာပါတယ်။ လမ်းတွေလည်း ဒီ့ထက်ကောင်းစေချင်ပါတယ်"ဟု အမရပူရမြို့နယ်မှ ကိုယ်တိုင်လာရောက်ရောင်းချသော သရက်ခြံစိုက်သူတစ်ဦးက ပြောကြားသည်။

သိန်းဇော်(ရွှေလီဦး)

မူဆယ်မြို့တွင်း လမ်းလယ်ခုံများ ပြင်ဆင်ဆောင်ရွက်

မူဆယ် ဇွန် ၁၁

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့သည် စည်ကားဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာသော ခရိုင်မြို့ဖြစ်ပြီး တရုတ်ပြည်နှင့်နယ်စပ်မျဉ်းသာခြားသော မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ခေတ်မီတိုးတက်ရေးအတွက် တာဝန်ရှိသူများက အစွမ်းကုန်ကြိုးစားလျက်ရှိပြီး ယခင်လမ်းဧရိယာနေရာယူထားသော လမ်းလယ်ခုံများ ခေတ်နှင့်အညီ ပြုပြင်ခြင်း၊ ဆေးရောင်စုံခြယ်ခြင်း၊ ပန်းခင်းအလှများပုံဖော်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း တွေ့ရသည်။

ပြောကြား

"မူဆယ်က တစ်ရက်ထက်တစ်ရက်ယာဉ်အဝင်အထွက်တွေလည်း များလာတယ်။ လူသွားလူလာတွေလည်းများလာတယ်။ တိုက်တာအိမ်ခြေတွေကြောင့် မြို့တွင်းလမ်းတွေက တိုးချဲ့လို့မလွယ်ဘူး၊ အခုဆို ပိုအဆင်ပြေပြီး အန္တရာယ်ကင်းမယ့်လမ်းလယ်ကျွန်းပုံစံလေးတွေ၊ အကာအရံတွေ ဆောင်ရွက်မယ့် အစီအစဉ်တွေကြားရတာဝမ်းသာပါတယ်။ မူဆယ်မြို့က တစ်ဖက်နိုင်ငံနဲ့ ယှဉ်ကြည့်ကြတဲ့ မြို့ဆိုတော့ ကြိုးစားဖို့ အများကြီးလိုပါတယ်"ဟု မြို့ခံတစ်ဦးက ပြောကြားသည်။

သိန်းဇော်(ရွှေလီဦး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အထည်အလိပ်လုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ်(၁)ရှိ ယခင် ရန်ကင်းအထည်ချုပ်စက်ရုံ အမှတ်(၂၇)၏ အဆောက်အအုံ(အဟောင်း) များအား ဖျက်သိမ်းဝယ်ယူရန်အတွက် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၂ ရက် ၉း၃၀ နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်** - ၉-၇-၂၀၁၂ ရက် ၁၆း၀၀ နာရီ
(ဂ) **ဆက်သွယ်ရမည့်လိပ်စာ** - ရုံးအမှတ် (၃၇)၊ အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

ဆက်သွယ်ရမည့်ဖုန်း-၀၆၇-၄၀၈၀၇၀၊ ၄၀၈၁၈၅၊ Fax-၀၆၇-၄၀၈၃၃၈
(အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်အတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်အတွင်းရှိ ဟိုပန်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲ၊ မန်ကန်မြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	**အမှတ်(၁) (၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်)**
၁။ လမ်းခင်းကျောက်မျိုးစုံ	၄၀၈၄ ကျင်း
၂။ ဘိလပ်မြေ	၁၀၇၁ တန်
၃။ သဲ	၉၆၉ ကျင်း
၄။ သံချောင်း(ရွယ်စုံ)	၈.၃၀ တန်
၅။ အုတ်	၂၄၃၄၀၀ ချပ်
၆။ သစ်(အခြား)	၁၀.၇၅ တန်
၇။ သစ်မာ	၁၆.၃၈ တန်
၈။ **တင်ဒါပိတ်မည့်ရက်/အချိန်**	- ၂၅-၆-၂၀၁၃ရက် ၁၆း၃၀နာရီ
၉။ **တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၂၆-၆-၂၀၁၃ရက် ၀၉း၀၀နာရီ
၁၀။ **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ**	- ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဟိုပန်ခရိုင်၊ ဟိုပန်မြို့။ ဖုန်း-၀၈၂-၇၄၁၄၇

၁၁။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာစီမံကိန်း၊ တိုက်အမှတ် ၁၇၊ အခန်းအမှတ် ၁၄ကို မူလအမည်ပေါက်ပိုင်ရှင် ဦးကျော်သိန်းထံမှ ဒေါ်နန်းဦးခိုင်က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံခရိုင်အတွင်းရှိ ကွမ်းလုံမြို့နယ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	**အမှတ်(၁)(၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**
၁။ လမ်းခင်းကျောက်မျိုးစုံ	၄၁၆၆ ကျင်း
၂။ ဖြုံးကျောက်	၅၂၄ ကျင်း
၃။ သဲ	၃၁၉ ကျင်း
၄။ သံချောင်းလုံး(ရွယ်စုံ)	၂၆ တန်
၅။ ဘိလပ်မြေ	၃၃၄ တန်
၆။ **တင်ဒါပိတ်မည့်ရက်/အချိန်**	- ၂၅-၆-၂၀၁၃ရက် ၁၆း၃၀နာရီ
၇။ **တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၂၆-၆-၂၀၁၃ရက် ၀၉း၀၀နာရီ
၈။ **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ**	- ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကွမ်းလုံခရိုင်၊ ကွမ်းလုံမြို့။ ဖုန်း-၀၈၂-၇၀၀၁၀

၉။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးရွေးချယ်ရေးကော်မတီ

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် ဇွန်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

"Strategic Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၁၃-၆-၂၀၁၃ရက်မှ ၂၂-၆-၂၀၁၃ရက် (ညနေပိုင်း ၁၀ ရက်သင်တန်း)
သင်တန်းကြေး - ၃၅၀၀၀ (ကျပ်သုံးသောင်းငါးထောင်တိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆

Autodesk Revit
Architecture Course
ဂျူလိုင် (၁၀)ရက်နေ့အထိ အထူး Discount နှင့် သင်ကြားပေးပါသည်။
Quickcad Computer Centre
B/7, အနော်ရထာအိမ်ရာ၊ လှည်းတန်း
ဖုန်း-၀၁-၅၁၂၈၄၈

အမည်မှန်

တောင်ကြီးမြို့၊ အလက(၄)၊ စတုတ္ထတန်း(က)မှ မမေမျိုးထွဋ်၏ အမည်မှန်မှာ မမေမြတ်မျိုးထွဋ် ဖြစ်ပါကြောင်း။ **မမေမြတ်မျိုးထွဋ်**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုနှင့်ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို လမ်းအလိုက် အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	**ကျောက်အမျိုးအစား**	**အရေအတွက်**
၁။	ကျောက်ရွယ်စုံ	၇၀၄၀ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၈-၆-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ၁၆း၃၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဖလမ်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၁၄-၆-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များသိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၀-၄၀၀၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ ထန်းတပင်လမ်း၊ အမှတ် ၉၈၁ဟုခေါ်တွင်သော အကျယ်ပေ(၄၀×၆၀)ရှိ မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးရွှေညွန့် ၁၄/မမက(နိုင်)၀၈၇၇၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမင်းလွင် LL.B
အထက်တန်းရှေ့နေ-၂၇၂၁၄
အမှတ်(၅၁၄/၅၁၈) ဒုတိယထပ်၊ အခန်း(၃-A)၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၇၄၅၈၃၃

ဒေါ်ခင်စိုးအောင် (MYGN-019284)၊
ဒေါ်ဝါဝါမော် ၁၂/မရက(နိုင်)၀၄၇၉၆၈ တို့နှင့်

အများသိရှိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ အမှတ်(၇၇/၈၃)၊အခန်း ၃၈၊ (လေးလွှာ)တွင်နေထိုင်သူ ဒေါ်ရင်ရင်နွယ် ၆/မအရ(နိုင်)၀၈၅၀၀၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အမှတ် ၁၉၆(က) နေအိမ်အဆောက်အအုံနှင့် ယင်းနေအိမ်တည်ရှိရာ ပေ(၂၀×၆၀)မြေကွက်တို့သည် ဒေါ်ရင်ရင်နွယ် ဝယ်ယူပိုင်ဆိုင်ထားသည့်မြေနှင့် နေအိမ်ဖြစ်ပါသည်။

အဆိုပါအိမ်နှင့်မြေကို မည်သူမှုရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွဋ်ဝင်း LL.B
အထက်တန်းရှေ့နေ (စဉ်-၄၁၂၀၀)
အမှတ်(၅၈၆)က-သီဟိုဠ်ကျောင်းလမ်း၊
ရွာသစ်၊ အောင်ဆန်း၊ အင်းစိန်

ဦးစိုးဟန် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၇၊ ဘုရားကုန်းမြို့ပြကွက်သစ်၊
သန်လျင်မြို့နယ်

သတင်းဆောင်းပါး

မြန်မာ့ရိုးရာမဟာမုနိဘုရား ဝါဆိုခြင်းခတ်ပွဲတော်ကို လေ့လာကြည့်ခြင်း

ဝါဆို ခြင်းပွဲတော်ဆိုသည်နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်ကြီးအား ပူဇော်သည့်အနေဖြင့် ကျင်းပသည့် ပွဲတော်တစ်ခုအဖြစ် ကြားဖူးသူတိုင်း သိကြသည်။ ဝါဆိုခြင်းပွဲတော်ကို ဝါမဆိုမီကာလနှင့်ဝါဆိုကာလစတင်သည့်နေ့ အကြား ကျင်းပလေ့ရှိသည်။ ဝါဆိုခြင်းပွဲတော်တွင် နိုင်ငံတစ်ဝန်းရှိ ခြင်းဝါသနာရှင်များ၊ ပညာရှင်များအပြင် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာ့ရိုးရာ ခြင်းလုံးပညာကို စိတ်ဝင်စားသူ နိုင်ငံခြားသားများပါ ပါဝင်ဆင်နွှဲကြသည်။ ဝါဆိုခြင်းပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့သည်မှာ ၈၅ ကြိမ်ရှိခဲ့ပြီဖြစ်ရာ ဝါဆိုခြင်းပွဲတော် စတင်ကျင်းပခဲ့သည့် သမိုင်းကြောင်းနှင့် ဝါဆိုခြင်းပွဲတော်အကြောင်း၊ ခြင်းပွဲတော်တွင် ပါဝင်ဆင်နွှဲသူများ အကြောင်းကို ပွဲတော်ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကျော်သိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ဝါဆိုခြင်းပွဲတော် စတင်ကျင်းပခဲ့တဲ့ သမိုင်းကြောင်းအကျဉ်း ပြောပြပေးပါဦး။

ဖြေ။ ဝါဆိုခြင်းအလှခတ်ပွဲတော်ကို စတင်ကျင်းပခဲ့စဉ်က မန္တလေးဒေသခံခြင်းဝါသနာရှင်အသင်း သုံးသင်း၊ လေးသင်းလောက်ပဲ ရှိခဲ့တာ။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ် ဆည်းကပ်တဲ့ သံဃာတော်တွေ စတင် ဝါဆိုတဲ့နေ့ဖြစ်တဲ့ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ အဲဒီခြင်းဝါသနာရှင်အသင်း သုံးသင်း၊ လေးသင်းမှာ ပါဝင်တဲ့သူတွေက အခြား ဗုဒ္ဓဘာသာဝင်တွေနည်းတူ မဟာမုနိဘုရားကြီးကို ကန်တော့ပွဲကိုယ်စီနဲ့ ပူဇော်ကန်တော့ကြတယ်၊ ပြီးတော့ သူတို့တတ်တဲ့ခြင်းအလှခတ်ပညာနဲ့ ဘုရားကြီးကို ပူဇော်ခတ်ပြကြတယ်။ ဘုရားဖူးလာရဟန်း၊ ရှင်၊ လူအားလုံးက စိတ်ဝင်တစား ကြည့်ရှုအားပေးရာကနေ မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှခတ်ပွဲတော်ကျင်းပခဲ့တာ ၈၅ ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သလို ခြင်းအလှခတ်ပွဲတော်မှာ ပါဝင်ခတ်ပြကြတဲ့ ခြင်းအသင်းကလည်း ၁၆၅၀ အထိ ရှိလာတယ်။ ပြီးတော့ ပွဲတော်ကျင်းပရက်ကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပြီးကျင်းပခဲ့တာ ဒီနှစ်ဆို ၅၅ ရက်တိုင် ကျင်းပမှာဖြစ်ပါတယ်။

မေး။ ဒီနှစ် ဝါဆိုခြင်းအလှခတ်ပွဲတော်ရဲ့ ထူးခြားချက်တွေနဲ့ ပါဝင်ကြမယ့်လူတွေအကြောင်း ပြောပြပါဦး။

ဖြေ။ ဒီနှစ် ဝါဆိုခြင်းအလှခတ်ပွဲတော်ရဲ့ ထူးခြားချက်ကတော့ သမိုင်းတစ်လျှောက်ပါဝင်ခတ်ပြတဲ့ ခြင်းဝါသနာရှင်အသင်းအများဆုံးနှစ်ဖြစ်ပြီး ရက်ပေါင်း ၅၅ ရက်တိုင်တိုင် လည်း ဖြစ်နေပါတယ်။ ပြီးတော့ ဒီနှစ်ဝါဆိုခြင်းအလှခတ်ပွဲတော်ကို ဘရားဇီးလ်ရုပ်သံလိုင်းတစ်ခုကနေ လာရောက်ရိုက်ကူးဖို့ အကြောင်းကြားထားတာလည်းရှိပါတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ခြင်းလုံးပညာနဲ့ ဘောလုံးပညာ ဆက်စပ်မှုရှိတာကို ထုတ်လွှင့်တင်ပြသွားဖို့ ရည်ရွယ်ပြီး လာရောက်ရိုက်ကူးမှာ ဖြစ်တယ်လို့ ပြောပါတယ်။ ရုပ်ရှင် သရုပ်ဆောင်

ကိုမေတ္တာနဲ့ လူကြမ်းသရုပ်ဆောင်အဖွဲ့တွေကလည်း ဝါဆိုခြင်းပွဲတော်မှာ ပါဝင်ဆင်နွှဲဖို့ ဖုန်းနဲ့အကြောင်းကြားထားပါတယ်။ ခါတိုင်းနှစ်တွေက ဂျာမနီကလာကြတယ်။ ဒီနှစ်တော့ အမေရိကန်၊ ထိုင်း၊ ဂျပန်နိုင်ငံတွေက လာရောက်ပြီး ပါဝင်ဆင်နွှဲဖို့ စာရင်းပေးသွင်းထားပါပြီ။ နိုင်ငံခြားသားတွေထဲမှာ နှစ်စဉ်ပါဝင်ဆင်နွှဲသူတွေ ပါဝင်ပါတယ်။ တချို့ဆိုခုနစ်နှစ်ကျော် ရှစ်နှစ်လောက်ရှိနေပါပြီ။ ပြည်တွင်းမှာဆိုရင် မန္တလေးဒေသခံတွေအပြင် မော်ဘီ၊ ရန်ကုန်၊ မော်လမြိုင်၊ နမ့်စန်၊ နမ္မတီး၊ တောင်ငူ၊ ပဲခူး၊ ပြင်ဦးလွင်၊ ပြည်၊ သရက် စတဲ့ဒေသအစုံက ခြင်းဝါသနာရှင်တွေ၊ ပညာရှင်တွေ လာရောက်ပြီး ပါဝင်ဆင်နွှဲကြပါတယ်။

မေး။ ခြင်းအလှခတ်ပွဲတော်မှာ ခတ်ပြကြတဲ့ ခြင်းအမျိုးအစားတွေကို

ဖြေ။ ခြင်းပညာမှာ ခြေဖျား၊ ခြေခွင်၊ ဒူး၊ ဖဝါး၊ ဖနောင့်၊ ဖမျက်ဆိုပြီး ထိချက် ခြောက်ချက်ရှိပါတယ်။ အမိကတော့ ပြိုင်ပွဲဝင် ခြင်းပေါက်အမျိုး ၃၀ ရှိတယ်။ ခြင်းကြီး ၁၀ မျိုး၊ ခြင်းလတ် ၁၀ မျိုး၊ လက်ရွေးစင်ခေတ်ဆန်း ၁၀ မျိုးဆိုပြီး ရှိတယ်။ ခြင်းကြီး ၁၀ မျိုးထဲမှာဆိုရင် မဟာဒူး၊ တဲ့ဖဝါး၊ စလွယ်ကြီး၊ ပိုက်ကြီး၊ တဲ့ဖနောင့်၊ မဟာကြီး၊ ညှတ်ဒူး၊ ရင်လိမ်ဖဝါး၊ ရင်လိမ်ဖနောင့်၊ မဟာညွှန့်တွေပေါ့။ ခြင်းလတ် ၁၀ မျိုးဆိုရင် ပတ်ဒူး၊ ပခုံးထမ်းဖီလာ ဖဝါး၊ စောင်း စလွယ်၊ ပခုံးထမ်းဖီလာ ဖနောင့်၊ ဖီလာစလွယ်၊ မဟာနွယ်၊ ပတ်စလွယ်၊ ပတ်ဖဝါး၊ ပတ်ဖနောင့်၊ ပတ်မဟာညွှန့်တို့ပေါ့။ လက်ရွေးစင်ခေတ်ဆန်း ၁၀ မျိုးထဲမှာဆိုရင် မန္တလာ၊ မြင်းစီးဖနောင့်၊ သမင်လည်ပြန် ဖနောင့်၊ ရှိပ်ထိပ်တင်ခြေဖျား၊ ဒူး ဝိုက်ကြီး၊ ရှုပ်ဒူး၊ မန္တလာဖီလာ စလွယ်၊ လေဝဲခြေစလွယ်၊ လေဝဲ ဖနောင့်၊ မြင်းဆင်းဖနောင့်တို့ ပါဝင်တယ်။ အဲဒါတွေကနေ ဆင့်ပွားခတ်ကြတာလည်း အများကြီးရှိတာပေါ့။

မေး။ ဝါဆိုခြင်းအလှခတ်ပွဲတော်မှာ ပါဝင်ခတ်ပြကြတဲ့ ခြင်းအသင်းတစ်သင်းမှာ ပါဝင်တဲ့အသင်းသားနဲ့ ခတ်ရချိန်ကို ပြောပြပေးပါဦး။

ဖြေ။ ခြင်းအသင်း တစ်သင်း ခြောက်ဦးပါဝင်ပြီး တစ်သင်းကို မိနစ် ၃၀ကြာတဲ့အထိခတ်ပြခွင့်ရှိပါတယ်။

မေး။ ခြင်းအလှခတ်အသင်းတွေ ခြင်းခတ်တဲ့အခါ ဆိုင်းဝိုင်းနဲ့ အသံဖြင့် သရုပ်ဖော်ပေးတဲ့သူတွေပါ စီစဉ်ထားရတာကိုလည်း ရှင်းပြပါဦး။

ဖြေ။ ခြင်းလုံးခတ်ပြတဲ့ အားကစားသမားတွေ စိတ်ဓာတ် အားမြှင့်တင်ဖို့နဲ့ ပွဲကြည့်ပရိသတ်ကို ဆွဲဆောင်မှုရှိစေဖို့စတဲ့ ရည်ရွယ်ချက်တွေကြောင့် ဆိုင်းဝိုင်းတီးသူ၊ အသံနဲ့ သရုပ်ဖော်သူတွေပါ စီစဉ်ထားရှိတာ ဖြစ်ပါတယ်။

မေး။ ခြင်းကစားခြင်းကြောင့် ရရှိနိုင်တဲ့အကျိုးကျေးဇူးတွေကိုသိပါရစေ။

ဖြေ။ ခြင်း ကစားခြင်းကြောင့် အပေးအယူ၊ လွန်ကြည်ဖြူ၊ ချစ်မှုစာဂ မျှစိတ္တဆိုတဲ့အတိုင်း အားကစားသမား အချင်းချင်း ချစ်ခင်ညီညွတ်စွာနဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရရှိနိုင်သလို ကျန်းမာရေးအတွက်လည်း များစွာ အကျိုးရှိစေပါတယ်။ ခြင်းအားကစားနည်းဟာ အခြားဘောလုံး၊ လက်ဝှေ့၊ စက်ဘီးစတဲ့ အားကစားနည်းတွေထက်လည်း အန္တရာယ်အနည်းပါးဆုံး အားကစားနည်းလည်း ဖြစ်တဲ့အတွက် အားကစားဝါသနာပါသူတိုင်း ခြင်းပညာကို လေ့လာလိုက်စားသင့်ပါတယ်။

မန္တလေး တိုင်းဒေသကြီး၊ မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ ခြင်းလုံးရုံတွင် ကဆုန်လပြည့်ကျော် ၆ ရက် မှ ဝါဆိုလပြည့်ကျော် ၁ ရက် အထိ (မေလ ၃၀ ရက်မှ ဇူလိုင် ၂၃ ရက်) အထိ ကျင်းပလျက်ရှိသည့် ဝါဆိုခြင်းအလှခတ်ပွဲတော်သည် ယခုနှစ် ကျင်းပသည့် ၈၅ ကြိမ်မြောက်မှသည် နှစ်တစ်ရာပြည့် ဝါဆိုခြင်း အလှခတ်ပွဲတော်ဆီသို့ အောင်မြင်စွာ လျှောက်လှမ်း ကျင်းပနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ရေးသားတင်ပြလိုက်ပါသည်။

ချမ်းသာ(မိတ္ထီလာ)

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်

စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်၊ ပုံနှိပ်ရေးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်၊ စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်၊ ပုံနှိပ်ရေးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	**Other Papers**		
(၁)	Manilar Paper(0.45mm)	5	Rolls
(ခ)	**မင်**		
	Web Offset Ink		
(၁)	Black	8000	Kgs
	Thermographic Powder		
(၁)	Gold Powder(Fine)	75	Lbs
(၂)	Sliver Powder(Fine)	5	Lbs
(ဂ)	**Film & Chemicals**		
(၁)	Image Setter Films 18" x 60 m	5	Rolls
(၂)	Typon 61 cm x 60 m	10	Rolls
(ဃ)	**Plate & Chemicals**		
	Negative Plate		
(၁)	915 x 626 x 0.3 mm	277	Shts
(၂)	889 x 609 x 0.3 mm	620	Shts
(င)	**Stitching Wire**		
(၁)	20 Gauge (2 Kg)	167	Coils
(၂)	22 Gauge (2 Kg)	245	Coils
(၃)	23 Gauge (2 Kg)	388	Coils
(စ)	**ပုံနှိပ်ရေးပစ္စည်းများ**		
	Rubber Blankets (Without T - Bar)		
(၁)	L 1150 x W 775 x T 1.96 mm	10	Shts
(၂)	L 995 x W 835 x T 1.96 mm	11	Shts
(၃)	L 915 x W 636 x T 1.95 mm	24	Shts
(၄)	L 750 x W 670 x T 1.95 mm (Miller Rubber Blanket)	50	Shts
	Rubber Blankets (With T - Bar)		
(၁)	L 889 x W 626 x T 1.68 mm	100	Shts
(၂)	L 650 x W 665 x T 1.95 mm	25	Shts
(၃)	L 889 x W 626 x T 1.65 mm	24	Shts
(၄)	L 1063 x W 850 x T 1.95 mm (Compacta Rubber Blanket)	50	Shts
(၅)	L 780 x W 760 x T 1.95 mm (Shinohara Rubber Blanket)	50	Shts
(ဆ)	**Rubber Blankets Bar Clip**		
(၁)	(အထူ 5 mm x အရှည် 990 mm)	80	Nos
(ဇ)	**Dampening Roller NTL 150 m 25m/Roll**	25	Metre
(ဈ) (၁)	Under Lay Foil 0.18 mm	50	Shts
(၂)	Under Lay Foil 0.20 mm	35	Shts
(ည)	**စက်အရန်ပစ္စည်းများ**	၁၃၆	မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၇-၆-၂၀၁၃ရက်မှ ၁၉-၆-၂၀၁၃ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၇-၂၀၁၃ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

<u>**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**</u>

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

<u>**တင်ဒါတင်သွင်းရန်လိပ်စာ**</u>

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်အတွင်းရှိ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ပန်ဆိုင်း (ကြူကုတ်)မြို့နယ်ခွဲ၊ မုံးကိုးမြို့နယ်ခွဲ၊ မန်ဟီးရိုးမြို့နယ်ခွဲနှင့် တာမိုးညဲမြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	**အမှတ်(၁)(၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**
(၁) လမ်းခင်းကျောက်မျိုးစုံ	၅၈၇၇ ကျင်း
(၂) ဘိလပ်မြေ	၈၀၂ တန်
(၃) သဲ	၅၉၆ ကျင်း
(၄) ကျောက်ရောမြေ	၉၃၁ ကျင်း
(၅) သံချောင်း(ရွယ်စုံ)	၄၀.၂၄ တန်
(၆) အုတ်	၃၃၉၅၅ ချပ်
(၇) သစ်	၃၇.၅ တန်
(၈) တင်ဒါပိတ်မည့်ရက်/အချိန်	- ၂၅-၆-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
(၉) တင်ဒါဖွင့်မည့်ရက်/အချိန်	- ၂၆-၆-၂၀၁၃ရက်၊ ၀၉း၀၀နာရီ
(၁၀) တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၅၁၅

(၁၁) အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၁၄၀/က၊ ဧရိယာ ၀ဒသမ ၀၈၅၈ဧက၊ နှစ် ၆၀ ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ် ၃၅ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းစိန် ၁၂/ပဇတ(နိုင်)၀၀၉၁၉၀က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် — **အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖခင်အမည်မှန်

လားရှိုးမြို့၊ အောင်စေတနာရပ်ကွက်နေ နန်းနောမိစံနှင့် မောင်ယောနသန်တို့၏ ဖခင်အမည်မှန်မှာ ဦးဇမ်လျန်ပေါင် ၁၃/လရန(နိုင်)၀၇၉၆၁၃ ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်အတွင်းရှိ လားရှိုးမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	**အမှတ်(၁)(၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**
(၁) လမ်းခင်းကျောက်မျိုးစုံ	၃၃၉၀ ကျင်း
(၂) သဲ	၉၄၄ ကျင်း
(၃) ဘိလပ်မြေ	၈၆၉ တန်
(၄) အုတ်	၂၅၄၆၅၃ ချပ်
(၅) သံချောင်း(ရွယ်စုံ)	၅၂ တန်
(၆) သစ်(အခြား)	၁၈၂ တန်
(၇) သစ်မာ	၃၆ တန်
(၈) တင်ဒါပိတ်မည့်ရက်/အချိန်	- ၂၅-၆-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
(၉) တင်ဒါဖွင့်မည့်ရက်/အချိန်	- ၂၆-၆-၂၀၁၃ရက်၊ ၀၉း၀၀နာရီ
(၁၀) တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လားရှိုးခရိုင်၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၃၀၅၈၊ ၂၃၀၂၅

(၁၁) အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်အတွင်းရှိ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ သီပေါမြို့နယ်၊ မန်တုံမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲနှင့် မိုင်းလုံမြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	**အမှတ်(၁)(၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်)**
၁။ လမ်းခင်းကျောက်မျိုးစုံ	၁၃၀၃၀ ကျင်း
၂။ ဘိလပ်မြေ	၂၁၂ တန်
၃။ ဖြုန်းကျောက်	၁၀၀ ကျင်း
၄။ သံချောင်းလုံး(ရွယ်စုံ)	၃၄.၃၃ တန်
၅။ ကျောက်ရောမြေ	၆၃၇ ကျင်း
၆။ တင်ဒါပိတ်မည့်ရက်/အချိန်	- ၂၅-၆-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
၇။ တင်ဒါဖွင့်မည့်ရက်/အချိန်	- ၂၆-၆-၂၀၁၃ရက်၊ ၀၉း၀၀နာရီ
၈။ တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ ဖုန်း-၀၈၂-၄၀၀၄၉၊ ၄၀၇၇၆

၉။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးရွေးချယ်ရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပုသိမ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်နေ

ပုသိမ် ဇွန် ၁၁

ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် ၁၃ ရပ်ကွက် (ကင်မလင်းကျွန်း)တွင် အဝေးပြေးယာဉ် ရပ်နားစခန်းကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိနေကြောင်း သိရသည်။

အဝေးပြေးယာဉ် ရပ်နားစခန်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် မေလတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ပြီး ပြည့်ဝခိုင်မာကုမ္ပဏီက တာဝန်ယူ တည်ဆောက်နေခြင်း ဖြစ်သည်။ ကားဂိတ်အဖြစ် အသုံးပြုနိုင်မည့် ၁၀ခန်းတွဲအဆောက်အအုံနှစ်လုံးနှင့် ၁၃ ခန်းတွဲ အဆောက်အအုံနှစ်လုံး ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

ကားဂိတ်အခန်းများနှင့်ကားပတ်လမ်းအကွာအဝေးသည် ပေ ၄၀ ရှိပြီး ကွန်ကရစ်အပြည့်ခင်းပေးထားမည်ဖြစ်သဖြင့် အဝေးပြေးယာဉ်ကြီးများ စနစ်တကျ ဝင်ထွက်ရပ်နားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ဆိုင်ခန်းအဖြစ်အသုံးပြုရန် ရှစ်ခန်းတွဲနှစ်ထပ်အဆောက်အအုံနှစ်လုံးကို ဆက်လက်တည်ဆောက်နေပြီ ဖြစ်သည်။

ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးခြင်းမှာ ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် တစ်တပ်တစ်အားပါဝင်ခြင်းဖြစ်ကြောင်း စီမံကိန်းမန်နေဂျာက ပြောကြားသည်။"အဝေးပြေးကားဝင်းတည်ဆောက်ပြီးသွားရင် ခရီးသွားပြည်သူတွေ စိတ်ချမ်းမြေ့နိုင်သလို ကျွန်တော်တို့ရပ်ကွက် အခုထက်ပိုပြီး စည်ကားလာမယ်၊ ဈေးရောင်းဈေးဝယ်တွေကောင်းလာမယ်လို့ ထင်ပါတယ်"ဟု အမှတ် ၁၃ ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောကြားသည်။

ပုသိမ် အဝေးပြေးယာဉ်ရပ်နားစခန်းကိုလွန်ခဲ့သောအနှစ် ၂၀ ခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံနှင့်လမ်းများ ယိုယွင်းပျက်စီးလာခြင်းကြောင့် အဝေးပြေးယာဉ်ကြီးများ ပုံမှန်ဝင်ထွက်သွားလာမှုပင် မရှိခဲ့ကြောင်း သိရသည်။

ဦးခန့်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အဒေါ်ဖြစ်သူလင်မယား စကားများရန်ဖြစ် တူဖြစ်သူက ဓားနှင့်ဝင်ရှင်း

ပုသိမ် ဇွန် ၁၁

ပုသိမ်မြို့နယ် အမှတ် ၁ ရပ်ကွက် ကွမ်းခြံပန်းခြံလမ်း၌ ဇွန် ၇ ရက်က အဒေါ်ဖြစ်သူလင်မယား စကားများရန်ဖြစ်နေစဉ် တူဖြစ်သူက အဒေါ်၏ခင်ပွန်းကို ဆဲဆိုပြီး ဓားဖြင့်ခုတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၇ ရက် ည ၈ နာရီခန့်က ပုသိမ်မြို့ အမှတ် ၁ ရပ်ကွက် ကွမ်းခြံဈေးအနီး ပန်းခြံလမ်းနေ ဦးဝင်းအေး (၃၉ နှစ်)သည် နေအိမ်ပေါ်၌ ဇနီးဖြစ်သူ ဒေါ်မိုးသူနှင့် စကားများရန်ဖြစ်နေစဉ် ဒေါ်မိုးသူ၏ တူဖြစ်သူ ရဲဇော်နိုင် (၂၅ နှစ်)သည် အရက်မူးလာပြီး ဦးဝင်းအေး၏ နေအိမ်ရှေ့မှနေ၍ ညစ်ညမ်းစွာ ဆဲဆိုနေသည်။ ထို့ကြောင့် ဦးဝင်းအေးက နေအိမ်အတွင်းမှ တံခါးဖွင့်ပြီး အိမ်ဘေးသို့ဆင်းကြည့်လိုက်ရာ ရဲဇော်နိုင်က အသင့်ပါလာသော ဓားဖြင့်ခုတ်လိုက်ရာ ဦးဝင်းအေးတွင် ပေါက်ပြဲဒဏ်ရာများ ရရှိသွားသဖြင့် ဇွန် ၈ ရက် နံနက် ၅ နာရီက ဦးဝင်းအေး၏ တိုင်တန်းချက်အရ ပုသိမ် အမှတ်၂ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ပုသိမ်လုကြည်

စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

တာချီလိတ် ဇွန် ၁၁

ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီက တာချီလိတ်(မူးယစ်)မှ ရဲအုပ်ကျော်သူနှင့်အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာလေဘက်မှလာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာလေဘက်မှ တာချီလိတ်သို့ ယာဉ်မောင်း အားခေါင် မောင်းနှင်ပြီး လော်ဖီး စီးနင်းလိုက်ပါလာသည့် နံပါတ်မပါ ထိုင်းနိုင်ငံထုတ် Wave-100 အမျိုးအစား၊ အနက်ရောင်မော်တော်ဆိုင်ကယ် ဖင်ထိုင်ခုံအောက် Tool Box အတွင်း အပြာရောင်ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၇၀ ပါတစ်ထုပ်၊ အလေးချိန် ၇ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၁၄၀၀၀၀ ကို ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ်ရဲဝင်းထွန်းက သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသော အားခေါင် (၂၀နှစ်) တောင်သုံးလုံးကျေးရွာ တာလေမြို့နယ်ခွဲနေသူနှင့် လော်ဖီး တောင်သုံးလုံးကျေးရွာ တာလေမြို့နယ်ခွဲနေသူတို့နှစ်ဦးကို တာချီလိတ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ရောင်းမည်

လှိုင်မြို့နယ်၊ (၅)မိုင်ခွဲ၊ ပြည်လမ်းသွယ်၊ တံတားဖြူကန်လမ်းမ၊ စတုရန်းပေ ၈၃၀၀၊ မြေသီးသန့်၊ အမည်ပေါက်။

(ဈေးနှုန်း ကျပ်သိန်း ၂၅၀၀၀)

ဖုန်း-၀၉-၅၁၀၇၄၅၄၊ ၀၉-၇၃၁၇၆၉၆၆

ပြင်ဆင်မှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်

အကြောင်းကြားစာ

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၃

ဦးအောင်ကြည်(ခ)ဦးခွေးလေး **နှင့်** ၁။ ဒေါ်နွဲ့(ခ)ဒေါ်တင်နွဲ့
(၄င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်မြင့်မြင့်သန်း
ဦးတင်ညိမ်း)

ပြင်ဆင်မှုလျှောက်ထားသူ **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

ဖျာပုံခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၆/၂၀၁၁၏ ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၃ရက်စွဲပါ အမိန့်ကိုပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်မြင့်မြင့်သန်း၊ အမှတ် ၆၊ ၅လမ်း၊ (၆)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ဖျာပုံခရိုင်တရားရုံးမှ ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူ ဦးအောင်ကြည်(ခ)ဦးခွေးလေး (၄င်း၏အခွင့်ရကိုယ်စားလှယ်ဦးတင်ညိမ်း) ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင်မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤပြင်ဆင်မှုကို ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်က ဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်က လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(စန်းမြကြူ)
လက်ထောက်ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၅၇၄ဘီ၊ ပေ(၂၀×၆၀)၊ ဧရိယာစတုရန်းပေ ၁၂၀၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆ/ရပ်ကွက်၊ ကရဝိက် ၄လမ်း၊ အမှတ် ၅၇၄/ဘီ ဟုခေါ်တွင်သည့် အိမ်အပါအဝင် ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ကိုမြင့် ၁၂/မရက(နိုင်)၀၉၉၀၀၄က မိမိတစ်ဦးတည်းသာပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန္ဒာမိုး(မမိုးလေး) LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၁)
တိုက် ၁၈၊ ဒုတိယထပ်၊ ရွှေလောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၁၆၅၇၂၄

အစိုးရပထမငယ်တန်း သီးသန့်ပင့်ဖိတ်ခြင်း

၁။ ပါဠိပထမပြန်စာမေးပွဲ ပထမငယ်တန်းကို (ဉာဏ်သင့်ပါက) တစ်နှစ်တည်းဖြင့် ဝင်ရောက်ဖြေဆိုနိုင်ရန် စနစ်တကျသင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အခြေခံမှစလျက် သင်ကြားလိုကြသော စာသင်သားများ ကြွရောက်ပါရန် ပင့်ဖိတ်ပါသည်။

၂။ ကျောင်းတွင်း၌ပင် အခမဲ့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို (အထက်တန်းအဆင့်အထိ)ဖွင့်ထားပါသဖြင့် ခေတ်ပညာသင်ယူလိုကြသော သာမဏေများ၊ တောင်တန်းသာသနာပြုဆရာတော်များ၏တပည့် (တိုင်းရင်းသား) များကိုလည်း အပ်နှံနိုင်ပါကြောင်း လျှောက်ထားပါသည်။

(စားဝတ်နေရေး၊ ကျန်းမာရေး တာဝန်ယူပါသည်။) အကျိုးဆောင်အဖွဲ့
ပစ္ဆိမာရုံစာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့၊ ဖုန်း-၀၉-၅၁၅၄၁၆၁၊ ၀၉-၈၅၅၂၆၆၇

အမည်ပြောင်း

လားရှိုးမြို့၊ ဟိုနားအုပ်စု၊ ကျေးခေါင်းကျေးရွာ အမကတွဲမှ ဦးယန်စယ်လယ်(ခ)ဦးစုန်ဆေလျံ၏သား မောင်စောလွင်အား မောင်စိုးလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုးလွင်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ်(၁၂၁/A) မြေကွက်တည်နေရာအမှတ်(၁၂၁/A)၊ ရန်ပြေ ၉ လမ်း၊ (၃)ရပ်ကွက် သာကေတမြို့နယ် ဒေါ်အကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အကြည်(ဇနီး)ကွယ်လွန်သဖြင့် ခင်ပွန်း ဦးချစ်ကြည် ၁၂/သကတ(နိုင်)၁၅၅၉၈၀က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြင်ဆင်မှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်

အကြောင်းကြားစာ

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၄

ဦးတင်အေး **နှင့်** ၁။ ဒေါ်နွဲ့(ခ)ဒေါ်တင်နွဲ့
(၄င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်မြင့်မြင့်သန်း
ဦးတင်ညိမ်း)

ပြင်ဆင်မှုလျှောက်ထားသူ **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

ဖျာပုံခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၇/၂၀၁၁၏ ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၃ရက်စွဲပါ အမိန့်ကိုပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်မြင့်မြင့်သန်း၊ အမှတ် ၆၊ ၅လမ်း၊ (၆)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ဖျာပုံခရိုင်တရားရုံးမှချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူ ဦးတင်အေး (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးတင်ညိမ်း) ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤပြင်ဆင်မှုကို ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်က ဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်က လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(စန်းမြကြူ)
လက်ထောက်ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅

ဦးထွန်းရီ **နှင့်** ဦးစိုးမင်းထက်
တရားလို **တရားပြိုင်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ပဉ္စမထပ်၊ မြို့တော်ဗဟိုဈေး (ယခုနေရပ်လိပ်စာမသိ)နေ **ဦးစိုးမင်းထက် MEI Group (အထွေထွေမန်နေဂျာ)** သိစေရမည်။ တရားလိုက **နှစ်ဦးသဘောတူကတိစာချုပ်ပါ ပဋိညာဉ်အတိုင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယာဉ်လိုင်စင်ခွန်ပေးသွင်းရန်နှင့် ဤသို့မဆောင်ရွက်နိုင်ပါက ကျသင့်သည့်လိုင်စင်ခွန်နှင့် နစ်နာကြေးများပေးစေလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၄ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးထွန်း)
ဒုတိယမြို့နယ်တရားသူကြီး
မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးမြို့နယ်တရားမရုံးတော်၌
ပဲခူးခရိုင်တရားရုံး ၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၉၆ နှင့်ဆက်သွယ်သည့်
၂၀၁၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇ ။

မန်နေဂျာ **နှင့်** ဒေါ်ခင်သီတာချို
မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးမြို့။

ဒီကရီအနိုင်ရသူ **တရားရှုံး**

အမှတ်(၁၀၃)၊ ဗထူးလမ်း၊ (၂/၈)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၉၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဇွန် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်တင်တင်မော်
တွဲဖက်မြို့နယ်တရားသူကြီး
ပဲခူးမြို့နယ်တရားရုံး

ကြော်ငြာနှင့်နယ်သတင်း

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၁

စက်မှုဝန်ကြီးဌာနက ကြီးမှူးပြီး လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း (၁/၂၀၁၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် ၃၅ ကျိုက်ဝိုင်းဘုရားလမ်း လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ ဇွန် ၁၀ ရက်တွင် ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က အမှာစကား ပြောကြားသည်။

အဆိုပါ လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းတွင် အခြေခံလျှပ်စစ်အကြောင်း၊ လျှပ်စစ်တိုင်းတာရေးမီတာများအကြောင်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများတည်ဆောက်ပုံနှင့် ထိန်းသိမ်းခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် အိမ်တွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ မြေဓာတ်ချခြင်းနှင့် မိုးကြိုးလွှဲ၊ လျှပ်တာပြောင်းအခြေခံ၊ အခြေခံအီလက်ထရွန်နစ်၊ အေစီ၊ ဒီစီမော်တာများ၊ လျှပ်ထုတ်စက်၊ ကောင်းကင်ဓာတ်အားလိုင်း၊ မော်တာနှိုးခလုတ်၊ PLC အခြေခံ၊ လျှပ်စစ်ဥပဒေနှင့် လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းတွင် စက်မှုဝန်ကြီးဌာနမှ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ စက်မှုဝန်ထမ်းအမျိုးသား၊ အမျိုးသမီး ၂၂ ဦး၊ အခြားဝန်ကြီးဌာနများမှ အမျိုးသား အမျိုးသမီး ၂၂ ဦးနှင့် ပြင်ပစက်ရုံ၊ အလုပ်ရုံမှဝန်ထမ်းအမျိုးသား အမျိုးသမီး ၅၅ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၉၉ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းကို ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ရက်သတ္တပတ် ခြောက်ပတ် ဖွင့်လှစ်သင်ကြားမည် ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ပျဉ်းမနားမြို့ ပန်းခင်းရပ်ကွက်၌ ထရန်စဖော်မာတစ်လုံး တည်ဆောက်ပြီးစီး

နေပြည်တော် ဇွန် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပန်းခင်းရပ်ကွက် ပန်းခင်းလမ်းမကြီးဘေး၌ 11/0.4 KV, 315 KVA ထရန်စဖော်မာ အသစ်တစ်လုံး ထပ်မံတည်ဆောက်ပြီး မေ ၂၉ ရက်က စတင်ဓာတ်အားဖြန့်ဖြူးပေးထားပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ထရန်စဖော်မာအသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ပျဉ်းမနားမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးလှိုင်နှင့် ဝန်ထမ်းများက ဦးဆောင်၍ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိုကဲ့သို့ ထရန်စဖော်မာအသစ်တစ်လုံး ထပ်မံတည်ဆောက်ပေးသဖြင့် ယခင်က လိုင်းအဖျားကျသောနေရာများတွင် လျှပ်စစ်ဗို့အား ၂၀ခန့်သာရှိရာမှ ယခုအခါ ဗို့အား၂၀၀ကျော်ရှိလာပြီဖြစ်သဖြင့် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲခွင့်ရရှိပြီဖြစ်သောကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **မိုးယံ**

နိုင်ငံပေါင်း ၁၃ နိုင်ငံမှ လာရောက်ပြသမည့် ကုန်စည်ပြပွဲကြီး

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမကြီးတွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ပထမအကြိမ် လာရောက်ပြသရောင်းချမည့် INDO ASIAN INTERNATIONAL TRADE EXPO ကုန်စည်ပြပွဲကြီးကို ဇူလိုင် ၁၂ ရက်မှ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညစနာရီအထိ လူသုံးကုန်ပြခန်းပေါင်း ၂၀၀ ကျော်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

Singapore, India, Pakistan, Malaysia, Thailand, Nepal, China, Syria, Egypt, Myanmar, Mauritius, Dubai နှင့် Southafrica နိုင်ငံများမှ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အလှကုန်များ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ကုန်များ၊ ဆေးဝါးများ၊ တက္ကသိုလ် ကောလိပ်သင်တန်းကျောင်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းသုံးဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများကို မိတ်ဆက်ပြသ၍ ရောင်းချသွားမည်ဖြစ်သည်။

တင်တင်ဝင်း(မြန်မာ့အလင်း)

ရွာသူ/ ရွာသားများကို ကူညီခဲ့သူများအား ဂုဏ်ပြု

မူဆယ် ဇွန် ၁၁

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် နောင်ခမ်း၊နောင်မတာ၊ မန်ကွန်၊ မန့်ဆွမ့် စသည့် ရွာများမှ ရွာသူရွာသားများအား ဆန်၊ စားစရာ၊ အဝတ်အထည်၊လူသုံးကုန်ပစ္စည်းများ အပါအဝင် သိန်း ၁၀၀ကျော် လှူဒါန်းခဲ့သည့်စေတနာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီခွဲက နမ့်ခမ်းမြို့ တိုင်းဧည့်ကြိုခန်းမတွင် ကျင်းပရာ နမ့်ခမ်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ် တာဝန်ရှိသူများက စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

ဟိုပင်ရုံးပေါင်းစုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဟိုပင် ဇွန် ၁၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ ရုံးပေါင်းစုံနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဇွန် ၈ ရက် နံနက် ၇ နာရီက မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးဘဝင်း၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရေနုတ်မြောင်းများရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြကြောင်းသိရသည်။**(မြို့နယ် ပြန်/ဆက်)**

မြန်မာဂေါက်သီးရိုက်အသင်းသားများ သိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၊ ၉ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၁၂/၂၀၁၃ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးအား ၂၉-၆-၂၀၁၃ရက် (စနေနေ့)၊ နံနက် ၉း၃၀ နာရီတွင်လည်းကောင်း၊ ၂၀၁၃/၂၀၁၅ ခုနှစ်အတွက် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ယင်းနေ့နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိလည်းကောင်း ကျင်းပရန်ရှိပါသဖြင့် အသင်းသားများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၁-၄-၂၀၁၂ရက်မှ ၃၁-၃-၂၀၁၃ ရက်အထိ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ၁၄-၆-၂၀၁၃ ရက်မှစ၍ အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

အရှင်သီရိကဥ္စနာဘိဝံသ ၏ ဘယ်ရင်ခွင်မှာခိုဝင်မှာလဲ

ထွက်ပြီ

ဘယ်အရိပ်မှာပဲခိုခို, ဘယ်ရင်ခွင်မှာပဲနားနား, ဘယ်ပခုံးကိုပဲမှီမှီ ပခုံးတစ်ဖက်ကို မေတ္တာဖြင့်မှီလျှင် ကျန်ပခုံးတစ်ဖက်ကို ဓမ္မနှင့်ယှဉ်၍ မှီကြရမည်။ ကိုယ်ကမေတ္တာဖြင့်မှီလျှင် နှစ်ဦးနှစ်ဖက်အဆင်ပြေမည်။ ဓမ္မနှင့်မှီလျှင် ပူပင်သောက ကင်းဝေးမည်။ ကိုယ်ကမှီရသည်ဖြစ်စေ, အမှီခံရသည်ဖြစ်စေ သံယောဇဉ်ရင်ခွင်များအပေါ်မှာ အတ္တစောင်ပါးပါးလေးခင်း၊ မေတ္တာစောင်ထူထူလေးခြုံပြီး ဓမ္မခေါင်းအုံးလေးပါခု၍ မှီသွားကြဖို့ တိုက်တွန်းချင်ပါသည်။

လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်၍ သစ္စာမဏ္ဍိုင် (ရွှေတိဂုံတောင်ဘက်မုခ်)မှ ဒုတိယအကြိမ် ဖြန့်ချိသည်။ (တန်ဖိုး ကျပ် ၂၅၀၀/-)

အမည်ပြောင်း

ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ အောင်ဇေယျလမ်းနေ ဦးမျိုးသက်-ဒေါ်ဖြူဖြူဝင်းတို့၏သား အထက (၁)၊ ပဥ္စမတန်း (E)မှ မောင်ရဲမာန်ဟိန်းအား မောင်လင်းလင်းကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းလင်းကို**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၃၃၉၀၉ SYM Avgela 110 M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စိန် ၉/မနမ(နိုင်)၀၄၉၀၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Fine Jewellery Sales & Marketing ဝန်ထမ်း (မ)၅ဦး အလိုရှိသည်။
(၁၀၀၀၀၀,+, +)

- ဘွဲ့ရ
- အင်္ဂလိပ်ဘာသာစကားပြောကျွမ်းကျင်သူ၊ တရုတ်ဘာသာစကားပြောကျွမ်းကျင်သူ
- အရောင်းနှင့်ဈေးကွက်တာဝန်ကို တက်ကြွစွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- လူမှုဆက်ဆံရေး အထူးကောင်းမွန်ရန် လိုအပ်သည်။
- အသက်(၂၀)မှ (၃၀)အတွင်း
- ရုပ်ရည်ပြေပြစ်ကြော့ရှင်းရန် လိုအပ်သည်။
- လက်ဝတ်ရတနာလုပ်ငန်းအား ဝါသနာပါ စိတ်ဝင်စားသူဖြစ်ရမည်။

ကိုယ်ရေးအကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်-
SP GEMS & JEWELLERY
No. 30(A), Pyay Road, 7 miles, Mayangone Tsp, Yangon.
Monday to Friday-9:30 AM to 5:00 PM

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပြည်ထောင်စုလမ်းသွယ်လမ်း၊ အမှတ် (၃၄-အေ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၅-ဒီ)၊ မြေကွက်အမှတ်(၄၇-၃၉/၉ဘီ)၊ မြေဧရိယာ ၀ဒသမ၃၅၀ဧကအနက် အလျား(ပေ၃၀၊ ၃လက်မ/၁၈ပေ× ၁၃ပေ၊ ၃လက်မ)×အနံ (၄၅ပေ/၅၁ပေ) အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်ပြုလုပ်သည့် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်-၅၅၅၃/၁၉၉၇အရ ရရှိပိုင်ဆိုင်ထားသူ ဒေါ်မျိုးမြင့်သူဇာ ၁၂/ဗဟန(နိုင်)၀၅၁၆၂၄က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B	**ဒေါ်လှလှခိုင် LL.B**
တရားရုံးချုပ်ရှေ့နေ (၄၃၇၃)	**တရားရုံးချုပ်ရှေ့နေ (၅၄၁၀)**

အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ လူနေရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ်(၆၁-က)၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ ဇရာဝဏ်လမ်း၊ အမှတ်(၆၁-က)ရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းအေး ၁၂/သကတ(နိုင်)၁၀၃၃၀၃၊ ဦးတင်အုန်း ၁၄/မအပ(နိုင်)၀၃၉၄၂၄တို့ထံမှ အဆင့်ဆင့်လွှဲပြောင်း ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဦးဝင်းမောင် ၁၂/သကတ(နိုင်)၁၀၆၆၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L
M.P.A, M.A(BL), PGDIT (New Delhi), D.Jap. (UFL)
အထက်တန်းရှေ့နေ
အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ် (၆၄)၊ အုပ်စုအမှတ် (၄)၊ ဦးပိုင်အမှတ် (၈၄/စီ)၊ ဧရိယာ ၀ ဒသမ ၆၄၇ဧကရှိမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်တို့မှာ ကျွန်တော်ဦးတင်မြင့် ၁၀/မလမ(နိုင်)၀၃၇၃၄၇ အမည်ပေါက် ပိုင်ဆိုင်သောမြေနှင့်နေအိမ်တို့ဖြစ်ပါသည်။

ယင်းမြေဧရိယာ ၀ ဒသမ ၆၄၇ ဧကအနက် ဧရိယာ ၀ ဒသမ ၃၃၃ ဧကရှိမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသောနေအိမ်တို့ကို အတူနေသမီးဖြစ်သူ ဒေါ်တင်မြတ်ခိုင်က တန်ဖိုးငွေသတ်မှတ်ပေးချေမည်ဖြစ်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးရန် မမှန်မကန် စည်းရုံးပြောဆိုသဖြင့် ကျွန်တော်မှလည်း နားယောင်ပြီး မှတ်ပုံတင်စာချုပ်အမှတ် (၂၉၈/၂၀၁၂) ဖြင့် အရောင်းစာချုပ်ပြုလုပ်ချုပ်ဆိုပေးခဲ့ပါသည်။ သို့သော် သမီးဒေါ်တင်မြတ်ခိုင်က စာချုပ်ပါသတ်မှတ်တန်ဖိုးငွေအား လုံးဝပေးချေခြင်းမပြုဘဲ ထိုမြေအတွက် အမည်ပြောင်းလျှောက်ထားရန်ဆောင်ရွက်ခြင်း၊ မြေငှားဂရန်ရရှိရန်ဆောင်ရွက်ခြင်းတို့ပြုလုပ်နေသဖြင့် ကျွန်တော်မှ ငွေပေးချေခြင်းမရှိဘဲ ထိုသို့မပြုလုပ်ရန် တားမြစ်သော်လည်း လိုက်နာခဲ့ခြင်းမရှိပါ။

သို့ပါ၍ ကျွန်တော်နှင့်သမီးဖြစ်သူ ဒေါ်တင်မြတ်ခိုင်တို့ ချုပ်ဆိုသောစာချုပ်မှာ ဒေါ်တင်မြတ်ခိုင်ဘက်မှ သတ်မှတ်တန်ဖိုးငွေပေးချေရန် ပျက်ကွက်သဖြင့် ကျွန်တော်က ဒေါ်တင်မြတ်ခိုင်နှင့် ချုပ်ဆိုထားသောမှတ်ပုံတင်စာချုပ်အမှတ် (၂၉၈/၂၀၁၂)အား ဤကြော်ငြာပါသည့်ရက်မှစ၍ ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးတင်မြင့်
၁၀/မလမ(နိုင်)၀၃၇၃၄၇
အမှတ် (၁၀၄)၊ အထက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့

မလှရီ(ခ)ကရုပါရီ ၁၂/ဒဂတ(နိုင်)၀၁၇၄၁၂ (အဖ-ဦးလှမောင်)နှင့် သက်ဆိုင်သူ အများသိစေရန်ကြေညာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ လမ်း ၉၀၊ အမှတ် ၃၁၊ လေးလွှာ(အေ)တွင်နေထိုင်သူ ဦးလှရွှေ ၁၂/မဂတ(နိုင်)၀၂၀၉၃၀၏ ညွှန်ကြားချက်အရ မလှရီ(ခ)ကရုပါရီ သိစေရမည်မှာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှရွှေနှင့် မလှရီတို့သည် ၃၀-၄-၂၀၀၉ရက်တွင် လူကြီးမိဘများသဘောတူညီချက်အရ ထိမ်းမြားလက်ထပ်ခဲ့ရာ (၁) သားမောင်ဉာဏ်ထက်အောင် သုံးနှစ်၊ (၂)သမီးမခင်ရတနာမြင့် တစ်နှစ်အရွယ် သားသမီးနှစ်ဦး ထွန်းကားခဲ့သည်ဟု သိရပါသည်။

၂။ မလှရီ(ခ)ကရုပါရီသည် သားဦးကိုယ်ဝန်ကို ၄င်း၏မိဘနှစ်ပါးနေအိမ်သို့ သွားရောက်မွေးဖွားသည်မှအစပြု၍ ခင်ပွန်းဦးလှရွှေ စိတ်ဆင်းရဲစေရန် ငွေကြေးကိစ္စရပ်များ ဆောင်ရွက်ခဲ့ခြင်းကို တစ်ကြိမ်သည်းခံခွင့်လွှတ်ခဲ့သော်လည်း ၂၀၁၃ခုနှစ် ဧပြီလပိုင်းတွင် ခွင့်မလွှတ်နိုင်သော ငွေကြေးကိစ္စရပ်များပေါ်ပေါက်လာခြင်း၊ မယားဝတ္တရားမကျေပွန်ခြင်း၊ ခင်ပွန်းဖြစ်သူ ဂုဏ်သိက္ခာကျဆင်းစေရန် အမြဲပြုမူပြောဆိုခြင်းတို့ကြောင့် ၃၁-၅-၂၀၁၃ ရက်မှစ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှရွှေက မလှရီ(ခ)ကရုပါရီကို ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ပါသည်။

၃။ မလှရီ(ခ)ကရုပါရီသည် သားနှင့်သမီးကို ဖခင်ဦးလှရွှေထံထားခဲ့ပြီးလျှင် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှရွှေ ဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၈လမ်း၊ အမှတ် ၂၁၊ ခြောက်လွှာ(ခေါင်းရင်းခန်း) တိုက်ခန်းမှ ၃၀-၆-၂၀၁၃ရက်နောက်ဆုံးထားကာ မလှရီနှင့် ဆွေမျိုးအားလုံး အခြားသို့ပြောင်းရွှေ့ထွက်ခွာလျက် တိုက်ခန်းအလွတ်နှင့် ဦးလှရွှေပိုင် ပရိဘောဂပစ္စည်းအားလုံးကို မူလအတိုင်း ဦးလှရွှေထံအပ်နှံပေးရန် ကျွန်ုပ်တို့မှတစ်ဆင့် တောင်းဆိုလိုက်ပါသည်။ မလိုက်နာပါက ဥပဒေအရ တရားစွဲဆိုရလိမ့်မည်ဖြစ်ကြောင်း မလှရီ(ခ)ကရုပါရီနှင့် သက်ဆိုင်သူအများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးလှမြင့် (ဒဂုံ) (စဉ်-၉၀၁၂)

၁။ဦးတင်အောင်ကြည်(တောင်သုံးလုံး)	**၂။ဒေါ်မေစပယ်မြင့်**	**၃။ဒေါ်မျိုးရီဇာမွန်(မြောင်းမြ)**
(စဉ်-၃၀၇၂၂)	**(စဉ်-၃၂၉၉၂)**	**(စဉ်-၃၅၈၇၃)**

အထက်တန်းရှေ့နေများအဖွဲ့၊ ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀
အမှတ် ၈၃၊ သုံးလွှာ၊ အခန်း ၁၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကြော်ငြာ

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၂ ခုနှစ် (သို့မဟုတ်) ၂၀၁၃ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ကြော်ငြာ

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၃ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

12-6 (21).pmd 1 6/10/2013, 6:44 AM

ကြော်ငြာ

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကျော်ဝင်းမောင် (ဖောင်ကြီး)

အသက်(၉၃)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီတို့၏ဖခင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးရွာနေ အသက်(၉၃)နှစ်ရှိ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးကျော်ဝင်းမောင်သည် ၇-၆-၂၀၁၃ရက် (သောကြာနေ့)တွင် အာရုတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)နှင့်မိသားစု
ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်းမောင်

အသက်(၉၃)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီတို့၏ကျေးဇူးရှင်ဖခင် ဦးကျော်ဝင်းမောင်သည် ၇-၆-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်းမောင် (ဖောင်ကြီး)

အသက်(၉၃)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီတို့၏ကျေးဇူးရှင်ဖခင် ဦးကျော်ဝင်းမောင် အသက်(၉၃)နှစ်သည် ၇-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့်ဇနီး ဒေါက်တာသီဂီကျော်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

မောင်ဖြိုးမင်းဦး

အသက်(၃၀)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေးတို့၏သား မောင်ဖြိုးမင်းဦးသည် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး ဒေါ်နန္ဒာမွန်း
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေးတို့၏သား ကိုဖြိုးမင်းဦးသည် ၆-၆-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

ဒေါ်ခင်ငွေးလွင်

အသက်(၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မဟာသုခလမ်း၊ အမှတ် ၇၆၊ ၇၈ နေ (ဦးခင်မောင်လှ)၏ဇနီး၊ ယောဂီ ဒေါ်အမာစိန်၊ ဒေါ်စိန်စိန်လွင်တို့၏အစ်မ၊ ဦးဇော်ဝင်းနိုင်-ဒေါ်အေးအေးခိုင်(ခ)မတူး၊ ဦးသန်းနိုင်-ဒေါ်စန္ဒာနိုင်၊ ဦးမင်းမော်နိုင်-ဒေါ်စမ်းစမ်းအေး၊ ဦးနိုင်ထွန်းအေးတို့၏မိခင်၊ မမြတ်ဟန်နီဇော်၊ မထက်စန္ဒီဇော်၊ မောင်ဟိန်းမင်းလတ်၊ မောင်ဖွဲ့လင်းထွန်း၊ မောင်ဇေထက်အောင်၊ မစုစုစိုးစံတို့၏အဘွားသည် ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမျိုးဟိန်း

အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဒုတိယဗိုလ်မှူးကြီး ချစ်ခိုင် - ဒေါ်မြင့်မြင့်)တို့၏သားကြီး၊ (ဗိုလ်မှူးဖေအောင်)-ဒေါ်မေမေခင်တို့၏သားသမက်၊ ဒေါက်တာနီနီအောင် (F.R.C.O.G-UK)၏မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၇၊ အခန်း ၇နေ ဒေါ်ဝါဝါအောင်(S.A.T၊ အထက-၁၊ ပန်းဘဲတန်း)၏ခင်ပွန်း၊ ဦးဇော်မင်းထွန်း - ဒေါက်တာမြမွန်ရည် (UK)၊ ဒေါက်တာရဲနောင်လတ်(Perth မြို့၊ Australia)-ဒေါ်ခင်မင်းထွေးတို့၏ဖခင်၊ ဒေါက်တာသိန်းဇော်-ဒေါက်တာသန်းသန်းဝင်း(UK)၊ ဒေါက်တာတင်သိန်း - ဒေါက်တာတင်ငွေးမော်၊ ဦးအောင်ကျော်နိုင်-ဒေါက်တာလဲ့လဲ့ခိုင်(UK)၊ဦးလှဖုန်း-ဒေါ်ယုယုဝင်း(UK)၊ ဒေါက်တာနိုင်အောင်-ဒေါ်ခင်နှင်းနွယ်၊ ဦးလွင်မောင် - ဒေါ်ခင်လှဝင်းတို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးကြီးသည်၁၀-၆-၂၀၁၃ရက်(တနင်္လာနေ့) ည ၉း၁၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဒဂုံမြို့နယ် နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်အုံး

ဧရာဝတီပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ငြိမ်း)

မယ်ဇလီကုန်းကျေးရွာ၊ကျိုက်လတ်မြို့

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ သုမနလမ်း၊ အမှတ် ၂၂၃နေ (ဦးရွှေပြား-ဒေါ်ငွေခင်)တို့၏သား၊ (ဦးသန်းမောင် - ဒေါ်ဖွားစုံ)၊ ဦးကျော်ရှင်း(ဦးကောသလ္လ)-(ဒေါ်သန်းခင်)၊ (ဦးညွန့်ရှင်-ဒေါ်ကျင်)၊ (ဦးစိန်သောင်း)၊ (ဦးထွန်းကြိုင်)-ဒေါ်လှ၊ ဦးကုလားကြီး-(ဒေါ်အေး)၊ ဦးလှငြိမ်း-ဒေါ်စိန်မြတို့၏မောင်၊ ဒေါ်စိန်လှ၏ခင်ပွန်း၊ ဒေါ်ကေသီအုန်း၏ဖခင်သည် ၁၁-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တစ်လပြည့် ဆွမ်းကျွေးဖိတ်ကြားလွှာ

ဆုတောင်းပြည့်ဆရာတော်၏မိခင်ကြီး ဒေါ်သိန်းရွှေ

အသက်(၁၀၁)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်နေ မိခင်ကြီး ဒေါ်သိန်းရွှေသည်(၁၃၇၅ခုနှစ် ကဆုန်လဆန်း ၃ရက်) ၂၀၁၃ခုနှစ်၊ မေ ၁၂ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်ပြီး ၁၄-၅-၂၀၁၃ရက် (အင်္ဂါနေ့)တွင် အာကျိုတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ (၁၃၇၅ခုနှစ် နယုန်လဆန်း ၄ရက်) ဇွန် ၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သူမိခင်ကြီး ဒေါ်သိန်းရွှေအားရည်စူး၍ သံဃာတော် ၁၀၁ပါးနှင့် ဧည့်ပရိသတ်များအား ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်တွင် နေ့ဆွမ်းကျွေးဒါန ပြုလုပ်မည်ဖြစ်ပါ၍ မိခင်ကြီးကွယ်လွန်ခြင်း တစ်လပြည့်အလှူသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆုတောင်းပြည့်ဆရာတော်နှင့် မိသားစုများ၊ စစ်တွေမြို့

ဦးအုန်းကြိုင်(တွံတေး) နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် ၂၈ (ပထမထပ်)နေ (ဦးမောင်ဝန်-ဒေါ်အေးမေ)တို့၏သား၊ ဒေါ်တင်နု၏ခင်ပွန်း၊ (ဦးခင်သက်-ဒေါ်ကြင်)၊ ဦးငွေစော-ဒေါ်စိန်၊ (ဦးမောင်ရွှေ-ဒေါ်ခင်မြိုင်)တို့၏အစ်ကိုကြီး၊ (ဦးသန်းလွင်၊ ကထိက)-ဒေါ်စန်းစန်းရီ(ကထိက၊ ငြိမ်း)၊ ဦးမောင်မောင်ကြိုင်(လ/ထညွှန်မှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ဝင်းကြည်၊ ဦးညီညီကြိုင်(ခေတ္တ-ဩစတြေးလျ)-ဒေါ်တင်မာလာ၊ ဒေါ်ခင်မာကြိုင်(British Council)၊ ဒေါက်တာယုကြိုင်(တိ-ကု)-ဒေါ်စောမာလာတို့၏ဖခင်၊ မနှင်းအေးလွင်(ခေတ္တ-စင်ကာပူ)၊ မငြိမ်းအေးလွင်၊ ဦးရဲလင်းကြိုင်(M.T.C မုံရွာ)-ဒေါ်မေသစ္စာသိန်း၊ မအိမွန်ကြိုင်(ခေတ္တ-ဩစတြေးလျ)၊ မဖြူမွန်ကြိုင်(ခေတ္တ-ဩစတြေးလျ)၊ မဆုမွန်ကြိုင်၊ မောင်ကြိုင်သီဟ(ခေတ္တ-စင်ကာပူ)၊ မအေးသီရိမွန်ကြိုင်(အထက-၂၊ စမ်းချောင်း)တို့၏အဘိုးသည် ၈-၆-၂၀၁၃ရက်(စနေနေ့) ညနေ ၅း၁၀နာရီတွင် အာရုတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးသိန်းလွင် (ပခုက္ကူ)

ဗဟိုနိုင်ငံရေးတက္ကသိုလ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

အသက်(၈၂)နှစ်

ပခုက္ကူမြို့၊ ပေါင်းလောင်းရှင်ရပ်နေ(ဦးမြင့်-ဒေါ်ဖွားရွှေ)၊ချောက်မြို့၊ ကွက်သစ်ရပ်နေ (ဦးခင်မောင်ဖြူ)-ဒေါ်သန်းရီတို့၏သားကြီး၊ ရန်ကုန်မြို့၊ (၄၂-B)၊ ရွှေဟသာလမ်း၊ ခြောက်မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်သန်းသန်းမြင့်(အလယ်တန်းပြ၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးသန်းငွေး-ဒေါ်တင်ဆွေ)၊ (ဦးကျော်ခင်)-ဒေါ်ညိုညိုမြင့်၊ ဦးပေါ်သိုက်ထွန်း -ဒေါ်ခင်ရီမြင့်၊ ဦးမျိုးမြင့်-ဒေါ်ခင်မေအောင်၊ ဦးမြင့်ဆွေ-ဒေါ်ရီရီမြင့်၊ ဦးစိုးမြင့်-ဒေါ်မူမူမြင့်တို့၏အစ်ကိုကြီး၊ ဦးကျော်ကျော်(ရန်ကုန်တိုင်းမ်၊ သတင်းစာတိုက်)-ဒေါ်မြင့်မြင့်လွင်(အလယ်တန်းပြ)၊ ဒေါ်သန်းသန်းလွင်(စက်မှုဝန်ကြီးဌာန)၊ ဒေါက်တာဦးဥက္ကာမြ (ဗန်းမော်တက္ကသိုလ်)-ဒေါက်တာဒေါ်ချိုချိုလွင် (ကျိုင်းတုံတက္ကသိုလ်)၊ ဦးတင်မောင်လွင် (ဝေဘာဂီအထူးကုဆေးရုံ)-ဒေါ်ဝါဝါကျော်(ရန်ကုန်တက္ကသိုလ်)၊ ဦးဇော်မိုး-ဒေါ်သီတာလွင်(အထည်ချုပ်လုပ်ငန်း)တို့၏ဖခင်၊ မဝေဝေမွန်(မြဝတီဘဏ်)၊ မောင်သိန်းသန်းကျော်(PIC၊ မန်းသံပရာကန်)-မဆွေဆွေမွန်(PIC၊ မန်းသံပရာကန်)၊ မရည်မွန်ကျော်(မြင့်တက်ဆောက်လုပ်ရေးကုမ္ပဏီ)၊ မောင်ဝင်းထွဋ်ကောင်း၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၁-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစံငြိမ်း

(မိုးကောင်းအသင်းဝင်)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဣန္ဒာ ၁၀လမ်း၊ အမှတ် ခ/၉၁၅နေ ဒေါ်မုန်း၏ခင်ပွန်း၊ ကိုငြိမ်းဝင်း-မငွေးငွေးဦး၊ ကိုရဲအောင်-မရီရီဝင်း၊ (မောင်ဆန်းထွန်းဝင်း)၊ မောင်ငြိမ်းလင်း၊ ကိုပွေးကံအွန်း-မသန်းဆင့်ဝင်းတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၉-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ငွေးခင် (လေးမျက်နှာမြို့)

ဆုတခွန်းတိုက်၊ယုန်စန္ဒာဆေးလိပ်ခုံ

အသက်(၈၀)

လေးမျက်နှာမြို့နေ(ဦးဘိုးစို-ဒေါ်စိန်မြ)တို့၏သမီး၊ (ဒေါ်လေးရီ)၊ (ဦးစိန်ဝင်း-ဒေါ်ငွေးကြည်)တို့၏ညီမ၊ ဒေါ်ငွေးရင်၊ဦးဘငွေး-ဒေါ်ထွေးယဉ်တို့၏အစ်မ၊ အမှတ် ၃၁/၃၃၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ညွန့်ညွန့်ဦး၊ ဦးတင်စိုး-ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ချိုချိုလွင်၊ ဦးသန်းနိုင်-ဒေါ်တင်မူအေး၊ ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်ဆွေဆွေမာတို့၏အဒေါ်၊ မောင်ရန်မျိုးနိုင်၊မောင်ထက်ဦးသန့်၊ မောင်သူရနိုင်၊ မရွှန်းလဲ့ဦးတို့၏အဘွားသည် ၁၁-၆-၂၀၁၃ရက် (အင်္ဂါနေ့)တွင် အာရုတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်ဆွေ(ခ)ဦးဟုတ်ရွှေ

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈လမ်း၊ အမှတ် ၁၂၈နေ (ဦးထော်စိန်-လင်အေးယာ)တို့၏သားကြီး၊ ဒေါ်စောရီ၏ခင်ပွန်း၊ ဦးချစ်မြတ်၊ ဒေါ်သင်းသင်းနွယ်၊ ဦးခင်ဇော်-ဒေါ်ချိုချိုမြင့်၊ ဒေါက်တာသက်ရွှေ-ဒေါက်တာသီသီမြင့်၊ဦးအောင်ခိုင်-ဒေါ်သင်းသင်း၊ ဒေါ်စမ်းစမ်းဝေ၊ ဦးထွန်းလင်းအောင် - ဒေါ်လီလီဝင်း၊ ဦးထွန်းထွန်းအောင်-ဒေါက်တာချိုယဉ်ယဉ်တို့၏ဖခင်၊မြေး၁၉ယောက်၊မြစ်ကိုးယောက်တို့၏အဘိုးသည် ၁၁-၆-၂၀၁၃ရက် နံနက် ၆း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးမိုက်ကယ်မြအောင်

(တပ်မတော်-လေ) (ငြိမ်း)

(DSA-10)

အသက်(၆၈)နှစ်

အမှတ် ၄၁၂၊ဗိုလ်ရာညွန့်လမ်း၊ ၂(ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်အေးအေးမာ (စိစစ်/တိုး၊ ငြိမ်း)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမြအောင်(ရေငြိမ်း)-ဒေါ်ခင်ဦးမြင့်တို့၏သား၊ (ဒေါ်မြမြဦး)-ဒုတိယဗိုလ်မှူးကြီးခင်မောင်မောင် (ရေငြိမ်း)၊ ဒေါ်မြစန္ဒာ၊ ဦးမြသိန်းအောင်-ဒေါက်တာဇင်ထွေးစီ၊ ဒေါ်မြသီတာ (ဦးတင်မောင်ဦး)၊ ဒေါ်မြမာလာ-ဒုတိယဗိုလ်မှူးကြီး အောင်ကျော်လှိုင် (လေ၊ ငြိမ်း)တို့၏အစ်ကို၊ မစုမေအောင် Hillary Ho(ဟောင်ကောင်)၊ မခင်တာနီအောင်-Gideon Thein တို့၏ဖခင်၊ Jo Tham, Bennette Ho တို့၏အဘိုးသည် ၁၁-၆-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးတင်ရွှေ (မြိတ်)

ယစ်မျိုးမှူး(ငြိမ်း)

အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၁၅လမ်း၊ အမှတ် ၄၅၀နေ (ဦးစက်ဆူး-ဒေါ်ကြင်ဟုန်)တို့၏သား၊ (ဦးဝင်း-ဒေါ်မိမိမြ)တို့၏သားသမက်၊ (ဒေါ်ခင်နန်းနိုင်)၏ခင်ပွန်း၊ ဦးအေးကျော်(လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရေသန့်၊ အိုးအိမ်)၊ ဒေါ်ငွေးငွေးအောင် (လ/ထ မန်နေဂျာ၊ MFTB)၊ ဦးအေးအောင် (ပါမောက္ခ၊ ငြိမ်း)တို့၏ဖခင်သည် ၁၁-၆-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်မောင်

ဒုညွှန်ကြားရေးမှူး(ငြိမ်း)

အမှတ်(၁)စက်မှုဝန်ကြီးဌာန

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်း

လုပ်ငန်းကော်ပိုရေးရှင်း

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ ၃၄(စီ)နေ (ဦးလှတင် - ဒေါ်ခင်မလေး)တို့၏သား၊ ဒေါ်တင်မမ၊ ဒေါက်တာဒေါ်တင်ကြည်ကြည်၊တို့၏မောင်၊ ဗိုလ်မှူးဒေါ်ခင်မေတင်၊ ဦးတင်မောင်ဦး၊ဒေါ်တင်တင်အုန်းတို့၏အစ်ကိုသည် ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်တင်အောင် (ထားဝယ်)

အသက်(၈၂)နှစ်

ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်၊ ရေးလမ်းနေ (ဦးသာထူး - ဒေါ်ငြိမ်းအောင်)တို့၏သမီး၊ ထားဝယ်မြို့၊ကမြောကင်းရပ်၊ မောင်းမကန်လမ်းနေ (ဦးကြဲ-ဒေါ်မြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ၁၅၃လမ်း၊ အမှတ် ၄၀နေ (ဦးတိုးစိန်)၏ဇနီး၊ ဦးလှကျော်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ခင်ညိုညို၊ ဦးမောင်မောင်သွင်-ဒေါ်မိမိဆိုင်၊ ဦးဝင်းဇော်-ဒေါ်ခင်မမ၊ ဒေါ်သက်သက်မာတို့၏မိခင်၊ မောင်ဥက္ကာမင်း၊ မနှင်းဦးဝေ၊ မောင်ဉာဏ်လင်းထက်၊ မဇာဇာလွင်ထက်၊ မဖူးပြည့်ဝင်းဇော်တို့၏အဘွားသည်၁၀-၆-၂၀၁၃ရက်(တနင်္လာနေ့)ည၉း၄၅နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာအေးနန္ဒာကျော်

(နယ်စည်းမထားဆရာဝန်များအဖွဲ့)

အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊ သဇင်လမ်း၊အမှတ် ၁၄/ခ၊ (ပထမထပ်)နေ ဒေါက်တာအေးကျော်(ခေတ္တ-ဩစတြေးလျ) - ဒေါ်အေးအေးသိန်းတို့၏ တစ်ဦးတည်းသောသမီး၊ [ဦးဖေကြိုင် (ပဲရှော့ရပ်ရှင်)-ဒေါ်မြမြ (ပြည်ကျော်ရပ်ရှင်)]တို့၏မြေး၊ (ဗိုလ်မှူးမောင်မောင်မြင့်)-ဒေါ်ခင်ခင်ချို၊ (ဦးစိုးနိုင်)-ဒေါ်ထားထား၊ ရွက်ဝါဦးမောင်မောင်-ဒေါက်တာရီရီ၊ (ဦးမြင့်ဇော်)-ဒေါ်မြင့်မြင့်ရည်၊ ဦးလှမော် (တောင်သာ)-ဒေါ်သက်သက်အေး၊ (ဦးမျိုးသန့်)-ဒေါ်ပြုံးပြုံးကြိုင်၊ (ဦးပြည်ကျော်)၊ ဦးမြတ်ဝေအောင် - ဒေါ်ဆင့်ဆင့်ကြိုင်တို့၏တူမသည် ၁၁-၆-၂၀၁၃ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊

ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သီရိမင်္ဂလာကျောင်းဆရာတော်

ဘဒ္ဒန္တသီဟ

သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဟောင်း၊ ဘဒ္ဒန္တစန္ဒာသူရိယနှင့် သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၁)ရပ်ကွက်၊ မှန်ကင်းဘုန်းတော်ကြီးသင်ပညာရေး(ပရဟိတ) အလယ်တန်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒတို့၏နောင်တော်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရပ်ကွက်သံဃနာယကအဖွဲ့၏ဥက္ကဋ္ဌဖြစ်တော်မူသော သီရိမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တသီဟ ဆရာတော်ကြီးသည် (၁၃၇၅ခုနှစ် နယုန်လဆန်း ၂ရက်) ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့) ည ၇း၁၅နာရီတွင် အာရုတော်ဝင်အထူးကုဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၄-၆-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

၁၆-၆-၂၀၁၃ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၈ရက်)တွင် ဆရာတော်ကြီးအားရည်မှန်း၍ ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ

ရန်ကုန်၊ သုဝဏ္ဏဘူမိ ခေမာရာမနှင့်

သထုံခေမာရာမ သီလရှင်စာသင်တိုက်တို့၏ပဓာနနာယကဆရာကြီး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကုသလစာရီ

သာသနဇောတိပါလ ဓမ္မာစရိယ၊ သာသနဟိတကာရီ

ဓမ္မာစရိယ(အာဒိကမ္မိက) သဒ္ဓမ္မဟိတ ဓမ္မာစရိယ သာသနဓဇ ဓမ္မာစရိယ၊

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သီလရှင်ဥက္ကဋ္ဌ

သက်တော်(၆၈)နှစ်၊ သိက္ခာတော်ဝါ(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ စိန္တကျော်သူဦးသြလမ်းရှိ ရန်ကုန်သုဝဏ္ဏဘူမိခေမာရာမနှင့် သထုံခေမာရာမ သီလရှင်စာသင်တိုက်တို့၏ ပဓာနနာယကဆရာကြီး ဒေါ်ကုသလစာရီသည် (၁၃၇၅ခုနှစ် နယုန်လဆန်း ၂ရက်) ၁၀-၆-၂၀၁၃ရက်(တနင်္လာနေ့)ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၃၇၅ခုနှစ် နယုန်လဆန်း ၄ရက်) ၁၂-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇော်ကျင်းပမည်ဖြစ်ပါသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (ရန်ကုန်သုဝဏ္ဏဘူမိခေမာရာမ စာသင်တိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

တပည့်များနှင့်ဒါယကာ၊ဒါယိကာမများ

ဦးမောင်ရွှေ(ဒုလ) CDC-4734 (Chief Engineer- F.G)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊လက်ဝဲမင်းဒင်လမ်း၊တိုက်အမှတ် ၈၆၃၊ အခန်း ၂၁နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ရေကန်၊ တံတားဒါယကာကြီး (ဦးမောင်တင်-ဒေါ်ဘိုမ)တို့၏သား၊ (ဦးသာနု-ဒေါ်ရှုထွေး)တို့၏သားသမက်၊ (ဒေါ်အမာ)၊ (ဦးညွန့်တင်)-ဒေါ်မိုးစိန်၊ (ဦးအောင်ခင်-ဒေါ်အေးကြိုင်)၊ (ဦးမောင်ဦး-ဒေါ်အေးသီ)၊ ဦးဝင်းကြည်-(ဒေါ်ချစ်ချစ်ဝင်း)တို့၏ညီ/မောင်၊ ဒေါ်ခင်ချော၏အစ်ကို၊ (ကိုနိုင်ဝင်း)၊ ကိုခင်မောင်ဇော်- မသင်းသင်းစိုး(Golden Land စားသောက်ဆိုင်၊ ယင်းမာပင်)၊ ကိုစိုင်းအိုက်မင်း-မချိုမာအောင်(New Super Industrial Ltd.)၊ ကိုမျိုးလွင်-မခင်သီတာစိုး(အောင်ချမ်းသာ ပလတ်စတစ်)တို့၏ဖခင်၊ မမြတ်သီရိဇော်၊ မောင်ပြည့်ဖြိုးအောင်၊ မောင်အောင်သူရထက်၊ မဆုဝေဇင်ထက်တို့၏အဘိုး၊ ဒေါ်နုနုထွေး၏ခင်ပွန်းသည် ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့) ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးသိန်းဆွေ (ငြိမ်း)

(ကြည်း-၁၅၁၉၇) DSA စစ်တက္ကသိုလ်အပတ်စဉ်(၂၁)

ညွှန်ကြားရေးမှူး၊မန္တလေးတိုင်းဒေသကြီးစက်မှုကြီးကြပ်(ငြိမ်း)၊စက်မှု(၁)

အသက်(၅၆)နှစ်

မန္တလေးမြို့၊နန်းတော်ရှေ့၊မင်္ဂလာဥယျာဉ်ရပ်၊အကွက် ၄၈/၄၉နေ(ဦးသောင်းမြင့်-ဒေါ်မြင့်ကြည်)တို့၏သား၊ ညောင်လေးပင်မြို့နေ ဦးတင်အုန်း-ဒေါ်တင်မြိုင်တို့၏သားသမက်၊ ပါမောက္ခဒေါက်တာအောင်မြင့်(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ဒေါက်တာဒေါ်ခင်ဝင်း၊ ဦးတင်မောင်မြင့်-ဒေါ်ကြည်အေးတို့၏ညီ၊ ဦးသန်းမြင့်ဦး(ဟိုတယ်မန်နေဂျာ)-ဒေါ်ဝါဝါခင် (အထက-၁၁)၊ ဦးမျိုးထွန်း-ဒေါ်ထားထားမြင့်(မြဝတီဘဏ်၊ မန္တလေး)၊ ဦးသိန်းထွန်းဇော်(မြို့နယ်ဦးစီးမှူး၊မြေစာရင်းဦးစီးဌာန၊မိတ္ထီလာမြို့နယ်)တို့၏အစ်ကို၊ မန္တလေးမြို့၊ နန်းတော်ရှေ့၊ အကွက်(၄၆)၊ ရန်ကင်းလမ်းနေ ဗိုလ်ကြီးသီသီဝင်း၏ခင်ပွန်း၊ မသော်သော်ထက်(ME IT)၊မောင်စိုးထက်အောင်(နည်းပညာတက္ကသိုလ်၊ရတနာပုံဆိုက်ဘာစီးတီး)တို့၏ဖခင်သည် ၁၁-၆-၂၀၁၃ရက် ညနေ ၃း၀၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးပွားမောင် (မုံရွာ)

အသက်(၆၃)နှစ်

မုံရွာ၊ ဘုရားကြီးရပ်၊ တရုတ်တန်းလမ်းနေ (ဦးစိန်-ဒေါ်ကြဲ)တို့၏သား၊ (ဦးမြို့-ဒေါ်ခင်မြို့)တို့၏ သားသမက်၊ ဒေါ်ထူးထူး၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးလင်းထွန်း - ဒေါ်ဇင်မင်းမောင်၊ ဒေါက်တာဇေယျာမောင်-ဒေါက်တာသင်းဝါဝါခင်၊ ဒေါက်တာချမ်းငြိမ်းမောင်တို့၏ဖခင်ကြီး၊ မယွန်းရွှေရည်လင်းထွန်း၊ မချိုသံဇဉ်မောင်၊ မမေဖူးဇေယျာတို့၏အဘိုးသည်၁၀-၆-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍၁၂-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် မုံရွာမြို့နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်မြင့်

အသက်(၆၅)နှစ်

လားရှိုးမြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်နှင်းရီ)တို့၏သား၊ ပခုက္ကူမြို့၊အမှတ်(၁)ရွှေချောင်းရပ်ကွက်နေ ဒေါ်အေးသိန်း၏ခင်ပွန်း၊ ဦးသန်းထွန်းအောင်-ဒေါ်အေးအေးခိုင်၊ ဦးသူရ-ဒေါ်စန္ဒာတို့၏ဖခင်၊ မောင်ကောင်းထက်ထွန်း၊ မောင်ကောင်းပြေထွန်း၊ (မလဝန်းနဒီ)၊ မောင်သတ္တိထွန်း၊ မရွှန်းအိန္ဒြေတို့၏အဘိုးသည် ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄း၁၀နာရီတွင် Green Cross အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ဗုဒ္ဓစွယ်တော်ပွားသုံးဆူ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကိန်းဝပ်စံပယ်တော်မူမည်

နေပြည်တော် ဇွန် ၁၁

မြန်မာနိုင်ငံတွင် အပူဇော်ခံရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လျှုဒါန်းသော ဗုဒ္ဓမြတ်စွယ်တော်ပွားသုံးဆူအနက် မန္တလေးမြို့တွင် အပူဇော်ခံမည့် စွယ်တော်တစ်ဆူသည် ဇွန်လ ၉ ရက် ည ၁၂ နာရီကျော်က မဟာမုနိဘုရားကြီးအတွင်းရောက်ရှိပြီး ဇွန်လ ၁၀ ရက် နံနက်ပိုင်းမှစတင်အပူဇော်ခံလျက်ရှိရာ လာရောက်ဖူးမြော်သူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါ စွယ်တော်ပွားကို ဇွန်လ ၂၉ ရက်အထိ မဟာမုနိဘုရားကြီးဝင်းအတွင်းရှိ မိုးကင်းမဏ္ဍာရုံတွင် အပူဇော်ခံမည်ဖြစ်ပြီး ဇွန်လ ၂၉ ရက်နေ့မှစတင်၍ မဟာမုနိဘုရားကြီးဝင်းအတွင်းရှိ အမှတ်(၁)ပြတိုက် (အိမ်ရှေ့မင်းပြတိုက်)သို့ ပြောင်းရွှေ့အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ဇွန်လ ၁၀ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓစွယ်တော်ပွားနှစ်ဆူနှင့် ရွှေကျောင်းဆောင်နှစ်ဆောင်အား မန္တလေးမြို့မှ နေပြည်တော်သို့ ဆက်လက်ပင့်ဆောင်လာကြရာ ညပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်သို့ရောက်ရှိပြီး ကြိုဆိုပူဇော်ခြင်း မင်္ဂလာအခမ်းအနားဖြင့် ဖူးမြော်ကြည်ညို ကြိုဆိုပူဇော်ကြသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများစုံညီစွာတက်ရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လျှုဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွားများနှင့် ရတနာရွှေကျောင်းဆောင်တို့အား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် တာဝန်ရှိသူများက မူဆယ်၊ လားရှိုး၊ မန္တလေးမြို့နှင့် *စာမျက်နှာ ၉ ကော်လံ ၅* ❐

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းညွန့်နှင့် ဦးဆန်းဆင့်တို့ နေပြည်တော်တွင် ထာဝရကိန်းဝပ်စံပယ်တော်မူမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြတ်ဗုဒ္ဓစွယ်တော်ပွားနှင့် ရတနာစီခြယ်ရွှေကျောင်းဆောင်အား ပင့်ဆောင်၍ ကြိုဆိုပူဇော်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော်တွင် အစဉ်ထာဝရကိန်းဝပ်စံပယ်တော်မူမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြတ်ဗုဒ္ဓစွယ်တော်ပွားနှင့် ရတနာစီခြယ်ရွှေကျောင်းဆောင်အား တွေ့ရစဉ်။ (သတင်းစဉ်)

လက်ရှိအချိန်သည် မြန်မာနိုင်ငံကို စီးပွားရေးအရဝင်ရောက်ရန် အကောင်းဆုံးဖြစ်

သတင်း စာမျက်နှာ ➢ ၇

ရွှေဘိုမြို့နယ်တွင် ပင်မစေတီတော်ကြီးပြုပြင်ရန် တူးဖော်ရာမှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များတွေ့ရှိ

နေပြည်တော် ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲ အမှတ်(၂) ရပ်ကွက်တွင် ဇွန် ၈ ရက်က ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၆၅ ဆူ တူးဖော်တွေ့ရှိကြောင်း သိရှိရသည်။

ရွှေနှုံးတိုးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဦးစန္ဒိမာဦးဆောင်သောအဖွဲ့သည် ဇွန် ၈ ရက် နံနက် ၁၀ နာရီတွင် ငလျင်ဒဏ်သင့် ရွှေနှုံးတိုး ပင်မစေတီတော်ကြီးအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် မြေအောက်လိုဏ်ကျဉ်းတူးဖော်စဉ် (၃×၃×၂) ပေအရွယ်ရှိ အရန်ဌာပနာတိုက်အတွင်းမှ မြေကြီးအတွင်းနစ်မြုပ်နေသည့် သံဖြင့်သွန်းလုပ်ထားပြီး ကြေးရည်လောင်းထားသော ဉာဏ်တော်သုံးလက်မခန့်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မင်းသူရိန်

ယနေ့ မြန်မာ့အလင်း မာတိကာ

